မြတ်ဗုဒ္ဓ၏အဆုံးအမတရား

မိမိထက် အသက်သိက္ခာဝါကြီးသောသူတို့ကို အမြဲအရိုအသေပြုလေ့ ရှိခိုးလေ့ရှိသောသူမှာ အသက်ရှည်ခြင်း၊ အဆင်းလှခြင်း၊ ချမ်းသာခြင်း၊ ခွန်အားကြီးခြင်းဟူသောအကျိုးထူးတရားလေးပါး တို့သည် တိုးပွားကုန်၏။ ဓမ္မပဒ


# မြဝတီ နေ့စဉ်

သတင်းထူး သတင်းဦး နေ့စဉ်ဖြန့်ချိ မြဝတီ


ဒို့တာဝန်အရေးသုံးပါး

♦ ပြည်ထောင်စုမပြိုကွဲရေး။
♦ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး။
♦ အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး။

www.myawady.net.mm
E-mail:mwddailynewspapergroup@gmail.com

အတွဲ(၁၄)၊ အမှတ်(၁၈၂)

၁၃၈၆ ခုနှစ်၊ သီတင်းကျွတ်လပြည့်နေ့
၂၀၂၄ ခုနှစ်၊ အောက်တိုဘာ ၁၇ ရက်၊ ကြာသပတေးနေ့

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ရှေ့လုပ်ငန်းစဉ်(၅)ရပ်

၁။ လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာကျင်းပနိုင်ရေး ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေးအပြည့်အဝရရှိလာအောင် အလေးထားဆောင်ရွက်သွားမည်။

၂။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့် အကျိုးဝင်သော စိုက်ပျိုးမွေးမြူရေးကိုအခြေခံသည့် ကုန်ထုတ်လုပ်ငန်းများအား မြှင့်တင်၍ နိုင်ငံ့စီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝမြင့်မားရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်။

၃။ နိုင်ငံတော်၏ပကတိအနေအထားဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ရရှိထားသည့် ပြည်တွင်းငြိမ်းချမ်းရေးရလဒ်များတည်ငြိမ်မှုရှိစေရေးအတွက် (NCA)ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထားလုပ်ဆောင်သွားမည်။

၄။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့်ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်သွားမည်။

၅။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏အခွင့်အရေးများ နစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျနမှန်ကန်မှုရှိသည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေးဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ပြီးစီးပါက လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကျင်းပ၍ ထွက်ပေါ်လာသည့်အစိုးရအား နိုင်ငံတော်တာဝန်လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့်ဇနီး ဒေါ်ကြူကြူလှ (၂၅)ကြိမ်မြောက် ငွေရတုအထိမ်းအမှတ် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ မဟာဇနကဇာတ်တော်ကြီးပြိုင်ပွဲသို့ တက်ရောက်ကြည့်ရှုအားပေး





နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့်ဇနီး ဒေါ်ကြူကြူလှ ၂၀၂၄ ခုနှစ်၊ (၂၅)ကြိမ်မြောက် ငွေရတုအထိမ်းအမှတ် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ၏ ဗုဒ္ဓဝင်ဆယ်ဘွဲ့လာ "မဟာဇနက" ဇာတ်တော်ကြီးပြိုင်ပွဲတွင် မွန်ပြည်နယ်ကိုယ်စားပြု "မင်းနိုင်စိုး"ဇာတ်တော်ကြီးအဖွဲ့၏ ယှဉ်ပြိုင်ကပြဖျော်ဖြေမှုကို ကြည့်ရှုအားပေးစဉ်။

**နေပြည်တော် အောက်တိုဘာ ၁၆**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့်ဇနီး ဒေါ်ကြူကြူလှ တို့သည် ယနေ့ညပိုင်းတွင် နေပြည်တော် စည်ပင်သာယာရေးကော်မတီ လဟာပြင်ဇာတ်ရုံ၌ကျင်းပလျက်ရှိသည့် ၂၀၂၄ ခုနှစ်၊ (၂၅)ကြိမ်မြောက် ငွေရတုအထိမ်းအမှတ် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ၏ ဗုဒ္ဓဝင်ဆယ်ဘွဲ့လာ "မဟာဇနက" ဇာတ်တော်ကြီးပြိုင်ပွဲသို့ တက်ရောက်ကြည့်ရှုအားပေးသည်။

အဆိုပါပြိုင်ပွဲသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် ဇနီးတို့နှင့်အတူ ကောင်စီဝင် ဗိုလ်ချုပ်ကြီးမောင်မောင်အေးနှင့်ဇနီး၊ ပြည်ထောင်စုဝန်ကြီးများနှင့် ဇနီးများ၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ ဒုတိယဝန်ကြီးများ၊ အကဲဖြတ်ဒိုင်အဖွဲ့ဝင်များ၊ ကြီးကြပ်အုပ်ချုပ်သူများ၊ နည်းပြများ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ ပြိုင်ပွဲဝင် တိုင်းရင်းသားညီအစ်ကိုမောင်နှမများ၊ နေပြည်တော်သို့ လေ့လာရေးခရီးရောက်ရှိနေသည့် ဗိုလ်လောင်းများ၊ **စာမျက်နှာ ၁၆ ကော်လံ ၁** ★



## အယ်ဒီတာ့အာဘော်

(၂၀၂၄ ခုနှစ်၊ အောက်တိုဘာ ၁၇ ရက်)

# မြတ်နိုးစဉ်လာရင်မှာချမ်းမြေ့ အဘိဓမ္မာအခါတော်နေ့

သီတင်းကျွတ်လဆိုသည်နှင့် **ဆီမီးရောင်ရှိန် ထိန်ဝါလင်း သီတင်းကျွတ်တော့မည်**ဆိုသောသီချင်းသံနှင့်အတူ ထိန်ထိန်လင်းအောင် ထွန်းညှိပူဇော်သည့် မီးထွန်းပွဲတော်ကို သတိရတတ်ကြပါသည်။ ဂေါတမမြတ်စွာဘုရားရှင်သည် ခုနစ်ဝါမြောက်တွင် တာဝတိံသာနတ်ပြည်သို့ကြွတော်မူ၍ မယ်တော်တော်စပ်ခဲ့ဖူးသော သန္တုသိတနတ်သားအမှူးပြုသည့် နတ်ဗြဟ္မာအပေါင်းအား ဝါတွင်းသုံးလပတ်လုံး အဘိဓမ္မာတရားဟောတော်မူပြီးနောက် သင်္ကဿနဂိုရ်ပြည်သို့ ဆင်းသက်တော်မူပါသည်။ သိကြားမင်းက ရွှေစောင်းတန်း၊ ငွေစောင်းတန်း၊ ပတ္တမြားစောင်းတန်းသုံးသွယ်ကို ဖန်ဆင်းပေးသည်။ ယင်းစောင်းတန်းသုံးသွယ်တို့၏အခြေသည် သင်္ကဿမြို့တံခါးတွင်တည်ကုန်သည်။ စောင်းတန်းဦးမှာ မြင်းမိုရ်တောင်ထိပ်၌တည်ပါသည်။

ဗုဒ္ဓမြတ်စွာဘုရားရှင်သည် တာဝတိံသာနတ်ပြည်မှ လူ့ပြည်သို့သက်ဆင်းမည့်အခါ မြင်းမိုရ်တောင်ထိပ်တွင် ရပ်တော်မူကာ ရေမီးအစုံစုံတန်ခိုးပြာဋိဟာပြတော်မူပြီး ပတ္တမြားစောင်းတန်းဖြင့်သက်ဆင်းတော်မူသည်။ နတ်အပေါင်းကလက်ယာဘက်ရွှေစောင်းတန်းဖြင့် လိုက်ပါသက်ဆင်းလာကြသည်။ ဗြဟ္မာကြီးများက လက်ဝဲဘက်ငွေစောင်းတန်းဖြင့် သက်ဆင်းလာကြသည်။ လူ့ပြည်သို့အရောက် စောင်းတန်းဦး၌ ဘုရားရှင်လက်ယာခြေတော်ကိုချမိလျှင် ဘုရားရှင်ကို တပည့်ကြီး ရှင်သာရိပုတ္တရာမထေရ်သည် ရှေးဦးစွာရှိခိုးပူဇော်သည်။ ထို့နောက်မှကျန်သောပရိသတ်တို့ မြတ်စွာဘုရားကိုရှိခိုးပူဇော်ကြသည်။

မြန်မာတို့သည် ဗုဒ္ဓမြတ်စွာဘုရားရှင်တာဝတိံသာမှ ဆင်းသက်တော်မူခဲ့သည်ကိုအကြောင်းပြု၍ ''တာဝတိံသာပွဲတော်''ဟုလည်းကောင်း၊ တာဝတိံသာနတ်ပြည်တည်ရှိရာ မြင်းမိုရ်တောင်ထိပ်မှ ဆင်းသက်တော်မူသည်ကိုအကြောင်းပြုပြီး ''မီးမြင်းမိုရ်'' ဟူ၍လည်းကောင်း အမျိုးမျိုးခေါ်ဝေါ်ကြသည်။ သီတင်းကျွတ်မီးထွန်းပွဲတော်သည် အနယ်နယ်အရပ်ရပ်တွင် လွန်စွာစည်ကားသောပွဲတော်တစ်ခုဖြစ်ခဲ့သည်။ သီတင်းကျွတ်လပြည့်နေ့တွင် ရဟန်းတော်များနှင့်သာဆိုင်သောပွဲတော်မှာ ပဝါရဏာပွဲတော်ဖြစ်သည်။ မိမိတို့ဝါဆိုကြသောကျောင်းတိုက်နှင့် သိမ်၌ပွဲတော်ကိုနှစ်စဉ်ကျင်းပမြဲဖြစ်သည်။

ပဝါရဏာဟူသောပါဠိမှာ''ဖိတ်ကြားခြင်း၊ တောင်းပန်တိုက်တွန်းခြင်း''ဟု အဓိပ္ပာယ်ရသည်။ ရဟန်းတော်အချင်းချင်း အပြန်အလှန်ဖိတ်ကြားသည်(ဝါ)တိုက်တွန်းတောင်းပန်သောပွဲဖြစ်သည်။ ရဟန်းတော်အချင်းချင်းအပြန်အလှန်ဖိတ်ကြားတိုက်တွန်းသောပွဲကို မြတ်စွာဘုရားသက်တော်ထင်ရှားရှိစဉ်ကပင်ရှိခဲ့သည်။ တစ်ပါးသောပုဂ္ဂိုလ်ပေါ်တွင်ဖြစ်စေ၊ မိမိအပေါ်တွင်ဖြစ်စေ တရားတော်နှင့်မလျော်ညီ၊ ဖီလာဖြစ်မှုများရှိခဲ့သော် အချင်းချင်းစုပေါင်းဝေဖန်ကြသောပွဲ၊ သုံးသပ်ကြသည့်ပွဲ၊ အမှားကိုပြုပြင်အမှန်ကိုဝန်ခံကြသောပွဲပင်ဖြစ်သည်။ ဗုဒ္ဓမြတ်စွာ၏ပဝါရဏာပွဲတော်သည် သူတစ်ပါးတို့၏ဝေဖန်ရေးကို အနူးအညွတ်ဖိတ်ခေါ်သောပွဲဖြစ်သည်။ သံဃာတော်အချင်းချင်း စည်းလုံးညီညွတ်ရေး၊ ပုဂ္ဂိုလ်သန့်စင်ရေးတရားများကို ရယူနိုင်ခဲ့ပြီး နှစ်ပေါင်း ၂၅၀၀ ကျော် တည်တံ့အောင် ထိန်းသိမ်းနိုင်ခဲ့သည်။

မြန်မာအဘိဓာန်တွင်ဖော်ပြထားသော ဆယ့်နှစ်ရာသီအရပ်၊ ပွဲ၊ ပန်း၊ နက္ခတ်ပြဇယားတွင် သီတင်းကျွတ်သည် ရာသီအားဖြင့်တူရာသီ၊ ရာသီရပ်မှာချိန်ခွင်ကိုင်ယောကျ်ား၊ ရာသီပွဲမှာ မီးမြင်းမိုရ်ပွဲ၊ ရာသီပန်းမှာကြာဖြစ်ပြီး စန်းယှဉ်နက္ခတ်မှာအသဝဏီဖြစ်သည်။ ပုဂံခေတ်က သီတင်းကျွတ်လကို **သန်တူလ** ဟူ၍ခေါ်သည်။ **သန်**သည် ''ကောက်၊ စပါး''၊ **တူ**သည် ''ထောင်မတ်သည်''ဟု အဓိပ္ပာယ်ရသည်။ ကောက်စပါးပင်များပေါက်ပွားထွက်ကာ ထောင်မတ်လာသောလဟုဆိုလိုပါသည်။ သီတင်းကျွတ်ဟူသောအသုံးကို လအမည်အဖြစ် အင်းဝခေတ်တွင်မှသုံးကြောင်း၊ သတင်းဟုရေးလေ့ရှိကြောင်းလည်းသိရှိရသည်။ ရဟန်းတော်များသီတင်းသီလဆောက်တည်ကျင့်သုံးသည့်ကာလ ကျွတ်လွတ်ပြီးမြောက်သည့်လဖြစ်၍ သီတင်းကျွတ်ဟုခေါ်ခြင်းဖြစ်သည်။

သီတင်းကျွတ်လျှင် သံဃာတော်များက ဘုရားရှင်အားဖူးမြော်ကန်တော့သည့်အစဉ်အလာတစ်ခုရှိသည်။ အရပ်တစ်ပါးပါးတွင် ဝါကပ်ဆိုကြရသည့်တိုင် သီတင်းကျွတ်လျှင် ဘုရားရှင်ရှေ့မှောက်သို့ အရောက်လာကာ ဘုရားရှင်အားဖူးမြော်ကန်တော့လေ့ရှိသည်။ ဗုဒ္ဓဘာသာဝင်မြန်မာတို့သည် ထိုဓလေ့ထုံးစံကို မျက်မှောက်ခေတ်အထိလိုက်နာကြပြီး သီတင်းကျွတ်သည့်အခါတိုင်း ရွာဦးကျောင်းဘုန်းတော်ကြီးအားလည်းကောင်း၊ နှစ်ဖက်မိဘဘိုးဘွားများအားလည်းကောင်း၊ ဆရာသမားများအားလည်းကောင်း၊ နှစ်ဖက်ဆွေမျိုးများထဲမှ သက်ကြီးဝါကြီးများအားလည်းကောင်း၊ ရပ်ကွက်မြို့ရွာများရှိသက်ကြီးရွယ်အိုများအားလည်းကောင်း မုန့်၊ မျက်နှာသုတ်ပဝါ၊ ဝတ်စုံစသောပစ္စည်းဝတ္ထုများဖြင့် အသီးသီးပူဇော်ကန်တော့လေ့ရှိသည်။

လောကအကြောင်းအနေဖြင့်ကြည့်လျှင် သက်ကြီးရွယ်အိုများထံမှ အဖိုးတန်သောဆုံးမစကားများကိုနာကြားရခြင်း၊ ပညာရှိသူတော်ကောင်းများ၏ချီးမွမ်းမှုကိုခံရခြင်း၊ လူချစ်လူခင်ပေါများခြင်း၊ ယဉ်ကျေးသူများဟုအသိအမှတ်ပြုခံရခြင်း စသောအကျိုးတရားများရရှိနိုင်သည်။ ဓမ္မကြောင်းရှုထောင့်မှကြည့်လျှင် ပူဇာစပူဇနေယျာန မင်္ဂလာ၊ ဒါန မင်္ဂလာ၊ ဂါရဝ မင်္ဂလာ၊ နိဝါတ မင်္ဂလာ၊ ကတညုတာ မင်္ဂလာ၊ သောဝစဿတာ မင်္ဂလာတရားတော်များဖြင့် အကျိုးထူးများကိုခံစားနိုင်ကြောင်းဘုရားရှင်ဟောကြားထားပါသည်။ သီတင်းကျွတ်အခါသမယသည် မြန်မာတို့အတွက် **မြတ်နိုးစဉ်လာရင်မှာချမ်းမြေ့ အဘိဓမ္မာအခါတော်နေ့**အဖြစ်သတ်မှတ်ကာ ကုသိုလ်ကောင်းမှုအစုစုပြုကြသည်ကိုကြည်နူးဝမ်းမြောက်စွာကြိုဆိုပါကြောင်း ရေးသားလိုက်ရပေသည်။ ။

# ပြည်သူ့စစ်မှုထမ်းဥပဒေပြဋ္ဌာန်းချက်ပါ ပြည်သူ့စစ်မှုထမ်းဆောင်ခြင်းတာဝန်မှ ရွှေ့ဆိုင်းခွင့်ရသူများ

**ရွှေ့ဆိုင်းခွင့်**

၁။ ပြည်သူ့စစ်မှုထမ်းဥပဒေပုဒ်မ၊ ၁၅(က)တွင် ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့သည် ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေး တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အဖွဲ့မှတင်ပြလာသော ဆင့်ခေါ်ခြင်းခံရသူများ၏ လျှောက်လွှာများကို စိစစ်ရာတွင် အောက်ပါအချက်များနှင့် အကျုံးဝင်သောပုဂ္ဂိုလ်များအား ပြည်သူ့စစ်မှုထမ်းဆောင်ရမည့်တာဝန်မှ ယာယီရွှေ့ဆိုင်းနိုင်သည်ဟု ပြဋ္ဌာန်းထားပါသည်-

- (က) ယာယီအားဖြင့် စစ်မှုထမ်းနိုင်မည့်ကျန်းမာရေးအဆင့်မမီကြောင်း သက်ဆိုင်ရာတပ်မတော်ဆေးစစ်ရေးဘုတ်အဖွဲ့၏ ထောက်ခံချက်ရရှိထားသူများ။
- ( ခ ) နိုင်ငံ့ဝန်ထမ်းများ။
- ( ဂ ) ပညာသင်ကြားနေသူများ။
- (ဃ) အခြားပြုစုစောင့်ရှောက်မည့်သူမရှိသော မိအိုဖအိုများကိုပြုစုလုပ်ကျွေးနေသူများ။
- ( င ) မူးယစ်ဆေးဝါးဖြတ်ရန်ဆေးကုသမှုခံယူနေသူများ။
- ( စ ) ထောင်ဒဏ်ကျခံနေသူများ။

၂။ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့က ပြည်သူ့စစ်မှုထမ်းဆောင်ရမည့်တာဝန်မှ ရွှေ့ဆိုင်းခွင့်ပြုသူများ

- (က) ဆင့်ခေါ်ရေးအမိန့်စာလက်ခံရရှိသည့်နေ့မှ သတ်မှတ်ထားသည့်နေ့ရက်အတိုင်း သတင်းပို့ခြင်းမပြုရသေးမီကာလအတွင်း မိဘတစ်ဦးဦးသော်လည်းကောင်း၊ အိမ်ထောင်သည်အမျိုးသားဖြစ်ပါက ဇနီးသော်လည်းကောင်း ရုတ်တရက်သေဆုံးသွားခြင်း။
- ( ခ ) ဆင့်ခေါ်ရေးအမိန့်စာလက်ခံရရှိသည့်နေ့မှ သတ်မှတ်ထားသည့်နေ့ရက်အတိုင်း သတင်းပို့ခြင်းမပြုရသေးမီကာလအတွင်း မတော်တဆဖြစ်ရပ်တစ်ခုခုကြောင့်ဖြစ်စေ၊ အခြားသူ၏ပယောဂတစ်ခုခုကြောင့်ဖြစ်စေ ကိုယ်လက်အင်္ဂါအစိတ်အပိုင်းတစ်ခုခု အပြင်းအထန်ဒဏ်ရာရရှိသူဖြစ်ခြင်း။
- ( ဂ ) ဥပဒေနှင့်အညီ ချုပ်နှောင်ခံနေရသူ၊ သို့မဟုတ် တရားရုံးတစ်ခုခုတွင် အမှုရင်ဆိုင်နေရသူဖြစ်ခြင်း။
- (ဃ) နိုင်ငံတော်၏လိုအပ်ချက်အရ ပညာရပ်များကို လေ့လာသင်ယူနေသူဖြစ်ခြင်း။
- ( င ) ပြည်သူ့စစ်မှုထမ်းရမည့်တာဝန်မှယာယီရွှေ့ဆိုင်းပေးရန်မဖြစ်မနေလိုအပ်နေသူဖြစ်ခြင်း။

# မြစိမ်းရောင်ကျေးရွာစီမံကိန်း ရန်ပုံငွေများထုတ်ချေး

နေပြည်တော် အောက်တိုဘာ ၁၆

နေပြည်တော်ကောင်စီနယ်မြေ လယ်ဝေးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ပျံ့ချီကျေးရွာရှိ ကျေးလက်နေပြည်သူများ အလုပ်အကိုင်အခွင့်အလမ်းနှင့် မိသားစုဝင်ငွေတိုးပွားလာစေရန်၊ တိုးပွားလာသောရန်ပုံငွေများဖြင့် ကျေးရွာတွင်းဖွံ့ဖြိုးရေးလုပ်ငန်းများကို အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန် စသည့်ရည်ရွယ်ချက်များဖြင့် မြစိမ်းရောင်ကျေးရွာစီမံကိန်းအရင်းမပျောက်လည်ပတ်ရန်ပုံငွေများ ပထမအကြိမ် ထုတ်ချေးပေးခြင်းကို အောက်တိုဘာလ ၁၆ ရက် နံနက်ပိုင်းတွင် အဆိုပါကျေးရွာ၌ ဆောင်ရွက်ကြောင်းသိရသည်။

ရှေးဦးစွာ မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနဦးစီးမှူး ဦးကျော်သူရက ပျံ့ချီကျေးရွာရှိ ရပ်မိရပ်ဖများ၊ မြစိမ်းရောင်ကျေးရွာစီမံကိန်း အသင်းသား၊ အသင်းသူများနှင့်တွေ့ဆုံကာ လည်ပတ်ရန်ပုံငွေများ ထုတ်ချေးရခြင်း၏ ရည်ရွယ်ချက်များနှင့် အကျိုးကျေးဇူးများကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ စီမံကိန်းတာဝန်ခံနှင့် ဝန်ထမ်းများက စီမံကိန်းအကြောင်းအရာများ၊ အတိုးနှုန်းနှင့်ကာလသတ်မှတ်ချက်များ၊ ချေးငွေထုတ်ချေးရာတွင်လိုက်နာရမည့် စည်းကမ်းသတ်မှတ်ချက်များကို ရှင်းလင်းပြောကြားပြီး မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနဦးစီးမှူးက မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များထံသို့ အရင်းမပျောက်လည်ပတ်ရန်ပုံငွေကျပ် ၂၉၄ သိန်းကို လွှဲပြောင်းပေးအပ်သည်။

ထို့နောက် မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနဦးစီးမှူးနှင့် မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များက ပျံ့ချီကျေးရွာရှိ စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူ၊ မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူနှင့် အရောင်းအဝယ်လုပ်ငန်းလုပ်ကိုင်သူ စုစုပေါင်းအသင်းသား၊ အသင်းသူ ၉၅ ဦးအား ပထမအကြိမ် အရင်းမပျောက် လည်ပတ်ရန်ပုံငွေကျပ် ၂၉၄ သိန်းကို တစ်ဦးချင်းလက်ဝယ်အရောက် အသီးသီးထုတ်ချေးပေးကြောင်း သိရသည်။

**မောင်ခိုင်**


မြဝတီ နေ့စဉ် The Myawady Daily

စာတည်းမှူးချုပ် - ဦးမျိုးဝင်းရှိန်
စာတည်းမှူး(မြန်မာ) - ဦးရာဇာအောင်
စာတည်းမှူး(အင်္ဂလိပ်) - ဦးရဲမင်းတင်
စာတည်း(ကျွမ်းကျင်)အင်္ဂလိပ် - ဦးတင်မောင်သန်း

စာတည်းအဖွဲ့(မြန်မာ) - ဦးနေမင်းဦး၊ ဦးထွန်းထွန်းနိုင်၊ ဒေါ်နီလာအောင်၊ ဒေါ်ဖြူဖြူမောင်
စာတည်းအဖွဲ့(အင်္ဂလိပ်) - ဦးထက်မြတ်၊ ဒေါ်သီရိမွန်
သတင်းအဖွဲ့(နေပြည်တော်) - ဦးဇော်မင်းပိုင်၊ ဒေါ်ခိုင်ဝါဝါကျော်
သတင်းအဖွဲ့(ရန်ကုန်) - ဦးစံမင်းသူ

**နေပြည်တော်**
စာတည်းအဖွဲ့ ၀၃၁-၇၃၉၉၈၊ ဖက်စ် ၀၃၁-၇၃၉၉၉/၀၃၂-၃၀၂၆၂၊
ဖြန့်ချိရေး/ကြော်ငြာ ၀၃၁-၇၄၀၀၆၊ ၀၃၁-၇၄၀၀၈၊
ဘုရင့်နောင်ရပ်ကွက်၊ ပုဗ္ဗသီရိမြို့နယ်၊ နေပြည်တော်။

**ရန်ကုန်(ရုံးခွဲ)**
စာတည်းအဖွဲ့ ၀၃၁-၇၄၀၂၁၊ ဖြန့်ချိရေး ၀၁၈-၄၀၀၆၉၇၊
ကြော်ငြာ ၀၃၁-၇၄၀၂၂၊ အမှတ်(၁၅)၊ မိုးကောင်းလမ်း၊ ရန်ကင်းမြို့နယ်၊ ရန်ကုန်မြို့။

**မန္တလေး(ရုံးခွဲ)**
တာဝန်ခံ ၀၉-၆၈၈၈၃၅၅၈၊ ၈၄ လမ်း၊
၂၉x၃၀ လမ်းကြား၊ ချမ်းအေးသာစံမြို့နယ်၊ မန္တလေးမြို့။

**ကျိုင်းတုံ(ရုံးခွဲ)**
တာဝန်ခံ ၀၉-၂၅၀၅၅၆၆၃၈၊ ၀၃၄-၇၃၆၀၁
လွိုင်မွေလမ်း၊ အမှတ်(၂)ရပ်ကွက်၊ ကျိုင်းတုံမြို့။

**ပုံနှိပ်ခြင်း/ထုတ်ဝေခြင်းအမှတ်** - ၀၀၃၇၈/၀၀၄၉၄
**စတင်ထုတ်ဝေသည့်ရက်** - ၂၀၁၁ ခုနှစ် ဧပြီလ ၁ ရက်
E-mail: mwddailynewspapergroup @ gmail.com
Website - www.myawady.net.mm

# လောကချမ်းသာအဘယလာဘမုနိရုပ်ပွားတော်မြတ်ကြီး(ကျောက်တော်ကြီးဘုရား)၌ (၂၉)ကြိမ်မြောက် နေ့ညအသံမစဲ အဘိဓမ္မာ(၇)ကျမ်းတော်မြတ်ရွတ်ဖတ်ပူဇော်ပွဲ အောင်ပွဲကျင်းပ



ရန်ကုန် အောက်တိုဘာ ၁၆

ရန်ကုန်တိုင်းဒေသကြီး အင်းစိန်ခရိုင် အင်းစိန်မြို့နယ် လောကချမ်းသာ အဘယလာဘမုနိရုပ်ပွားတော်မြတ်ကြီး (ကျောက်တော်ကြီးဘုရား)၌ (၂၉)ကြိမ်မြောက် နေ့ညအသံမစဲ အဘိဓမ္မာ(၇) ကျမ်းတော်မြတ်ရွတ်ဖတ်ပူဇော်ပွဲအောင်ပွဲကို အောက်တိုဘာလ ၁၆ ရက်တွင် မင်းဓမ္မကုန်းတော်ပေါ်ရှိ လောကချမ်းသာ အဘယလာဘမုနိရုပ်ပွားတော်မြတ်ကြီး (ကျောက်တော်ကြီးဘုရား) တည်ရှိရာ ဂန္ဓကုဋိတိုက်ကျောင်းတော်ကြီးအတွင်း ကျင်းပကြောင်း သိရသည်။

ရှေးဦးစွာ သံဃာတော်များနှင့် ဧည့်ပရိသတ်များက နမောတဿသုံးကြိမ်ရွတ်ဆို ဘုရားကန်တော့ကာ ဆရာတော်များထံမှ ဧည့်ပရိသတ်များက ကိုးပါးသီလ ခံယူတည်ဆောက်ကြပြီးနောက် မေတ္တာသုတ်ပရိတ်တရားတော်များ နာယူကြသည်။

ထို့နောက် သံဃာတော်များအား တာဝန်ရှိသူများနှင့် အလှူရှင်များက လှူဖွယ်ပစ္စည်းများနှင့် အလှူငွေများ ဆက်ကပ်လှူဒါန်းကြပြီး လှူဒါန်းမှုအစုစုတို့အတွက် အင်းစိန်မြို့နယ် အောင်ဆန်းတောရတပ်ဦးကျောင်း မဟာကမ္မဋ္ဌာနာစရိယ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ အဂ္ဂမဟာမင်္ဂလဓမ္မဇောတိကဓဇ ဝိဇ္ဇာကာသီ သိရီကမ္မဋ္ဌာနာစရိယ (သီရိလင်္ကာနိုင်ငံ) Ph.D (Social Science), Ph.D (Vipassan Bhvan) Thailand နိုင်ငံတော်သမ္မတ၏ နိုင်ငံ့စွမ်းဆောင်ရည်ဆုဘွဲ့တံဆိပ်တော်ရ ပြည်တွင်း၊ ပြည်ပကမ္ဘာ့ဗုဒ္ဓသာသနာပြု အောင်ဆန်းဆရာတော် ဒေါက်တာ ဘဒ္ဒန္တသဒ္ဓမ္မကိတ္တိသာရက ရေစက်ချအမျှပေးဝေပြီးနောက် လောကချမ်းသာ အဘယလာဘမုနိရုပ်ပွားတော်မြတ်ကြီး (ကျောက်တော်ကြီးဘုရား) အလှည့်ကျဂေါပကဥက္ကဋ္ဌက ကျေးဇူးတင်ဝမ်းမြောက်လွှာ လျှောက်ထားသည်။

ယင်းနောက် သံဃာတော်များအား လောကချမ်းသာအဘယလာဘမုနိရုပ်ပွားတော်မြတ်ကြီး(ကျောက်တော်ကြီးဘုရား) ဂေါပကအဖွဲ့ဝင်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများနှင့်အလှူရှင်များက နေ့ဆွမ်းဆက်ကပ်လှူဒါန်းကြသည်။

အဆိုပါ လောကချမ်းသာ အဘယလာဘမုနိရုပ်ပွားတော်မြတ်ကြီး(ကျောက်တော်ကြီးဘုရား)၏ (၂၉)ကြိမ်မြောက် နေ့ညအသံမစဲ အဘိဓမ္မာ(၇)ကျမ်းတော်မြတ်ရွတ်ဖတ်ပူဇော်ပွဲကို အောက်တိုဘာလ ၈ ရက်မှ ၁၆ ရက်အထိ ကျင်းပခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

**သိန်းဝင်း**

# မန္တလေးပဲနှမ်းဈေးကွက်တွင် မြေပဲဆန်နှင့် ရှမ်းပဲပုပ်များ အရောင်းအဝယ်သွက်ကာ ဈေးကောင်းရရှိ

မန္တလေး အောက်တိုဘာ ၁၆

မန္တလေးပဲ၊ နှမ်းဈေးကွက်တွင် သီတင်းကျွတ်အကြိုကာလမှစ၍ ယခုရက်ပိုင်းအတွင်း မြေပဲဆန်နှင့် ရှမ်းပဲပုပ်များ အရောင်းအဝယ်သွက်ကာ ဈေးကောင်းရရှိနေကြောင်း မန္တလေးမြို့ ပွဲစား၊ ကုန်သည်စက်ပိုင်များ မဟာကထိန်တော်အသင်း (မန္တလေးကုန်စည်ဒိုင်)မှ သိရသည်။

မြေပဲဆီစားသုံးမှုများပြားလာပြီး စက်ပိုင်များက ဆီထွက်များသော မြေပဲဆန်ကို ဦးစားပေးဝယ်ယူလာကြသောကြောင့် ဈေးကွက်အတွင်း မြေပဲဆန်အရောင်းသွက်နေခြင်းဖြစ်ပြီး လက်ရှိတွင် မန္တလေးကုန်စည်ဒိုင်သို့ ကျောက်ပန်းတောင်း၊ ပြည်၊ မကွေး၊ နွားထိုးကြီး စသည့်ဒေသတို့မှ မြေပဲဆန်များ ဝင်ရောက်နေကြောင်း၊ ထို့အတူ ပဲနို့၊ ပဲပြား၊ ပဲဖတ် စသည်ဖြင့် ထုတ်လုပ်ကြသော ရှမ်းပဲပုပ်လည်း လက်ရှိတွင် အရောင်းအဝယ်သွက်နေကြောင်း သိရသည်။

"လက်ရှိဈေးကွက်ထဲမှာ မြေပဲဆန်နဲ့ ရှမ်းပဲပုပ်တွေ အရောင်းအဝယ်သွက်နေတယ်။ မြေပဲဆန်က အဖြူဆန်ရော အနီဆန်ပါ နှစ်မျိုးစလုံး အရောင်းသွက်နေတာဖြစ်ပါတယ်။ စက်သမားတွေက အဖြူဆန်ကို အဓိကထားပြီးကြိတ်ပါတယ်။ ရှမ်းပဲပုပ်ကတော့ အခုစထွက်နေပါပြီ" ဟု မန္တလေးမြို့ ပွဲစား၊ ကုန်သည်စက်ပိုင်များ မဟာကထိန်တော်အသင်း(မန္တလေးကုန်စည်ဒိုင်) အသင်းဝင် ဦးအောင်ဆန်းဦးက ပြောသည်။

ရှမ်းပဲပုပ်ကို ပဲနို့၊ ပဲပြား၊ ပဲဖတ်စသည်ဖြင့်ထုတ်လုပ်ကြပြီး လက်ရှိဈေးကွက်အတွင်း ရှမ်းပဲပုပ် လက်ကျန်နည်းနေကြောင်း၊ ရှမ်းပဲပုပ်ကို မိုးမိတ်ဒေသအပြင် မိုးညှင်း၊ မိုးကောင်း၊ အင်းတော်ကြီး၊ ကျောက်မဲ၊ သီပေါနှင့် နမ့်လန် စသည့်ဒေသတို့မှလည်း စိုက်ပျိုးထွက်ရှိပြီး တစ်နှစ်လျှင်နှစ်ကြိမ် မန္တလေးဈေးကွက်သို့ ဝင်ရောက်လေ့ရှိကြောင်း သိရသည်။

ယခုအခါ ပြည်တွင်း၌ အလှူအတန်းများပြုလုပ်သောပွဲတော်ကာလသို့ ရောက်ရှိလာသောကြောင့် မန္တလေးပဲ၊ နှမ်းဈေးကွက်၌ သီတင်းကျွတ်ပွဲတော်ရက်နောက်ပိုင်းတွင်လည်း ပြည်တွင်းစားသုံးမှုများသော ပဲအမျိုးအစားများ အထိုက်အလျောက် ရောင်းအားတက်လာနိုင်ကြောင်း သိရသည်။

**ဆောင်းဦး**

# ယခုဘဏ္ဍာနှစ် ခြောက်လတာကာလအတွင်း ပြည်ပသို့ ရေထွက်ကုန်ငါးမက်ထရစ်တန် တစ်သိန်းခြောက်သောင်းကျော်တင်ပို့နိုင်

ရန်ကုန် အောက်တိုဘာ ၁၆

ပြည်ပသို့ ရေထွက်ကုန်ပစ္စည်းများ တင်ပို့လျက်ရှိရာ ယခုဘဏ္ဍာနှစ် ခြောက်လတာကာလအတွင်း ပြည်ပသို့ ရေထွက်ကုန်ငါးမက်ထရစ်တန် တစ်သိန်းခြောက်သောင်းကျော်တင်ပို့နိုင်ခဲ့ကြောင်း ငါးလုပ်ငန်းဦးစီးဌာနမှ တာဝန်ရှိသူတစ်ဦး၏ပြောကြားချက်အရ သိရသည်။

"ဒီဘဏ္ဍာနှစ် ၂၀၂၄ ခုနှစ် ဧပြီလ ၁ ရက်ကနေ စက်တင်ဘာလ ၃၀ ရက်အထိ ခြောက်လတာကာလအတွင်း ပြည်ပကို ငါးတင်ပို့မှုအနေနဲ့ မက်ထရစ်တန် ၁၆၁၀၃၅ ဒသမ ၁၄၂ တန်တင်ပို့နိုင်ပြီး အမေရိကန်ဒေါ်လာ ၁၇၆ ဒသမ ၃၀၂ သန်းရရှိခဲ့ပါတယ်" ဟု ၎င်းကပြောသည်။

ယခုဘဏ္ဍာနှစ် ဧပြီလ ၁ ရက်မှ စက်တင်ဘာလ ၃၀ ရက်အထိ ခြောက်လတာကာလအတွင်း ပုံမှန်ကုန်သွယ်မှုမှ ငါးမက်ထရစ်တန် ၈၂၅၅၈ ဒသမ ၃၅ တန်တင်ပို့ပြီး အမေရိကန်ဒေါ်လာ ၁၁၀ ဒသမ ၅၄၄ သန်းရရှိကာ နယ်စပ်ကုန်သွယ်မှုမှ ငါးမက်ထရစ်တန် ၇၈၄၇၆ ဒသမ ၇၉၂ တန်တင်ပို့ပြီး အမေရိကန်ဒေါ်လာ ၆၅ ဒသမ ၇၅၈ သန်းရရှိသည့်အတွက် ပြည်ပသို့ စုစုပေါင်းငါးမက်ထရစ်တန် ၁၆၁၀၃၅ ဒသမ ၁၄၂ တန်တင်ပို့ပြီး အမေရိကန်ဒေါ်လာ ၁၇၆ ဒသမ ၃၀၂ သန်း ရရှိကြောင်း သိရသည်။

ပြီးခဲ့သည့်ဘဏ္ဍာနှစ် ကာလတူက ပြည်ပသို့ ငါးမက်ထရစ်တန် ၁၁၃၆၃၄ ဒသမ ၉၆၇ တန်တင်ပို့ပြီး အမေရိကန်ဒေါ်လာ ၁၃၅ ဒသမ ၆၉၉ သန်းရရှိခဲ့သည်။

ထို့ကြောင့် ယခုဘဏ္ဍာနှစ် ခြောက်လတာကာလအတွင်း ပြည်ပသို့ငါးတင်ပို့မှုသည် ယခင်ဘဏ္ဍာနှစ်ကာလတူနှင့် နှိုင်းယှဉ်ပါက မက်ထရစ်တန် ၄၇၄၀၀ ဒသမ ၁၇၅ တန် ပိုမိုတင်ပို့နိုင်ပြီး အမေရိကန်ဒေါ်လာ ၄၀ ဒသမ ၆၀၃ သန်း ပိုမိုရရှိကြောင်း သိရသည်။

ပြည်တွင်းမှ ပုစွန်အပါအဝင် ငါး စသည့်ရေထွက်ကုန်များကို တရုတ်နိုင်ငံ၊ ထိုင်းနိုင်ငံ၊ ဘင်္ဂလားဒေ့ရှ်နိုင်ငံ၊ ဂျပန်နိုင်ငံစသည့် နိုင်ငံပေါင်း ၄၀ ကျော်သို့ တင်ပို့လျက်ရှိပြီး ရန်ကုန်မြို့မှတစ်ဆင့် ပုံမှန်တင်ပို့သည့်အပြင် နယ်စပ်ကုန်သွယ်မှုမှလည်း တိုက်ရိုက်တင်ပို့ကြောင်း သိရသည်။

**စောယု**



# မြစ်ကိုအလျားစုန်ကူးခဲ့သည်

ကျွန်းစဉ်မြေစောခက်



**ယမန်နေ့မှအဆက်**

မနက်လင်းအရုဏ် တောင်သံရေသံ၊ ကျေးငှက်သံတို့ ဟိုမှဒီမှ သံစဉ်မြမြကြားလာရချိန်တွင် ကျွန်တော်နိုးလာသည်။ ကျွန်တော် အိပ်ရာကထထိုင်လိုက်ချိန်တွင် အိမ်ရှင်နှင့်ကျွန်တော့်ကူးတို့သည် ဦးအောင်ထွန်းဇံတို့ မျက်နှာသစ်ပြီး အတူထိုင်နေကြတာတွေ့လိုက်ရသည်။ ကျွန်တော် မျက်နှာသစ်၊ ခြေလက်ဆေးကြောပြီး ဘုရားဆင်းတုတော်ရှေ့တွင် ဒူးတုပ်ထိုင်လျက် ဘုရားဝတ်ပြုကာ ငါးပါးသီလခံယူသည်။ အိမ်ရှင်က လက်ဖက်ရည်ဆိုင်မှာ လက်ဖက်ရည် တိုက်ဖို့ခေါ်သည်။ ကျွန်တော်က ရခိုင်မုန့်တီပဲစားချင်ကြောင်းပြောပြလိုက်ရာ မုန့်တီဆိုင်သို့ လိုက်ပို့ပြီး မုန့်တီကျွေးပါသည်။ ငါးဟင်းရည်ကောင်းသဖြင့် ကျွန်တော်မုန့်တီအရည်နှင့် ငါးခွက်တိတိသောက်ပစ်လိုက်သည်။ ကူးတို့သည် ဦးအောင်ထွန်းဇံလည်း ငါးခွက်တိတိသောက်သည်။ မုန့်တီတစ်ခွက်ကို ၁၀ ပြားပေးရပုံရသည်။ အိမ်ရှင်ဖြစ်သူ ကောင်စီအတွင်းရေးမှူးသည် ကျွန်တော်တို့နှစ်ယောက်သောက်သည့် မုန့်တီ ၁၀ ခွက်အတွက် ငွေတစ်ကျပ်ရှင်းပေးလိုက်သည်ကို တွေ့ရသည်။ အိမ်သို့ပြန်ရောက်ချိန်တွင် အတွင်းရေးမှူးကတော်က ဒီနေ့ခရီးဆက်သွားမည်ဆိုလျှင် ထမင်းစားသွားဖို့လိုမည်ဖြစ်သည့်အတွက် ထမင်းချက်ဖို့ပြောသည်။ ကျွန်တော်က မုန့်တီငါးခွက်ကြီးများတောင် သောက်လာပြီးဖြစ်၍ ထမင်းစားဖို့မလိုတော့ကြောင်းပြောပြီး ငြင်းဆန်လိုက်သည်။

"မလုပ်ပါနဲ့အဒေါ်၊ ကျွန်တော်တို့နှစ်ယောက်စလုံး မုန့်တီတွေ တစ်ယောက်ငါးခွက်ကြီးများတောင် သောက်လာကြပြီ၊ မလိုတော့ပါဘူး၊ ဗိုက်တင်းနေကြပါပြီ"

အိမ်ရှင်အတွင်းရေးမှူးသည် ကျွန်တော်တို့နှစ်ယောက်ကို လှေဆိပ်အထိလိုက်ပို့သည်။ လမ်းတွင် ငှက်ပျောသီးရောင်းနေသည်ကိုတွေ့၍ ရခိုင်ငှက်ပျောသီးမှည့်တစ်ဖီး ဝယ်လာခဲ့သည်။ လှေလှော်ရင်း ဗိုက်ဆာလျှင် အစာအိမ်ကိုဖြည့်ရန်ဖြစ်သည်။

ကျွန်တော်တို့နှစ်ယောက် ရည်မှန်းချက်သို့ မရောက်သေးသဖြင့် ရှေ့ခရီးဆက်ရပေဦးမည်။ ရှေ့မှာ ပန်းတိုင်ရှိသည်ဆိုသော လမ်းညွှန်ဆိုင်းဘုတ်က ကျွန်တော့်အား ကောင်းစွာညွှန်ပြလျက်ရှိနေ၏။ ကျွန်တော်သည် လှေကြိုးကိုဖြေပြီး လှေပေါ်တက်ကာ ကမ်းစပ်ကို လှော်တက်ရိုးဖြင့် ထိုးကန်လိုက်ရာ လှေဦးလည်ထွက်လာခဲ့သည်။ ဦးအောင်ထွန်းဇံသည် လှေလမ်းကြောင်းကိုတည့်မတ်ပြီး လှော်ပေးလိုက်ရာ ကျွန်တော်ကလည်း ဝင်ကူကာ ဖိလှော်ပေးလိုက်သည်။ လှေကလေးအပြေးမှာ ကျွန်တော် ကမ်းဘက်သို့လှည့်ပြီး လက်လှုပ်ပြလိုက်ရာ ရေကောင်းချိုင်ရွာသား ပြည်သူ့ကောင်စီအတွင်းရေးမှူးလည်း ကျွန်တော်တို့အား လက်ဝှေ့ယမ်းလှုပ်ပြနေသည်ကို တွေ့လိုက်ရသည်။ လှေလှော်လာကြရင်း ဦးအောင်ထွန်းဇံက ကျွန်တော်တို့တည်းခိုခဲ့ကြသော အိမ်ရှင်မှာ ဦးစောထွန်းဖြူဖြစ်ကြောင်း၊ ဦးအောင်ထွန်းဇံတို့နှင့်ဆို ငယ်ငယ်က ဘုန်းကြီးကျောင်းနေဖက်ဟု ပြောသည်။ သူတို့ခေတ်က ရေကောင်းချိုင်ရွာတွင် စာသင်ကျောင်းမရှိသေးဟု ပြောသည်။ ဦးအောင်ထွန်းဇံ လူပျိုအရွယ်ရောက်ချိန်တွင် အစ်မက သရက်တောင်ရွာသားနှင့် အိမ်ထောင်ကျခဲ့သည်။ တစ်နှစ်လောက်အကြာတွင် ဦးအောင်ထွန်းဇံပါ လိုက်ပါလာပြီး သရက်တောင်ရွာသူနှင့် အိမ်ထောင်ကျခဲ့သည်ဟု ပြောသည်။

ပဲ့ကိုင်ဦးအောင်ထွန်းဇံသည် ရွာပြင်တောင်မော်ကြီးအနီး စီးဆင်းနေသော ချောင်းရေပြင်ဘက်သို့ လှေဦးကို လှည့်ပေးလိုက်သည်။ နှစ်နာရီနီးနီး လှော်ခတ်ပြီးချိန်တွင် မညှင်းပွှန်ဆိုသော ချောင်းကျဉ်းကလေးသို့ရောက်လာခဲ့သည်။ ဤမညှင်းပွှန်သည် ကျွန်းစဉ်နယ်သားများ ရမ်းဗြဲ၊ တောင်ကုတ်မြို့များဘက်သို့ သွားလျှင် ဖြတ်ကျော်ရသော အတွင်းကြောင်းလမ်းပင်ဖြစ်သည်။

ကျွန်တော်တို့ နေ့လယ်လောက်တွင် မညှင်းပွှန်မှထွက်ပြီး ကျောက်ပဒေါင်းမြစ်(ရှူးမြစ်) သို့ ရောက်လာကြသည်။ ဒီရေတို့၏သဘာဝက ရေကျကုန်လို့ ရေစစ်သည်ဆိုလျှင်ပဲ ပင်လယ်ဒီရေ တက်လာတော့သည်။ ကျွန်တော်တို့သည် ရေတက်ဦးတွင် မြစ်ကိုဖြတ်ကူးလိုက်ကြသည်။ နေကလည်းပူပြင်း၊ ရေကလည်း ရေဆန်ဖြစ်နေပေရာ လှော်အားလျော့လာသလိုရှိလာကြသည်။ ကျွန်တော် ပင်လယ်ပြင်ထဲ ပိုက်ချများတန်းချလုပ်ခဲ့တုန်းကလို ခတ်တက်စင်တွင် ခတ်တက်ကိုတင်ပြီး ရှေ့တိုးနောက်လန်ဆွဲခတ်ရသောအလုပ်မျိုးမဟုတ်ပေ။ ခန္ဓာကိုယ်နှင့် လက်မောင်းအားကို တိုက်ရိုက်သုံးပြီး လူတစ်ကိုယ်လုံး နံ့လိမ်ပါအောင်လှော်ရသော လှေလှော်အလုပ်ပင်ဖြစ်သည်။ လှေက လေးလံလောက်ပဲ အရှည်ရှိ၍ အထက်ကျွန်းစဉ်သားတို့ဓလေ့အတိုင်း လှော်တက်နှင့်ပဲ လှော်ကြသည်။

မနေ့ကလည်း တစ်နေကုန်လှော်ထားကြပြီးပြီ။ ဒီနေ့တွင်လည်း နေ့တစ်ဝက်ကျော်လာပြီ၊ ခွန်အားစိုက်ကာ လှော်နေကြတုန်း။ ရေက နည်းနည်းဆန်သလိုဖြစ်နေတော့ တစ်ချီလှော်လို့ တစ်တောင်မရွေ့၊ နှစ်ချီလှော်လို့ တစ်တောင်မရွေ့ဆိုသလို ဖြစ်နေခဲ့ပေပြီ။

"ကဲ ... ကဲ ဆရာလေးရေ ရှေ့ကမြစ်ပေါက်က ကျားတေမြစ်ကြောင်းပဲ၊ ရောက်တော့မယ်၊ နည်းနည်းဖိလှော်လိုက်ကြရအောင်"

ကျွန်တော်တို့နှစ်ယောက်စလုံး ခပ်ကြမ်းကြမ်းဖိလှော်လိုက်ကြပြန်သည်။ ဟော ကျားတေမြစ်ကြောင်းအတွင်းသို့ ဝင်သွားပေပြီ။ ရေသင့်ဖြစ်သွား၍ လှေတော်တော်ပြေးအားကောင်းသွားသည်။ ညနေ ၄ နာရီလောက်တွင်တော့ ကျားခိုက်ရွာသို့ရောက်ခဲ့ကြလေသည်။ ကျားခိုက်ရွာရော ကျားတေရွာပါ တောင်ခြေအစပ် ဒီရေသစ်တောများကြားတွင် တည်ထားကြသောရွာများပင် ဖြစ်ကြသည်။ ဒီရေရောက်တောထွက် ထင်းနှင့်သစ်များကို ထုတ်လုပ်ရောင်းချကြသည်။

ဤကျားခိုက်ရွာတွင် ဦးအောင်ထွန်းဇံမှာရော ကျွန်တော့်မှာပါ အသိဟူ၍ မရှိကြပေ။ မြေစမ်းခရမ်းပျိုး ရောက်ရှိလာကြခြင်းပင် ဖြစ်ပေသည်။ ကျွန်တော်ပဲဦးဆောင်ပြီး ရွာထဲသို့ဝင်လိုက်သည်။ ရွာက အိမ်ခြေနည်းနည်းလေးပဲ၊ ၁၀၀ တောင် ပြည့်အံ့မထင်။ ချောင်းကမ်းစပ်မှာ တည်ထားသောရွာဖြစ်သည်။ ကျွန်တော်တို့နှစ်ယောက် လှေပေါ်မှတက်ပြီး နည်းနည်းလျှောက်လိုက်ကြတာနှင့် ချောင်းကမ်းစပ်မှာ မဒမထင်းတွေပုံထားသည့် အိမ်တစ်အိမ်ကို တွေ့သည်။ ယောကျ်ားကြီးတစ်ယောက် မဒမရိုးများကို တစ်ချောင်းချင်းရေပြီး ပုံနေပုံရသည်။

"ဦးရေ ကျွန်တော် ခဏဝင်ခဲ့ပါရစေနော်"

"ဝင်လာခဲ့လေ"

ကျွန်တော် သူ့ခြံဝင်းထဲသို့ဝင်သွားပြီး သူ့အနီးမှာ ရပ်လိုက်သည်။ ကျွန်တော့်နောက်က ဦးအောင်ထွန်းဇံပါ လိုက်ပါလာသည်။ သူ ကျွန်တော်တို့နှစ်ယောက်ကို စိုက်ကြည့်နေသည်။


"ဒီလိုပါဗျာ၊ ကျွန်တော်က မြေပုံမြို့နယ် သရက်တောင်ရွာကပါ၊ ဒီရွာမှာ ဖြူးထင်းများလုပ်ရင် ရနိုင်မလားလို့ လာခဲ့ကြတာပဲဗျ"

"လာ လာ လာ အဲလိုဆို လာပါ၊ အိမ်ပေါ်တက်ကြရအောင်"

ကျွန်တော်တို့နှစ်ယောက် သူ့နောက်ကလိုက်ပါပြီး အိမ်ပေါ်သို့ တက်လိုက်ကြသည်။ အိမ်ရှေ့ခန်းလေးမှာပဲ မြေရေအိုးကို အုန်းခွံရေမှုတ်လေးနှင့် တွေ့လိုက်ရသည်။ ကျွန်တော်နှင့် ဦးအောင်ထွန်းဇံတို့ ရေတစ်ယောက်နှစ်မှုတ်စီ ခပ်သောက်လိုက်ကြသည်။

**ဆက်လက်ဖော်ပြပါမည်။**

# မန္တလေးမြို့၌ ပြည်တွင်းဖြစ် မြေထည်ဆီမီးခွက်များ ပစ္စည်းပြတ်သည်အထိ ရောင်းအားကောင်းနေ



မန္တလေး အောက်တိုဘာ ၁၆

မန္တလေးမြို့၌ ပြည်တွင်းဖြစ် မြေထည်ဆီမီးခွက်များ ပစ္စည်းပြတ်သည်အထိ ရောင်းအားကောင်းနေကြောင်း မန္တလေးမြို့ရှိ မြေထည်ပစ္စည်းအရောင်းဆိုင်များမှ သိရသည်။

ယခုနှစ်တွင် သဘာဝမြေစေးဖြင့် ပြုလုပ်ထားသော ပြည်တွင်းဖြစ် မြေထည်ဆီမီးခွက်များသည် ဒီဇိုင်းပုံစံဆန်းသစ်လာခြင်း၊ အရောင်အသွေးလှပခြင်း၊ ဖယောင်းလောင်းထည့်ကာ အဆင်သင့်ပြုလုပ်ထားခြင်းနှင့် အွန်လိုင်းမှတစ်ဆင့် ကြော်ငြာခြင်းတို့ကြောင့် ယခင်နှစ်ကထက် ပိုမိုရောင်းအားကောင်းကာ တချို့ဆိုင်များ၌ ပစ္စည်းပြတ်သည်အထိ အရောင်းအဝယ်ကောင်းနေကြောင်း သိရသည်။

"သီတင်းကျွတ်မီးထွန်းပွဲတော်ရောက်လာတော့ မြေထည်ဆီမီးခွက်တွေ အရောင်းသွက်လာတယ်။ အမရပူရမြို့နယ် တပ်ကြီးရွာကထွက်တဲ့ မြေထည်ဆီမီးခွက်တွေက ပိုပြီးရောင်းရတယ်။ တစ်ခါဝယ်ပြီးရင် မကွဲမချင်းသုံးလို့ရတယ်။ ဒီနှစ်ဝယ်ပြီးရင် နောက်နှစ်အထိ ဆက်သုံးနိုင်တယ်။ အခုလို ရောင်းအားကောင်းလာတော့ မြေထည်ဆီမီးခွက်လုပ်တဲ့ဒေသခံတွေရော တစ်ဆင့်ဝယ်ရောင်းပြုလုပ်တဲ့သူတွေပါ အဆင်ပြေကြတယ်"ဟု မန္တလေးမြို့မှ မြေထည်ပစ္စည်းအရောင်းဆိုင်ရှင်တစ်ဦးကပြောသည်။

ရောင်းချမှုအားကောင်းသော မြေထည်ဆီမီးခွက်အမျိုးအစားများတွင် ကြာခွက်၊ ရိုးရိုးဆီမီးခွက်ပြား၊ ပန်းအိုးပုံဆီမီးခွက်နှင့် သပိတ်ပုံဆီမီးခွက် စသည်ဖြင့် ပုံစံမျိုးစုံပါဝင်ပြီး ဆီမီးခွက်တစ်မျိုးလျှင် အရောင်ခုနစ်မျိုးခန့်ဖြင့် ထုတ်လုပ်ရောင်းချကာ တချို့ဆီမီးခွက်များတွင် ဖယောင်းတစ်ပါတည်းထည့်ပေးထားကြောင်း သိရသည်။

အဆိုပါ မြေထည်ဆီမီးခွက်များကို မန္တလေးတိုင်းဒေသကြီးအတွင်းသာမက အနီးဝန်းကျင်ရှိမြို့များနှင့် တခြားဒေသများသို့လည်း တင်ပို့ရောင်းချနေပြီး မြေထည်ဆီမီးခွက်ဈေးနှုန်းများမှာ ဒီဇိုင်းနှင့် အရောင်အသွေးပေါ်မူတည်ကာ ဈေးနှုန်းကွာခြားမှုရှိကြောင်း သိရသည်။

**ဆောင်းဦး**

# လက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများ၏ အသုံးချမှုမခံရစေရေးနှင့် ဘေးကင်းလုံခြုံမှုရှိစေရေးတို့အတွက် သတိပြုကြရန်လိုအပ်

"လက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများအနေဖြင့် ၎င်းတို့အစမ္ပဝင်ရောက်နေထိုင်နေသည့်မြို့ရွာများ၌ တပ်မတော်၏တန်ပြန်ထိုးစစ်ဆင်မှုများကိုကာကွယ်ရန်အတွက် ပြည်သူတို့၏နေအိမ်အဆောက်အအုံများ၊ အရပ်ဘက်အုပ်ချုပ်မှုဆိုင်ရာအဆောက်အအုံများကိုအသုံးပြုခြင်း၊ အပြစ်မဲ့ပြည်သူလူထုကို လူသားတံတိုင်းအဖြစ်အသုံးပြုနိုင်ရေး ယာယီနေရပ်စွန့်ခွာနေရသူများကို ပြန်လည်နေထိုင်ရန်ဆွဲဆောင်စည်းရုံးခြင်း၊ အတင်းအဓမ္မလူသစ်စုဆောင်းခြင်းများကိုလုပ်ဆောင်လျက်ရှိကြောင်း၊ တပ်မတော်အနေဖြင့် နိုင်ငံတော်၏အချုပ်အခြာအာဏာကို မဖြစ်မနေကာကွယ်စောင့်ရှောက်သွားမည်ဖြစ်ပြီး အဆိုပါလက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများ၏ သတင်းရရှိမှုနှင့် အခြေအနေအရပ်ရပ်အပေါ်မူတည်၍ လိုအပ်သလိုတုံ့ပြန်ဆောင်ရွက်သွားမည်ဖြစ်သဖြင့်၎င်းတို့အစမ္ပဝင်ရောက်နေထိုင်လျက်ရှိသည့် မြို့ရွာများရှိပြည်သူများအနေဖြင့် ၎င်းတို့၏အသုံးချမှုမခံရစေရေးနှင့် ဘေးကင်းလုံခြုံမှုရှိစေရေးတို့အတွက် သတိပြုကြရန်လိုအပ်ကြောင်း။"

(၃-၉-၂၀၂၄ ရက်နေ့တွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ရှမ်းပြည်နယ်အစိုးရအဖွဲ့ဝင်များ၊ ပြည်နယ်နှင့်ခရိုင်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများအား ပြောကြားသည့် အမှာစကားမှကောက်နုတ်ချက်)

## ၂၀၂၄ ခုနှစ် ကမ္ဘာ့စားနပ်ရိက္ခာနေ့အထိမ်းအမှတ်အခမ်းအနားကျင်းပ




နေပြည်တော် အောက်တိုဘာ ၁၆

ကုလသမဂ္ဂအဖွဲ့ဝင်နိုင်ငံများ၌ နှစ်စဉ် အောက်တိုဘာလ ၁၆ ရက်တွင် ကျင်းပလျက်ရှိသည့် ကမ္ဘာ့စားနပ်ရိက္ခာနေ့ အထိမ်းအမှတ်အခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးရုံး စုဝေးဆောင်ခန်းမ၌ကျင်းပရာ ပြည်ထောင်စုဝန်ကြီး ဦးမင်းနောင်၊ ဦးလှမိုးနှင့် ဦးခင်မောင်ရီ၊ ဒုတိယဝန်ကြီးများ၊ အမြဲတမ်းအတွင်းဝန်များနှင့် ဦးစီးဌာနများ၊ တက္ကသိုလ်များမှ ဌာနအကြီးအကဲများ၊ အရာထမ်း၊ အမှုထမ်းများ တက်ရောက်ကြသည်။

အခမ်းအနားတွင် ပြည်ထောင်စုဝန်ကြီး ဦးမင်းနောင်က ကုလသမဂ္ဂစားနပ်ရိက္ခာနှင့် စိုက်ပျိုးရေးအဖွဲ့ FAO မှ ယခုနှစ် ထုတ်ပြန်ချက်များအရ ကမ္ဘာ့အစားအစာလိုအပ်ချက်၏ သုံးပုံတစ်ပုံကို လုပ်ကွက်ငယ်တောင်သူများက ထုတ်လုပ်လျက်ရှိပါကြောင်း၊ မြန်မာနိုင်ငံအနေဖြင့်နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီက တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာပေါများရေးစသည့်အမျိုးသားရေးလုပ်ငန်းစဉ်(၂)ရပ်ကို ချမှတ်ထားပြီး လယ်ယာကဏ္ဍ၏ထုတ်လုပ်မှုတိုးတက်မြင့်မားရေးကို အထူးအလေးထားဆောင်ရွက်လျက်ရှိကြောင်း၊ ပြည်သူများအတွက် အာဟာရပြည့်ဝပြီး ဘေးအန္တရာယ်ကင်းရှင်းသော စားရေရိက္ခာများ ထုတ်လုပ်နိုင်စေရန် လယ်ယာကဏ္ဍဆိုင်ရာမူဝါဒများ၊ စိုက်ပျိုးရေးဆိုင်ရာမဟာဗျူဟာ၊ နှစ်တိုနှစ်ရှည် စီမံကိန်းများချမှတ်၍ အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိကြောင်း။

သီးနှံမျိုးစုံ စိုက်ပျိုးနိုင်သည့်မြေရေိယာ ဟက်တာ ၁၂ သန်းခန့်ရှိသည့် မြန်မာနိုင်ငံတွင် စပါး၊ အစေ့ထုတ်ပြောင်း၊ ဆီထွက်သီးနှံများ၊ ပဲမျိုးစုံသီးနှံများ၊ စက်မှုကုန်ကြမ်းသီးနှံများ၊ စားဖိုဆောင်သီးနှံများ၊ သစ်သီးဝလံနှင့် ဟင်းသီးဟင်းရွက် အစရှိသည့် သီးနှံအမျိုးပေါင်း ၆၁ မျိုးခန့်ကို နှစ်စဉ်စိုက်ပျိုး ထုတ်လုပ်လျက်ရှိပါကြောင်း၊ ၂၀၂၃-၂၀၂၄ ခုနှစ်၌ စပါးသီးနှံ စိုက်ဧရိယာ ဟက်တာ ၇ ဒသမ ၁၈ သန်းကျော်တွင်အထွက် မက်ထရစ်တန် ၂၉ ဒသမ ၉၄ သန်းကျော်၊ ဆီထွက်သီးနှံများ စိုက်ဧရိယာ ဟက်တာ ၃ ဒသမ ၃၄ သန်းကျော်တွင် အထွက် မက်ထရစ်တန် ၃ ဒသမ ၂၃ သန်းကျော်နှင့် ပဲမျိုးစုံသီးနှံများ စိုက်ဧရိယာဟက်တာ ၂ ဒသမ ၇၆ သန်းကျော်တွင် အထွက် မက်ထရစ်တန် ၄ ဒသမ ၁၃ သန်းကျော် စိုက်ပျိုးထုတ်လုပ်နိုင်ခဲ့ပါကြောင်း၊ သား၊ ငါး မွေးမြူထုတ်လုပ်မှုအနေဖြင့် ၂၀၂၃-၂၀၂၄ ခုနှစ်တွင် အသား မက်ထရစ်တန် ၁ ဒသမ ၂၄ သန်း၊ နို့ မက်ထရစ်တန် ၂ ဒသမ ၁၉ သန်းနှင့်ဥအလုံးရေ သန်းပေါင်း ၄၀၁၂၄၆၉ ထုတ်လုပ်နိုင်ခဲ့ကြောင်း၊ အလားတူ ရေချိုရေငန်ဖမ်းဆီးထုတ်လုပ်မှုနှင့် မွေးမြူရေးလုပ်ငန်းများမှ စုစုပေါင်း ငါး၊ ပုစွန်ပိဿာ သန်း ၃၈၇၀ ကျော် ထုတ်လုပ်နိုင်ခဲ့သည့်အပြင် ငါးသယံဇာတ မပြုန်းတီးစေရေးအတွက် မြစ်ကြီးများ၊ သဘာဝမြစ်ချောင်းများအတွင်းသို့ ငါးမျိုးစိုက်ထည့်ခြင်းအား နှစ်စဉ်ဆောင်ရွက်လျက်ရှိရာ ၂၀၂၄ ခုနှစ်အတွင်း ငါး၊ ပုစွန်သားပေါက်ကောင်ရေ ၅၅၁ သိန်းကျော်အား မျိုးစိုက်ထည့်နိုင်ခဲ့ကြောင်း။

ဆက်လက်၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအစိုးရလက်ထက်တွင်သီးနှံစိုက်ပျိုးထုတ်လုပ်မှုတိုးတက်စေရေး၊ တောင်သူတစ်ဦးချင်း ဝင်ငွေတိုးတက်စေရေးအတွက် နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေ ၂၈၆ ဒသမ ၁ ဘီလီယံဖြင့် မိုးစပါး၊ နွေစပါး၊ ဆီထွက်သီးနှံများ စိုက်ပျိုးခြင်းအစီအစဉ်များကို အကောင်အထည်ဖော်ဆောင်ရွက်ပေးလျက်ရှိကြောင်း၊ ဆီထွက်သီးနှံကဏ္ဍဖွံ့ဖြိုးတိုးတက်စေရေးအတွက် မြေပဲ၊ နှမ်း၊ နေကြာသီးနှံများ တိုးချဲ့စိုက်ပျိုးရေးစီမံကိန်းများကိုလည်း ဆောင်ရွက်ပေးလျက်ရှိကြောင်း၊ ထို့ပြင် နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေ ၃၂ ဘီလီယံဖြင့် တိုင်းဒေသကြီး/ပြည်နယ်အသီးသီးတွင် အသားတိုးကြက်၊ ဥစားဘဲနှင့် အသားတိုးဝက် မွေးမြူရေးလုပ်ငန်းများကိုလည်း ဆောင်ရွက်လျက်ရှိပါကြောင်း၊ စိုက်ပျိုးရေရရှိရေးလုပ်ငန်းများကိုလည်း နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေ သုည ဒသမ ၆၀၄ ဘီလီယံဖြင့် အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိကြောင်း။

သို့ဖြစ်ပါ၍ ၂၀၂၄ ခုနှစ် ကမ္ဘာ့စားနပ်ရိက္ခာနေ့ အထိမ်းအမှတ်ဆောင်ပုဒ်ဖြစ်သော "ပိုမိုကောင်းမွန်သည့်ဘဝနှင့် အနာဂတ်ရရှိရေး လူသားတိုင်းစားရေရိက္ခာ ပြည့်မီအောင် ဖြည့်ဆည်းပေး" **(Right to Foods for a Better Life and a Better Future)** ဆောင်ပုဒ်နှင့်အညီ လူသားတိုင်း တစ်ဦးမကျန် လုံလောက်သော စားရေရိက္ခာရပိုင်ခွင့်၊ ပိုမိုကောင်းမွန်သော ထုတ်လုပ်မှုနှင့် အာဟာရ၊ ပိုမိုကောင်းမွန်သော လူမှုဘဝနှင့်ပတ်ဝန်းကျင်တို့ ရရှိစေရေးအတွက် စိုက်ပျိုးရေး စားရေရိက္ခာစနစ် အသွင်ကူးပြောင်းရန်၊ ရင်းနှီးမြှုပ်နှံမှုများနှင့် တီထွင်ဆန်းသစ်မှုများ မြှင့်တင်ရန်၊ စိုက်ပျိုးရေး စားရေရိက္ခာစနစ်တွင် ပါဝင်ပတ်သက်သူများအချင်းချင်း ကျယ်ကျယ်ပြန့်ပြန့် ပူးပေါင်း ဆောင်ရွက်သွားကြရန် တိုက်တွန်းကြောင်း ပြောကြားသည်။

ဆက်လက်၍ အီတလီနိုင်ငံ ရောမမြို့ရှိ FAO ဌာနချုပ်မှ ညွှန်ကြားရေးမှူးချုပ်၏ သတင်းဗီဒီယိုနှင့်စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၏ ၂၀၂၄ ခုနှစ် ကမ္ဘာ့စားနပ်ရိက္ခာနေ့ အထိမ်းအမှတ် အခမ်းအနားမှတ်တမ်းဗီဒီယိုကို သီးနှံ၊ သားငါးကဏ္ဍစိုက်ပျိုးထုတ်လုပ်နေမှုဓာတ်ပုံမှတ်တမ်းများနှင့်အတူ ပြသခဲ့ကြောင်း သိရသည်။ (၅၀၀)

## ရှမ်းပြည်နယ်အစိုးရအဖွဲ့ ပြည်နယ်ဝန်ကြီးချုပ်ဖလား မြို့နယ်အလိုက် အသက် ၂၀ နှစ်အောက် အမျိုးသားဖူဆယ်ပြိုင်ပွဲ ဗိုလ်လုပွဲနှင့် ဆုချီးမြှင့်ပွဲကျင်းပ

တောင်ကြီး အောက်တိုဘာ ၁၆

ရှမ်းပြည်နယ်(တောင်ပိုင်း) တောင်ကြီးမြို့ သစ်တောရပ်ကွက်ရှိ ပြည်နယ်လေ့ကျင့်ရေးအားကစားရုံ၌ အောက်တိုဘာလ ၁၆ ရက်တွင် ၂၀၂၄ ခုနှစ် ရှမ်းပြည်နယ်အစိုးရအဖွဲ့ ပြည်နယ်ဝန်ကြီးချုပ်ဖလား မြို့နယ်အလိုက် အသက် ၂၀ နှစ်အောက် အမျိုးသားဖူဆယ်ပြိုင်ပွဲဗိုလ်လုပွဲနှင့် ဆုချီးမြှင့်ပွဲကျင်းပသည်။

အဆိုပါအခမ်းအနားသို့ ရှမ်းပြည်နယ်ဝန်ကြီးချုပ်ဦးအောင်အောင်၊ ပြည်နယ်တရားလွှတ်တော်တရားသူကြီးချုပ်၊ ပြည်နယ်အစိုးရအဖွဲ့ဝင်ဝန်ကြီးများ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ အားကစားအသင်းများ၊ အားကစားဝါသနာရှင်များနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။ ထို့နောက် ဗိုလ်လုပွဲအဖြစ် တောင်ကြီးမြို့နယ်အသင်းနှင့် လားရှိုးမြို့နယ်အသင်းတို့ ယှဉ်ပြိုင်ကစားကြရာ တောင်ကြီးမြို့နယ်အသင်းက လားရှိုးမြို့နယ်အသင်းကို ၅ ဂိုး-၂ ဂိုးဖြင့် အနိုင်ရရှိသည်။

ဆက်လက်၍ ဆုချီးမြှင့်ပွဲကို ကျင်းပရာ ရှမ်းပြည်နယ်ဝန်ကြီးချုပ် ဦးအောင်အောင်နှင့် တာဝန်ရှိသူများက ဆုရရှိသောအသင်းများအား တစ်ဦးချင်းဆုတံဆိပ်များနှင့် ငွေသားဆုများ၊ အကောင်းဆုံးဂိုးသမားဆုနှင့် အကောင်းဆုံးအားကစားသမားဆု ရရှိသူများကို ဆုများအသီးသီးပေးအပ်ချီးမြှင့်ခဲ့ကြောင်း သိရသည်။

အဆိုပါ ၂၀၂၄ ခုနှစ် ရှမ်းပြည်နယ်အစိုးရအဖွဲ့ ပြည်နယ်ဝန်ကြီးချုပ်ဖလား မြို့နယ်အလိုက်အသက် ၂၀ နှစ်အောက် အမျိုးသားဖူဆယ်ပြိုင်ပွဲသို့ ပြိုင်ပွဲဝင် ၁၆ သင်း ဝင်ရောက်ယှဉ်ပြိုင်ကစားကြပြီး ပြိုင်ပွဲကို အောက်တိုဘာလ ၁၀ ရက်မှ ၁၆ ရက်အထိ ကျင်းပခဲ့ကြောင်း သိရသည်။

(၄၀၅)

# နေပြည်တော်ကောင်စီကကြီးမှူး၍ မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး၌ ဆီမီး ၃၆၀၀ ထွန်းညှိပူဇော်



နေပြည်တော် အောက်တိုဘာ ၁၆

ပြည်ထောင်စုနယ်မြေ နေပြည်တော် ဒက္ခိဏသီရိမြို့နယ်ရှိ ဗုဒ္ဓဥယျာဉ်ဝတ္ထုကံတော်တွင် တည်ထားပူဇော်ထားရှိသည့် ကမ္ဘာပေါ်ရှိထိုင်တော်မူ ကျောက်ဆစ်ဗုဒ္ဓရုပ်ပွားတော်များအနက် ဉာဏ်တော်အမြင့်ဆုံးဖြစ်တော်မူသော မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးရင်ပြင်တော်၌ နေပြည်တော်ကောင်စီကကြီးမှူး၍ ဆီမီး ၃၆၀၀ ထွန်းညှိပူဇော်ပွဲကို ယနေ့ ညနေ ၆ နာရီတွင် ကျင်းပသည်။

ဆီမီး ၃၆၀၀ ထွန်းညှိပူဇော်ပွဲသို့ နေပြည်တော်ကောင်စီဥက္ကဋ္ဌဦးသန်းထွန်းဦး၊ နေပြည်တော်ကောင်စီဝင်များ၊ ဌာနဆိုင်ရာများ၊ ဂေါပကအဖွဲ့နှင့် ဝတ်ရွတ်အသင်းအဖွဲ့များ တက်ရောက်ကြပြီး အနယ်နယ်အရပ်ရပ်မှ ရဟန်း၊ ရှင်လူဘုရားဖူးပြည်သူများဖြင့် စည်ကားသိုက်မြိုက်စွာ ဆီမီးထွန်းညှိပူဇော်ကြသည်။

ထိုသို့ အနယ်နယ်အရပ်ရပ်မှလာရောက်ကြသည့် ဘုရားဖူးရဟန်း၊ ရှင်လူပြည်သူများနှင့် ဘိုးဘွားများသည် ဗုဒ္ဓဥယျာဉ်တော်အတွင်းရှိ မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး၊ ဂန္ဓကုဋိတိုက်များ၊ သုဓမ္မာဇရပ်များ၊ မုစလိန္ဒကန်နှင့် နဂါးရုံဘုရား၊ ရေပန်းရင်ပြင်၊ မာရဝိဇယကျောင်းတော်၊ အဂ္ဂိဓိပတိသာသနာ့ဗိမာန်တော်ကြီး၊ သဒ္ဓါဓိပတိခေါင်းလောင်းတော်နှင့် ကျောက်စာရုံစေတီတော်များအပါအဝင် အခြားဘာသာရေးဆိုင်ရာအဆောက်အအုံများနှင့် ဥယျာဉ်များကို စိတ်အေးချမ်းသာစွာ ဖူးမြော်ကြည်ညိုလေ့လာခြင်း၊ တရားဘာဝနာပွားများခြင်းနှင့် ဝါကျွတ်ကာလ အခါသမယအဖြစ် ဆီမီးထွန်းညှိပူဇော်ခြင်းများ ဆောင်ရွက်ကြသည်။

သီတင်းကျွတ်လပြည့်နေ့(အဘိဓမ္မာအခါတော်နေ့)တွင်လည်း မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး ရင်ပြင်တော်တွင် နေပြည်တော်ကောင်စီကကြီးမှူး၍ ဆီမီး ၉၀၀၀ ထွန်းညှိပူဇော်ပွဲနှင့် မီးပုံးပျံများလွှတ်တင်ပူဇော်ပွဲကို ဆက်လက်ကျင်းပဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

(သတင်းစဉ်)

# သီတင်းကျွတ်လပြည့်နေ့အကြို(အဖိတ်နေ့) ရွှေတိဂုံစေတီတော်မြတ်ကြီးအား လျှပ်စစ်မီးစေတီများ လှည့်လည်ပူဇော်ဆက်ကပ်ပွဲနှင့် ဆီမီးတစ်သောင်းတစ်ထောင် စုပေါင်းထွန်းညှိပူဇော်ဆက်ကပ်ပွဲကျင်းပ





ရန်ကုန် အောက်တိုဘာ ၁၆

ရွှေတိဂုံစေတီတော်ဘဏ္ဍာတော်ထိန်းဂေါပကအဖွဲ့က ကြီးမှူးကျင်းပသည့် ၁၃၈၆ ခုနှစ် သီတင်းကျွတ်လပြည့်နေ့ အကြို(အဖိတ်နေ့) ရွှေတိဂုံစေတီတော်မြတ်ကြီးအား လျှပ်စစ်မီးစေတီများ လှည့်လည်ပူဇော်ဆက်ကပ်ပွဲနှင့် ဆီမီးတစ်သောင်းတစ်ထောင်စုပေါင်းထွန်းညှိပူဇော်ဆက်ကပ်ပွဲကို ယနေ့ညပိုင်းတွင် ရွှေတိဂုံစေတီတော်ရင်ပြင်၌ ကျင်းပသည်။

ဦးစွာ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးစိုးသိန်း၊ တိုင်းဒေသကြီးဝန်ကြီးများ၊ ဘဏ္ဍာတော်ထိန်း ဂေါပကအဖွဲ့ဝင်များနှင့် ဂေါပကရုံးဝန်ထမ်းများ၊ ဘာသာရေးဝတ်အသင်းအဖွဲ့များ၊ အလှူရှင်များနှင့် ဘုရားဖူးလာပြည်သူများက ရှေးဟောင်းဗုဒ္ဓရုပ်ပွားတော်များ တန်ဆောင်းစုရပ်မှ ဗုဒ္ဓရုပ်ပွားတော်နှင့် လျှပ်စစ်မီးစေတီများပင့်ဆောင်လျက် ရွှေတိဂုံစေတီတော်မြတ်ကြီးအား လက်ယာရစ်လှည့်လည်ပူဇော်ကြသည်။

ထို့နောက် လျှပ်စစ်မီးစေတီများ စုပေါင်းပူဇော်ဆက်ကပ်ပွဲကို ရွှေတိဂုံစေတီတော်ရင်ပြင် ရာဟုထောင့် အောင်မြေ၌ကျင်းပရာ တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် တိုင်းဒေသကြီးဝန်ကြီးများက ဗုဒ္ဓရုပ်ပွားတော်နှင့် လျှပ်စစ်မီးစေတီများကို ပန်း၊ ရေချမ်း၊ ဆီမီးနံ့သာများ ဆက်ကပ်လှူဒါန်းကြသည်။

ယင်းနောက် “နီလာ နီလာ” အစချီသော မဟာပဋ္ဌာန်း ရောင်ခြည်တော်ဖွင့် ဂါထာဖြင့် ဘုရားရှင်ကို ပင့်လျှောက်ခြင်း၊ “သောဝဏ္ဏဂိုကံ” အစချီသော ရွှေတိဂုံဘုရားရှိခိုးဂါထာတော်ဖြင့် ရှိခိုးပူဇော်ခြင်း၊ ငါးပါးသီလခံယူ ဆောက်တည်ခြင်း၊ ပန်း၊ ရေချမ်း၊ ဆီမီး၊ အမွှေးနံ့သာ ကပ်လှူပူဇော်ခြင်း၊ “ဘဂဝန်ဘုန်းလှိုင်” အစချီသော မဟာပဋ္ဌာန်းတိုက်တွန်းလွှာဖြင့် ရွတ်ဆိုတိုက်တွန်းခြင်း၊ မဟာပဋ္ဌာန်းပစ္စယုဒ္ဒေသ၊ ပစ္စယနိဒ္ဒေသပါဠိတော်ကို ရွတ်ဆိုပူဇော်ခြင်း၊ ဆုတောင်းအမျှဝေ၊ သာဓုခေါ်ဆိုခြင်းတို့ ဆောင်ရွက်ကြသည်။

ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ် တိုင်းဒေသကြီးဝန်ကြီးများနှင့် ဂေါပကအဖွဲ့ဝင်များ၊ ဂေါပကရုံးဝန်ထမ်းများ၊ ဘာသာရေးဝတ်အသင်းအဖွဲ့များ၊ အလှူရှင်များနှင့် ဘုရားဖူးလာပြည်သူများက စုပေါင်း၍ ရွှေတိဂုံစေတီတော်ရင်ပြင်တော်ပတ်လည်ရှိ ဆီမီးခုံများ၌ ဆီမီးများထွန်းညှိပူဇော်ဆက်ကပ်လှူဒါန်းကြကြောင်း သတင်းရရှိသည်။

သတင်းနှင့်ဓာတ်ပုံ -ဇော်မင်းလတ်(MNA)

ရန်ကုန်မြို့နှင့် မန္တလေးမြို့အတွက် ရည်ညွှန်းလက်ကားဈေးနှုန်းများနှင့် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ တိုင်းဒေသကြီး/ပြည်နယ်မြို့တော်များအတွက် ရည်ညွှန်းလက်လီဈေးနှုန်းများ

၁၇-၁၀-၂၀၂၄ ကျပ်/လီတာ

| Fuel (လက်လီဈေးနှုန်း) | ရန်ကုန် | မန္တလေး | နေပြည်တော် | ပဲခူး | မကွေး | ထားဝယ် | မုံရွာ | ပုသိမ် | မြစ်ကြီးနား | စစ်တွေ | ဘားအံ | မော်လမြိုင် | လားရှိုး | တောင်ကြီး | လွိုင်ကော် | ဟားခါး | ကျိုင်းတုံ |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| 92 Ron | ၃၁၀၀ | ၃၁၈၀ | ၃၁၅၂ | ၃၁၀၀ | ၃၁၈၀ | ၃၁၉၅ | ၃၂၀၅ | ၃၁၆၀ | ၃၂၉၀ | ၃၃၀၅ | ၃၁၇၀ | ၃၁၈၅ | ၃၂၂၀ | ၃၂၀၅ | ၃၂၂၀ | ၃၆၂၀ | ၄၂၅၀ |
| 95 Ron | ၃၃၀၅ | ၃၃၉၀ | ၃၃၆၅ | ၃၃၀၅ | ၃၃၉၀ | ၃၄၀၀ | ၃၄၁၅ | ၃၃၇၀ | ၃၄၉၅ | ၃၅၂၅ | ၃၃၈၀ | ၃၃၉၅ | ၃၄၂၅ | ၃၄၁၅ | ၃၄၂၅ | ၃၈၃၀ | ၄၄၀၀ |
| HSD (500 ppm) | ၂၆၉၀ | ၂၇၇၀ | ၂၇၄၅ | ၂၇၀၀ | ၂၇၇၀ | ၂၇၈၅ | ၂၇၉၅ | ၂၇၅၀ | ၂၈၇၅ | ၂၉၀၅ | ၂၇၆၀ | ၂၇၇၅ | ၂၈၀၅ | ၂၇၉၅ | ၂၈၀၅ | ၃၂၁၀ | ၄၂၅၀ |
| HSD (50 ppm) | ၃၃၄၀ | ၃၄၂၀ | ၃၃၉၅ | ၃၃၅၀ | ၃၄၂၀ | ၃၄၃၅ | ၃၄၄၅ | ၃၄၀၀ | ၃၅၃၀ | ၃၅၆၀ | ၃၄၁၀ | ၃၄၂၅ | ၃၄၆၀ | ၃၄၄၅ | ၃၄၆၀ | ၃၈၆၀ | ၄၂၅၀ |
| HSD (10 ppm) | ၃၃၄၀ | ၃၄၂၀ | ၃၃၉၅ | ၃၃၅၀ | ၃၄၂၀ | ၃၄၃၅ | ၃၄၄၅ | ၃၄၀၀ | ၃၅၃၀ | ၃၅၆၀ | ၃၄၁၀ | ၃၄၂၅ | ၃၄၆၀ | ၃၄၄၅ | ၃၄၆၀ | ၃၈၆၀ | ၄၂၅၀ |

ကျပ်/လီတာ

| Fuel (လက်ကားဈေးနှုန်း) | ရန်ကုန် | မန္တလေး |
|---|---|---|
| 92 Ron | ၂၉၄၀ | ၃၀၃၂ |
| 95 Ron | ၃၁၄၁ | ၃၂၃၈ |
| HSD (500 ppm) | ၂၅၄၃ | ၂၆၂၂ |
| HSD (50 ppm) | ၃၀၇၃ | ၃၂၆၆ |
| HSD (10 ppm) | ၃၀၇၃ | ၃၂၆၆ |

မှတ်ချက်။ (၁) MOPS ဈေးနှုန်းပေါ်တွင် အခြေခံတွက်ချက်ထားခြင်းဖြစ်ပါသည်။

(၂) သုံးစွဲသူမိဘပြည်သူများအနေဖြင့် စက်သုံးဆီများဝယ်ယူသုံးစွဲရာတွင် ကျေနပ်မှုမရှိပါက ကော်မတီ၏ အောက်ဖော်ပြပါဖုန်းနံပါတ်များသို့ လုံခြုံစိတ်ချစွာဖြင့် သတင်းပေးတိုင်ကြားနိုင်ပါကြောင်း အသိပေးအပ်ပါသည်-

၀၆၇-၄၁၁၃၇၃၊ ၀၉-၂၅၄၆၂၅၄၇၇

၀၆၇-၄၁၁၂၈၂၊ ၀၉-၇၇၅၂၉၃၆၃၂

**စက်သုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်း လုပ်ငန်းကြီးကြပ်ရေးကော်မတီ**

# ဆည်မြောင်းနှင့်ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနက ထိန်းသိမ်းထားသော ရေလှောင်တမံနှင့် ရေထိန်းတမံများ ကြံ့ခိုင်မှုကောင်းမွန်လျက်ရှိပြီး စိုးရိမ်ရန်မရှိ

နေပြည်တော် အောက်တိုဘာ ၁၆

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဆည်မြောင်းနှင့်ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနက ပြည်ထောင်စုနယ်မြေ နေပြည်တော်တွင်ထိန်းသိမ်းထားသော ရေလှောင်တမံနှင့် ရေထိန်းတမံစုစုပေါင်း ၁၂ ခုရှိရာ အောက်တိုဘာလ ၁၆ ရက်၌ ပေါင်းလောင်းရေလှောင်တမံတွင် ၃ ဒသမ ၈၇ ပေ ကန်ရေပြည့်အမှတ်အထက် ကျော်လွန်၍ ရေပိုလွှဲမှ ရေကျော်စီးဆင်းနေပြီး နှိုင်းယှဉ်ပါက ယခင်နေ့အတိုင်းဖြစ်သည်။ ရေပိုလွှဲ၏ ကန်ရေပြည့်ရေမှတ်အထက်တွင် HED ရေတံခါး(၁၀)ချပ်ထောင်ထားသည်။

အဆိုပါရေလှောင်တမံများ၏ကြံ့ခိုင်မှုအခြေအနေမှာ ကောင်းမွန်လျက်ရှိပြီး တာဝန်ကျဝန်ထမ်းများအား ၂၄ နာရီ ရေကင်းတာဝန်ချထား၍ အနီးကပ်စောင့်ကြပ်စစ်ဆေးလျက်ရှိကြောင်းနှင့် စိုးရိမ်ရန်မရှိကြောင်း သိရသည်။

**(သတင်းစဉ်)**

**စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန**
**ပြည်ထောင်စုနယ်မြေ၊ နေပြည်တော်**

ရက်စွဲ - ၁၆.၁၀.၂၀၁၄

ပြည်ထောင်စုနယ်မြေ၊ နေပြည်တော်

(၆ : ၀၀) နာရီ

**အကြောင်းအရာ ။ ။ ပြည်ထောင်စုနယ်မြေ၊ နေပြည်တော်လက်အောက်ရှိ ရေလှောင်တမံများ၏ ရေမှတ်များပေးပို့ခြင်း။**

| စဉ် | ရေလှောင်တမံအမည် | ကန်ရေပြည့် | | ကန်ရေသေ | | (၁၆.၁၀.၂၀၁၄)နေ့ရှိ | | | ယနေ့ ထုတ်လွှတ်သည့် ရေပမာဏ (ဧကပေ) | ကန်ရေပြည့်ရန် လိုအပ်သည့် | | ကန်ရေပြည့်ပြီး | | မိုးရေချိန် (လက်မ) | ယခင်နေ့ ရေမှတ် |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| | | ရေမှတ် (ပေ) | သိုလှောင်ရေ ပမာဏ (ဧကပေ) | ရေမှတ် (ပေ) | သိုလှောင်ရေ ပမာဏ (ဧကပေ) | ဝင်ရေ (ဧကပေ) | ရေမှတ် (ပေ) | သိုလှောင် ပမာဏ (ဧကပေ) | | ရေအနက် (ပေ) | သိုလှောင် ပမာဏ (ဧကပေ) | အမြင့် (ပေ) | ပိုလျှံရေ ပမာဏ (ဧကပေ) | | |
| ၁ | ပေါင်းလောင်းတမံ | ၆၂၃.၃၉ | ၅၄၉၄၂၀ | ၅၄၁.၃၆ | ၂၇၃၆၆၀ | ၂၃၆၁၃ | ၆၂၇.၂၆ | ၅၆၅၉၇၂ | ၁၃၆၃၄ (လျှပ်စစ်ထုတ်ရေ) | - | - | ၃.၈၇ | ၁၀၅၄၈ | - | ၆၂၇.၂၆ |
| ၂ | မဒန်းတမံ | ၆၃၅.၀၀ | ၃၆၅၀၀ | ၅၉၀.၀၀ | ၅၂၀၀ | ၁၀၄ | ၆၂၆.၂၀ | ၂၇၄၄၂ | - | ၈.၈၀ | ၉၀၅၈ | - | - | ၀.၁၀ | ၆၂၆.၁၀ |
| ၃ | ချောင်းမငယ်တမံ | ၅၂၀.၀၀ | ၉၁၇၇၀ | ၄၈၀.၀၀ | ၁၅၃၀၀ | ၁၇၄ | ၅၁၈.၉၀ | ၈၈၇၆၇ | ၂၇၁ | ၁.၁၀ | ၃၀၀၃ | - | - | - | ၅၁၈.၉၅ |
| ၄ | ဖောင်းလောင်တမံ | ၅၁၂.၀၀ | ၁၂၂၅၇ | ၄၉၀.၅၀ | ၂၅၄၀ | - | ၅၀၉.၂၅ | ၁၀၃၂၃ | ၇ | ၂.၇၅ | ၁၉၃၄ | - | - | - | ၅၀၉.၃၀ |
| ၅ | ရေဆင်းတမံ | ၄၃၉.၀၀ | ၇၃၀၀၀ | ၃၆၈.၄၀ | ၁၀၄၀ | ၄၈ | ၄၃၈.၀၀ | ၇၀၀၀၀ | ၃၄၀ | ၁.၀၀ | ၃၀၀၀ | - | - | - | ၄၃၈.၂၀ |
| ၆ | ငလိုက်တမံ | ၅၃၅.၀၀ | ၇၅၀၀၀ | ၅၀၆.၀၀ | ၁၂၉၅၀ | ၂၀ | ၅၃၄.၈၀ | ၇၄၁၉၆ | ၃၂၀ | ၀.၂၀ | ၈၀၄ | - | - | - | ၅၃၄.၉၅ |
| ၇ | သဲဖြူတမံ | ၄၁၈.၀၀ | ၈၇၁၈ | ၃၉၀.၀၀ | ၆၈၇ | ၁ | ၄၁၆.၀၉ | ၇၆၃၉ | ၁၁ | ၁.၉၁ | ၁၀၇၉ | - | - | - | ၄၁၆.၁၃ |
| ၈ | ဆင်သေတမံ | ၇၁၀.၀၀ | ၁၄၃၀၉၀ | ၆၇၄.၀၀ | ၁၇၃၀၃ | ၃၃ | ၇၀၃.၅၅ | ၁၀၇၆၉၉ | ၉၅ | ၆.၄၅ | ၃၅၃၉၁ | - | - | - | ၇၀၃.၅၇ |
| ၉ | ကင်းသာရေထိန်းတမံ | ၅၅၈.၅၀ | ၇၂ | ၅၄၅.၀၀ | ၈ | | | | | ရေတိုက်စား | | | | - | |
| ၁၀ | မုန်ရေထိန်းတမံ | ၆၀၂.၀၀ | ၅၀၀ | ၅၉၂.၀၀ | ၂၂၅ | ၉၂ | ၆၀၁.၈၉ | ၄၉၄ | ၄၁ | ၀.၁၁ | ၆ | - | - | - | ၆၀၁.၉၀ |
| ၁၁ | မြို့လှတမံ | ၈၇၀.၀၀ | ၁၄၆၀၀ | ၈၅၀.၀၀ | ၄၅၂၀ | ၁၉ | ၈၆၃.၇၀ | ၁၀၂၅၅ | ၇၁ | ၆.၃၀ | ၄၃၄၅ | - | - | - | ၈၆၃.၈၀ |
| ၁၂ | တောက်ပြုတမံ | ၆၇၉.၀၀ | ၂၄၉၁ | ၆၅၉.၀၀ | ၄၇၅ | ၁ | ၆၇၄.၀၀ | ၁၈၃၈ | - | ၅.၀၀ | ၆၅၃ | - | - | - | ၆၇၄.၀၀ |

မှတ်ချက် - ပေါင်းလောင်းတမံတွင် HED ရေတံခါးရွက် (၁၀) ချပ်ထောင်ထားပါသည်။

# ပျဉ်းမနားမြို့နယ် ကျွန်းဦးခေတ်မီစံပြကျေးရွာ ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဒုတိယဝန်ကြီး ဦးမြင့်စိုး ကွင်းဆင်းဆောင်ရွက်



နေပြည်တော် အောက်တိုဘာ ၁၆

အသက်မွေးဝမ်းကျောင်းလုပ်ငန်းများ ပြန်လည်ထူထောင်ရေးလုပ်ငန်းကော်မတီ၏အစီအစဉ်ဖြင့် နေပြည်တော်ကောင်စီနယ်မြေ မြို့နယ်သုံးခုအတွင်းမှ ကျေးရွာလေးရွာရှိ ရေဘေးသင့်နေအိမ်များအနက် အလုံးစုံပြန်လည်ပြင်ဆင်ရမည့် နေအိမ် ၃၄ လုံး၊ တစ်စိတ်တစ်ပိုင်းပြင်ဆင်ခြင်း ၁၀ လုံး စုစုပေါင်း ၄၄ လုံးကို အလှူရှင် CB Bank ဥက္ကဋ္ဌ ဦးခင်မောင်အေး၏ လှူဒါန်းငွေကျပ်သိန်း ၃၀၀၀ ဖြင့်ဆောင်ရွက်ပေးမည်ဖြစ်ရာ သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမြင့်စိုးသည် ယနေ့နံနက်ပိုင်းတွင် ပျဉ်းမနားမြို့နယ် ဆင်သေကျေးရွာအုပ်စု ကွက်သစ်ကျေးရွာသို့ သွားရောက်၍ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက နေအိမ်များ ပန္နက်တင် ပြန်လည်တည်ဆောက်နေမှုကို သွားရောက်ကြည့်ရှုစစ်ဆေးပြီး နေအိမ်ထိခိုက်ပျက်စီးသွားသော ရွာသူရွာသားများနှင့်တွေ့ဆုံ၍ အားပေးစကားပြောကြားကာ ယနေ့စတင်ဆောက်လုပ်မည့်အိမ်ကို ပန္နက်ရိုက်ခြင်း၊ တိုင်ထူခြင်းလုပ်ငန်းများကို ဆောင်ရွက်ပေးသည်။

ထို့နောက် တစ်စိတ်တစ်ပိုင်းပြင်ဆင်ပေးရမည့်အိမ်များကို လိုက်လံကြည့်ရှုကာ လိုအပ်သည်များ ညှိနှိုင်းမှာကြားသည်။ ဆက်လက်၍ ကျွန်းဦးကျေးရွာ ဘက်စုံသုံးခန်းမသို့သွားရောက်၍ ကျွန်းဦးစိုက်ပျိုးရေးနှင့်အထွေထွေစီးပွားရေးလုပ်ငန်း သမဝါယမအသင်းမှ အသင်းသားတောင်သူ ၁၇ ဦးနှင့် တွေ့ဆုံကာ အသင်းသားပိုင်စိုက်ပျိုးမြေ ၅၈ ဒသမ ၅ ဧကတွင် ဆောင်းသီးနှံ မတ်ပဲစိုက်ပျိုးရေး ညှိနှိုင်းဆွေးနွေးပြီး မြန်မာနိုင်ငံပဲမျိုးစုံ၊ ပြောင်းနှင့်နှမ်းကုန်သည်များအသင်းကလှူဒါန်းထားသော မတ်ပဲမျိုး ၅၈၅ ပိဿာကို တောင်သူများထံပေးအပ်ကာ အသင်းသားတောင်သူများ၏ တင်ပြချက်များအပေါ် လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးသည်။

ယင်းနောက် ဒုတိယဝန်ကြီးသည် ကျွန်းဦးခေတ်မီစံပြကျေးရွာ၏ အဓိက အသက်မွေးဝမ်းကျောင်းလုပ်ငန်းဖြစ်သော ပဲကြော်၊ ပဲလှော်ဖို ၄၉ ဖိုအနက် ၄၂ ဖို ပြန်လည်ပြုပြင်ပြီးစီးမှုနှင့် လုပ်ငန်းများ စတင်လည်ပတ်နေမှုကို သွားရောက်ကြည့်ရှုအားပေးသည်။ အဆိုပါကျေးရွာတွင် သဘာဝရေဘေးကြောင့် ပဲကြော်၊ ပဲလှော်ဖိုလုပ်ငန်းများနှင့် အခြားထုတ်ကုန်လုပ်ငန်းများထိခိုက်ပျက်စီးမှုဖြစ်ပေါ်ခဲ့ရာ သမဝါယမဦးစီးဌာနက တန်ဖိုးမြှင့်ကုန်ထုတ်သမဝါယမအသင်း ၁၈ သင်း ဖွဲ့စည်းပေးပြီး အသင်းသား ၁၁၈ ဦး၏ ပဲကြော်၊ ပဲလှော်၊ စာလေးခွေ၊ ဆီစက်လုပ်ငန်းများအတွက် ငွေကျပ်သိန်း ၁၄၅၀ ကို သက်သာသောအတိုးနှုန်းဖြင့် ထုတ်ချေးပေးသည်။ ယင်းသို့ဆောင်ရွက်ပေးခြင်းကြောင့် ပဲလှော်ဖိုများပြန်လည်ပြင်ဆင်ခြင်း၊ အသစ်တည်ဆောက်ခြင်း၊ ကုန်ကြမ်းဝယ်ယူခြင်းလုပ်ငန်းများ ပြန်လည်စတင်လည်ပတ်နိုင်ပြီဖြစ်သည်။

ထိုမှတစ်ဆင့် ကျွန်းဦးကျေးရွာအဝင်လမ်းတွင် ရေတိုက်စားမှုကြောင့် ပျက်စီးခဲ့သည့် မူလကွန်ကရစ်ပြွန်ဟောင်းနေရာ၌ ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနက အကျယ် ၂ ပေ၊ အရှည်ပေ ၂၀ ရှိ ရေပြွန်နှစ်စင်းတွဲ ပြန်လည်ပြုပြင်တည်ဆောက်ခြင်း၊ ကျွန်းဦးမှဈေးကုန်းသို့သွားရောက်သည့် လမ်းအရှည်ပေ ၂၇၀၀ တွင် လမ်းပခုံးပဲ့ကျသွားသောနေရာအား လမ်းပခုံးကျောက်ရော မြေဖို့ခြင်းလုပ်ငန်းဆောင်ရွက်နေမှုကို လိုက်လံကြည့်ရှုစစ်ဆေးကာ လိုအပ်သည်များ မှာကြားခဲ့ကြောင်း သိရသည်။

**(သတင်းစဉ်)**

# မြင်ကွင်းဘေးက ကုသိုလ်ရှင်

ပါမောက္ခဒေါက်တာခင်ဖြူပြာ

**"လူနာကုသဆောင်တွေမှာ လုပ်ဆောင်နေတဲ့ သန့်ရှင်းရေးဝန်ထမ်းတွေရဲ့ လုပ်ဆောင်ချက်က အင်မတန်အရေးကြီးပါတယ်။ ကြမ်းတိုက်တဲ့အခါ ပိုးသတ်ဆေးရည်၊ ဆပ်ပြာရည်နဲ့ သေသေချာချာ မလုပ်ဘူးဆိုရင် ကြမ်းပေါ်မှာရှိနေတဲ့ရောဂါပိုးတွေ၊ လေထဲမှာရှိတဲ့ရောဂါပိုးတွေ လူနာဆီကို အလွယ်တကူဝင်လာမှာဖြစ်ပါတယ်။ လူနာအသက်ရှူတဲ့အခါ လေထဲကပိုးတွေဝင်လာမယ်။ လေထဲကပိုးတွေက လက်မှာသွင်းထားတဲ့ အကြောဆေးအရည်ထဲဝင်လာမယ်။ ဆီးပိုက်ထဲကိုလည်း ဝင်လာနိုင်တာပေါ့။ အဲဒီလိုမဖြစ်အောင် ဆေးရုံမှာအလုပ်လုပ်နေတဲ့ သန့်ရှင်းရေးဝန်ထမ်းတွေက သူတို့အလုပ်ကို သေသေချာချာလုပ်ပေးနေတာဖြစ်ပါတယ် . . ."**

မြင်ကွင်းဆိုတာ ကျွန်မတို့ ရှေ့တည့်တည့်ကိုပုံမှန်ကြည့်တဲ့အခါ မြင်ရတဲ့အနေအထားကို ဆိုလိုတာပါ။ လူတိုင်းရဲ့မျက်လုံးက ကိုယ့်ရှေ့မှာရှိတဲ့ အရာဝတ္ထုအားလုံးကို မြင်နိုင်စွမ်းမရှိပါဘူး။ အထူးသဖြင့် ဘေးအစွန်းမှာရှိနေတဲ့အရာဝတ္ထုတွေအားလုံးကို မမြင်နိုင်ပါဘူး။ ညာဘက်အစွန်းမှာရှိတဲ့ အရာဝတ္ထုကိုမြင်ချင်ရင် ညာဘက်ကိုစောင်းကြည့်မှ သေသေချာချာမြင်ရမယ်။ ထိုနည်းတူစွာပဲ ဘယ်ဘက်အစွန်းမှာရှိတဲ့ ပစ္စည်းတွေကိုမြင်ချင်ရင် ဘယ်ဘက်ကိုစောင်းကြည့်မှ မြင်မှာပါ။ ကျွန်မတို့ဆေးရုံမှာဆိုရင် ဆေးပဒေသာပင်အတွက် ရည်ရွယ်ပြီးလှူတဲ့ အလှူရှင်တွေလည်းရှိတယ်။ အဲဒီအလှူရှင်တွေကို ကျွန်မတို့အားလုံးက ကျေးဇူးတင်တယ်။ လှူဒါန်းပွဲလေးလုပ်ပြီး ဆေးရုံအုပ်ကြီးကလည်း အလှူရှင်တွေကို ဂုဏ်ပြုကတ်ပြားလေးပေးတယ်။ ကျေးဇူးတင်စကားပြောတယ်။ လှူဒါန်းငွေပေးတဲ့ဓာတ်ပုံတွေလည်း တီဗွီထဲပါတယ်။ သတင်းစာထဲမှာလည်းပါတယ်။ ဒါတွေက မြင်ကွင်းအတွင်းဝင်လာတဲ့ ကုသိုလ်ရှင်တွေပါ။ တစ်နည်းအားဖြင့်ပြောရရင် လူတိုင်းသိတဲ့မြင်တဲ့ ကုသိုလ်ရှင်တွေပါပဲ။ ဒီလိုဆိုရင် ကျွန်မတို့ဆေးရုံမှာ မြင်ကွင်းဘေးက ကုသိုလ်ရှင်တွေက ဘယ်သူတွေပါလိမ့်။

ပထမပြောပြချင်တဲ့ ကုသိုလ်ရှင်ကတော့ ဆေးရုံထဲကို ဝင်ဝင်ချင်း တွေ့ရတဲ့သူတွေပါပဲ။ ဆေးရုံဂိတ်ပေါက်မှာ ဆေးရုံကိုလာတဲ့လူတွေ၊ ကားတွေကိုစိစစ်နေတဲ့ တာဝန်ကျဝန်ထမ်းတွေပါ။ သူတို့က လာတဲ့လူတွေကို လူဆိုးလား၊ လူကောင်းလားဆိုတာ အကြမ်းဖျင်းခွဲခြားစိစစ်ရပါတယ်။ ဆေးရုံထဲမှာရှိနေတဲ့လူနာတွေကို အန္တရာယ်ပေးဖို့လာတဲ့သူတွေလား စစ်ဆေးရပါတယ်။ ဒီလိုလုပ်တာက ဆေးရုံထဲမှာရှိနေတဲ့ လူနာတွေရဲ့ လုံခြုံရေးအတွက်ပဲဖြစ်ပါတယ်။ လူနာတွေကို မလိုလားအပ်တဲ့ အန္တရာယ်မဖြစ်အောင် သူတို့က စစ်ဆေးပေးနေရတာပါ။ သူတို့အဖွဲ့ကိုလည်း မြင်ကွင်းဘေးက ကုသိုလ်ရှင်တွေလို့ ကျွန်မက မီးမောင်းထိုးပြလိုပါတယ်။

ဆေးရုံဂိတ်ဝကဝင်လာပြီး ဒုတိယအဆင့်တွေ့ရမယ့်နေရာကတော့ အရေးပေါ်လူနာဌာနဖြစ်ပါတယ်။ အရေးပေါ်ဌာနက ဝန်ထမ်းတွေကလည်း ရောက်လာတဲ့လူနာရဲ့ အရေးကြီးမှုအနေအထားကို အမြန်ဆုံးစစ်ဆေးပြီး အောက်ဆီဂျင်ချက်ချင်းပေးရမှာလား၊ လက်ကအကြောဆေးချက်ချင်းထိုးရမှာလား၊ ဓာတ်မှန်တို့ စီတီစကင်တို့ ချက်ချင်းရိုက်ရမှာလားဆိုတာကို ဆုံးဖြတ်ပြီး ဌာနချင်းချိတ်ဆက်တဲ့အလုပ်လုပ်ကြရပါတယ်။ မော်တော်ယာဉ်ဌာန၊ ဓာတ်မှန်ဌာန၊ ဓာတ်ခွဲဌာန၊ ခွဲစိတ်ဆောင်၊ ဆေးကုသဆောင်တွေအားလုံးနဲ့ပေါင်းစပ်ပြီး လိုအပ်တဲ့ကုသမှုအမြန်ဆုံးရအောင်လုပ်ကြရပါတယ်။ ဒီလိုလုပ်တဲ့အခါ လူနာနဲ့လူနာရှင်ရဲ့ကြယ်ရာမှာ ဖုန်းနဲ့ချိတ်ဆက်တာဖြစ်တဲ့အတွက် ဒီအရေးပေါ်ဌာနကဝန်ထမ်းတွေရဲ့ လုပ်ဆောင်ချက်ကလည်း မြင်ကွင်းထဲမှာ ရှိမနေနိုင်ပါဘူး။

လူနာကုသဆောင်တွေမှာလုပ်ဆောင်နေတဲ့ သန့်ရှင်းရေးဝန်ထမ်းတွေရဲ့လုပ်ဆောင်ချက်က အင်မတန်အရေးကြီးပါတယ်။ ကြမ်းတိုက်တဲ့အခါ ပိုးသတ်ဆေးရည်၊ ဆပ်ပြာရည်နဲ့ သေသေချာချာမလုပ်ဘူးဆိုရင် ကြမ်းပေါ်မှာရှိနေတဲ့ရောဂါပိုးတွေ၊ လေထဲမှာရှိတဲ့ရောဂါပိုးတွေ လူနာဆီကို အလွယ်တကူဝင်လာမှာဖြစ်ပါတယ်။ လူနာအသက်ရှူတဲ့အခါ လေထဲကပိုးတွေဝင်လာမယ်။ လေထဲကပိုးတွေက လက်မှာသွင်းထားတဲ့ အကြောဆေးအရည်ထဲဝင်လာမယ်။ ဆီးပိုက်ထဲကိုလည်း ဝင်လာနိုင်တာပေါ့။ အဲဒီလိုမဖြစ်အောင် ဆေးရုံမှာအလုပ်လုပ်နေတဲ့ သန့်ရှင်းရေးဝန်ထမ်းတွေက သူတို့အလုပ်ကို သေသေချာချာလုပ်ပေးနေတာဖြစ်ပါတယ်။ တကယ်တော့ ဆေးရုံကသန့်ရှင်းရေးဝန်ထမ်းတွေက မြင်ကွင်းဘေးမှာရှိတဲ့ ကုသိုလ်ရှင်တွေ၊ ဆေးရုံကလူနာတွေ ရောဂါပိုးတွေထပ်မဝင်အောင် ရေနစ်သူဝါးကူထိုးတာမဖြစ်အောင်လုပ်နေတဲ့ အရေးကြီးဝန်ထမ်းတွေဖြစ်ပါတယ်။

ကျွန်မတို့ လူနာတွေကို ဆေးထိုးတဲ့အခါ အဆင့်ဆင့်ဂရုစိုက်ရပါတယ်။ ကျွန်မတို့လက်တွေကို ဆပ်ပြာနဲ့သေသေချာချာဆေးရတယ်။ ဆေးထိုးရင် ဆေးထိုးပြွန်တွေ၊ ဆေးဘူးတွေကို ကိုင်တွယ်တဲ့အခါမှာလည်း ဘေးကပိုးတွေမဝင်အောင် အထပ်ထပ်စနစ်တကျပြုလုပ်ရပါတယ်။ အဲဒီအဆင့်ဆင့်မှာ တစ်နေရာရာမှာ ချွတ်ချော်သွားပြီဆိုရင် ဆေးထိုးပြီးပြီးချင်း လူနာမှာ ပိုးဝင်တဲ့လက္ခဏာတွေဖြစ်လာပါတယ်။ ဖျားတယ်၊ ချမ်းတုန်တယ်၊ မောပြီးအသက်ရှူကျပ်တယ်ပေါ့။ အဆိုးဆုံးကတော့ အသက်ဆုံးရှုံးနိုင်တာပေါ့။ အဲဒီလိုမျိုးမဖြစ်အောင် ဆေးထိုးတဲ့အခါ၊ ဆီးပိုက်ထည့်တဲ့အခါ၊ အကြောဆေးအပ်သွင်းတဲ့အခါတိုင်းမှာ စနစ်တကျလုပ်ဆောင်ရပါတယ်။ ဒါတွေကို စက္ကန့်တိုင်း၊ မိနစ်တိုင်း၊ နာရီတိုင်းမှာလုပ်နေတဲ့ ဆရာဝန်၊ သူနာပြုတွေအားလုံးက သတိကြီးစွာနဲ့ လုပ်ရပါတယ်။ တကယ်တော့ သူတို့တွေအားလုံးကိုလည်း မြင်ကွင်းဘေးကကုသိုလ်ရှင်တွေလို့ ကျွန်မက တင်စားလိုပါတယ်။ ဒီနေရာမှာ တချို့ကတော့ စောဒကတက်နိုင်ပါတယ်။ ဒီအလုပ်က သူတို့အလုပ်ပဲ၊ သူတို့သိရမှာပေါ့၊ ဘာလို့ကျေးဇူးတင်စရာလိုလဲလို့။ ကျွန်မကတော့ ဆရာဝန်၊ သူနာပြုတွေ ဘယ်အဆင့်မှာပဲလုပ်နေလုပ်နေ သူတို့တွေကို မြင်ကွင်းဘေးက ကုသိုလ်ရှင်လို့ပဲ သတ်မှတ်လိုပါတယ်။

ကျွန်မတို့ဆေးရုံက အထူးကြပ်မတ်ကုသဆောင် (အိုင်စီယူ) မှာဆိုရင် လူနာစောင့်အဝင်အထွက် ကန့်သတ်ထားတယ်။ သတိမေ့တဲ့လူနာတစ်ဦးအတွက်ဆိုရင် အနီးကပ်ကြည့်ဖို့ အစောင့်နှစ်ဦးတော့ အနည်းဆုံးလိုတာပေါ့။ အဲဒီတော့ လူနာနဲ့သူနာပြုအင်အားအခြေအနေအရ လူနာစောင့်တွေကို စည်းကမ်းနဲ့ခွင့်ပြုရတာပေါ့။ ဒီလိုအိုင်စီယူထဲဝင်တဲ့အခါ အပေါ်ကဝတ်ရုံဝတ်တာတို့၊ ဖိနပ်ပြောင်းစီးတာတို့က သူ့စည်းကမ်းနဲ့သူ လိုက်နာလုပ်ဆောင်ဖို့လိုပါတယ်။ ဒီလိုမျိုး စည်းကမ်းလိုက်နာခြင်းကလည်း ရောဂါပိုးကာကွယ်ရာရောက်တယ်လို့ အမြင်စိတ်ရှိရင် လိုက်နာရမှာပေါ့။ ဒီလိုလုပ်ဆောင်တာကလည်း မြင်ကွင်းဘေးကကုသိုလ်ရှင်ဆိုတဲ့အသိနဲ့ဆိုရင် ပိုပြီးကောင်းပါတယ်။

အနှစ်ချုပ်အနေနဲ့ပြောရရင် ဆေးရုံမှာအလုပ်လုပ်နေတဲ့ ထိပ်ဆုံးက ဆေးရုံအုပ်ကြီးကစပြီး ဆရာဝန်၊ သူနာပြုအားလုံး၊ သန့်ရှင်းရေးဝန်ထမ်းအားလုံးက သူ့နေရာနဲ့သူ စက္ကန့်မပြတ် မြင်ကွင်းဘေးကကုသိုလ်ရှင်တွေဖြစ်ကြပါတယ်။ လူနာတွေအားလုံး၊ လူနာစောင့်တွေအားလုံးကလည်း ငွေကြေးတစ်စုံတစ်ရာမစိုက်ထုတ်ရဘဲ မြင်ကွင်းဘေးကကုသိုလ်ရှင်တွေဖြစ်ကြတယ်ဆိုတာ သဘောပေါက်ကြရမှာပါ။ မြင်ကွင်းဘေးက ကုသိုလ်ရှင်များအားလုံး နေ့ညမပြတ် ကုသိုလ်များအထပ်ထပ်ပွားနိုင်ကြပါစေ။ ။

## အောင်ပန်းမြို့ နယ်စပ်ဒေသတိုင်းရင်းသားလူငယ်များ စက်မှုလက်မှုပညာသင်တန်းကျောင်း၌ အမှတ်စဉ် (၃) သင်တန်းဆင်းပွဲကျင်းပ

အောင်ပန်း အောက်တိုဘာ ၁၆

ရှမ်းပြည်နယ်(တောင်ပိုင်း) ကလောခရိုင် ကလောမြို့နယ် အောင်ပန်းမြို့ နယ်စပ်ဒေသ တိုင်းရင်းသားလူငယ်များ စက်မှုလက်မှုပညာသင်တန်းကျောင်း၌ အောက်တိုဘာလ ၁၅ ရက်က လျှပ်စစ်သင်တန်း၊ ဂဟေဆက်သင်တန်း၊ မော်တော်ယာဉ်စက်ပြင်သင်တန်းနှင့် လက်ကိုင်ဖုန်းပြင်သင်တန်း အမှတ်စဉ်(၃) သင်တန်းဆင်းပွဲအခမ်းအနား ကျင်းပသည်။



ရှေးဦးစွာ ရှမ်းပြည်နယ်ဝန်ကြီးချုပ် ဦးအောင်အောင်က တိုင်းရင်းသားအချင်းချင်း ပိုမိုစည်းလုံးချစ်ခင်လျက် ပြည်ထောင်စုစိတ်ဓာတ်ခိုင်မြဲသည့် လူငယ်များဖြစ်လာစေရန်၊ စက်မှုလက်မှုပညာရပ်များတတ်မြောက်ပြီးပါက မိမိဒေသဖွံ့ဖြိုးရေးလုပ်ငန်းများအတွက် ပြန်လည်ဆောင်ရွက်နိုင်စေရန်၊ နယ်စပ်ဒေသ စက်မှုလက်မှုလုပ်ငန်းများ ထူထောင်ရာတွင် ကျွမ်းကျင်လုပ်သားများ ပေါ်ထွက်လာစေရန် ယခုကဲ့သို့ သင်တန်းများဖွင့်လှစ်ခဲ့ခြင်းဖြစ်ကြောင်း ပြောကြားသည်။

ဆက်လက်၍ ရှမ်းပြည်နယ်ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများက သင်တန်းသားများကို သင်တန်းဆင်းလက်မှတ်များ ပေးအပ်ချီးမြှင့်သည်။

အဆိုပါသင်တန်းကို ယခုဘဏ္ဍာနှစ်တွင် ပထမအကြိမ်အဖြစ် သင်တန်းသား ၃၀ ဦးအား မေလ ၂၀ ရက်မှ အောက်တိုဘာလ ၁၅ ရက်အထိ စာတွေ့လက်တွေ့သင်ကြားပို့ချပေးခဲ့ကြောင်း သိရသည်။ **ချမ်းမြေ့**

## တောင်တံတိုင်းရှည်ကျေးရွာ၌ ကျေးရွာတွင်းလမ်း ကွန်ကရစ်ခင်းခြင်းလုပ်ငန်းဆောင်ရွက်ပြီးစီးမှု ကွင်းဆင်းစစ်ဆေး

မန္တလေး အောက်တိုဘာ ၁၆

မန္တလေးတိုင်းဒေသကြီး ပုသိမ်ကြီးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ တောင်တံတိုင်းရှည်ကျေးရွာ၌ ကျေးရွာတွင်းလမ်းကွန်ကရစ်ခင်းခြင်းလုပ်ငန်း ဆောင်ရွက်ပြီးစီးမှုအခြေအနေများကို အောက်တိုဘာလ ၁၆ ရက်တွင် တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးကြကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် ပုသိမ်ကြီးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဦးစန်းယုလှိုင်၊ စီမံကိန်းတာဝန်ခံနှင့်ဝန်ထမ်းများက တောင်တံတိုင်းရှည်ကျေးရွာ၌ ကျေးရွာတွင်းလမ်း ကွန်ကရစ်ခင်းခြင်းလုပ်ငန်း ဆောင်ရွက်ပြီးစီးမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး မြို့နယ်ဦးစီးမှူးက ဆောင်ရွက်ပြီးလုပ်ငန်းများကို ရေရှည်တည်တံ့အောင် ဝိုင်းဝန်းထိန်းသိမ်းကြရန် ဆွေးနွေးမှာကြားသည်။

ပုသိမ်ကြီးမြို့နယ် တောင်တံတိုင်းရှည်ကျေးရွာ၌ ကျေးရွာတွင်းလမ်း အရှည် ၈၂၄ ပေ၊ အကျယ် ၁၂ ပေ၊ ထု ၆ လက်မရှိ ကွန်ကရစ်ခင်းခြင်းလုပ်ငန်းကို VDP ခွင့်ပြုငွေ ငွေကျပ် ၁၅ သန်း၊ ကျေးရွာပြည်သူထည့်ဝင်ငွေ ငွေကျပ် ၁၀ ဒသမ ၅၉ သန်း စုစုပေါင်း ငွေကျပ် ၂၅ ဒသမ ၅၉ သန်း အသုံးပြု၍ ပုသိမ်ကြီးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ဝန်ထမ်းများ၏ နည်းပညာပံ့ပိုးမှု၊ အနီးကပ်ကြီးကြပ်မှုတို့ဖြင့် ကျေးရွာသူ၊ ကျေးရွာသားများကိုယ်တိုင် ယခုနှစ် ဩဂုတ်လပထမပတ်က စတင်ဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းများရာနှုန်းပြည့်ပြီးစီးနေပြီဖြစ်ကြောင်း သိရသည်။

**မင်းမြင့်မိုရ်**

# ဆရာတော် သံဃာတော် အပါး ၁၀၈၀ အား အရှုဏ်ဆွမ်းလောင်းလှူခြင်းနှင့် အောင်ပွဲမင်္ဂလာကျင်းပ



**တောင်ကြီး အောက်တိုဘာ ၁၆**

ရှမ်းပြည်နယ်အစိုးရအဖွဲ့က ကြီးမှူး၍ တောင်ကြီးမြို့ပေါ်ရှိ စာသင်တိုက်ကျောင်းမှ ဆရာတော်၊ သံဃာတော်များအားအရှုဏ်ဆွမ်းနှင့်ဆွမ်းဟင်းများလောင်းလှူပွဲနှင့် အောင်ပွဲမင်္ဂလာပွဲကို အောက်တိုဘာလ ၁၆ ရက် နံနက်ပိုင်းတွင် ရှမ်းပြည်နယ်(တောင်ပိုင်း) တောင်ကြီးမြို့ သာသနာလင်္ကာရကမ္ဘာ့ဗေဒသာသနာ့ဗိမာန်ကျောင်းရှေ့၌ကျင်းပသည်။

ရှေးဦးစွာ တောင်ကြီးမြို့ပေါ်ရှိ ကျောင်း ၁၀၄ ကျောင်းမှ ဆရာတော်၊ သံဃာတော် အပါး ၁၀၈၀ အား ရှမ်းပြည်နယ်ဝန်ကြီးချုပ် ဦးအောင်အောင်၊ ပြည်နယ်ဝန်ကြီးများ၊ ပြည်နယ်ဥပဒေချုပ်၊ ပြည်နယ်အစိုးရအဖွဲ့အတွင်းရေးမှူးတို့ကဦးဆောင်၍ ပြည်နယ်၊ ခရိုင်၊ မြို့နယ်အဆင့်ဌာနဆိုင်ရာများ၊ ဒေသခံပြည်သူများက ဆွမ်းနှင့်ဆွမ်းဟင်းများ၊ အချိုပွဲများ၊ သစ်သီးများ၊ ခေါက်ဆွဲခြောက်များ လောင်းလှူကြသည်။

ဆက်လက်၍ ဆွမ်းနှင့် ဆွမ်းဟင်းများ လောင်းလှူပွဲအောင်ပွဲကို တောင်ကြီးမြို့ သာသနာလင်္ကာရကမ္ဘာ့ဗေဒသာသနာ့ဗိမာန်၌ ကျင်းပရာ ဆရာတော်၊ သံဃာတော်များအား ရှမ်းပြည်နယ်ဝန်ကြီးချုပ်ဦးအောင်အောင်နှင့် တာဝန်ရှိသူများက အရှုဏ်ဆွမ်းဆက်ကပ်လှူဒါန်းကြသည်။

ထို့နောက်အခမ်းအနားကို ဆရာတော်၊ သံဃာတော်များ၊ ပြည်နယ်ဝန်ကြီးချုပ်အမှူးပြုသော ဧည့်ပရိသတ်တို့ကနမောတဿသုံးကြိမ်ရွတ်ဆိုဘုရားကန်တော့၍ဖွင့်လှစ်ပြီး နိုင်ငံတော်ဩဝါဒါစရိယ တောင်ကြီးမြို့ ကံသာရပ်ကွက် စွန်းလွန်းဂူကမ္မဋ္ဌာန်းကျောင်းတိုက်ဦးစီးပဓာနနာယကအဂ္ဂမဟာပဏ္ဍိတ မဟာကမ္မဋ္ဌာနာစရိယဆရာတော်ဘဒ္ဒန္တအဂ္ဂဓမ္မာဘိဝံသထံမှ ငါးပါးသီလခံယူဆောက်တည်ပြီး ပရိတ်တရားတော်များနာယူကြည်ညိုကြသည်။

ယင်းနောက် ပြည်နယ်ဝန်ကြီးချုပ်၊ ပြည်နယ်တရားလွှတ်တော်တရားသူကြီးချုပ်နှင့်တာဝန်ရှိသူများက ဆရာတော်၊ သံဃာတော်များအား လှူဖွယ်ဝတ္ထုပစ္စည်းများဆက်ကပ်လှူဒါန်းကြကြောင်း သိရသည်။

**မောင်မောင်သန်း(တောင်ကြီး)**

---

# သန့်ရှင်းသောသောက်သုံးရေများဖူလုံစွာရရှိရေး တွင်းဆေး တွင်းမှုတ်လုပ်ငန်းများဆောင်ရွက်

**နေပြည်တော် အောက်တိုဘာ ၁၆**

နေပြည်တော်ကောင်စီနယ်မြေ ပျဉ်းမနားမြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကျေးလက်နေပြည်သူများ သန့်ရှင်းသော သောက်ရေ/သုံးရေများ ဖူလုံမှုရရှိစေရန်ရည်ရွယ်၍ ပေါစံခေါကျေးရွာအတွင်းရှိ ရေတွင်းများအား တွင်းဆေး၊ တွင်းမှုတ် ဆောင်ရွက်ခြင်းနှင့် ဆက်စပ်လုပ်ငန်းများ ဆောင်ရွက်နေမှုအခြေအနေများကို အောက်တိုဘာလ ၁၆ ရက် နံနက်ပိုင်းတွင် တာဝန်ရှိသူများက ကွင်းဆင်းစစ်ဆေးကြောင်း သိရသည်။

ထိုသို့ကွင်းဆင်းစစ်ဆေးရာတွင် ပျဉ်းမနားမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဒေါ်နေခြည်ဇာဝေနှင့် တာဝန်ရှိသူများသည် မိုးသည်းထန်စွာရွာသွန်း၍ ရေကြီးရေလျှံမှုများ ဖြစ်ပေါ်ခဲ့သည့် ပေါစံခေါကျေးရွာရှိ ရေတွင်း တွင်းတိမ်/တွင်းနက် ၃၁ တွင်းကို သန့်ရှင်းသော သောက်သုံးရေရရှိရေးအတွက် တွင်းဆေး၊ တွင်းမှုတ်ခြင်းနှင့်ဆက်စပ်လုပ်ငန်းများ ဆောင်ရွက်နေမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး ကျေးရွာရှိ ရေတွင်း/ရေကန်များအတွင်း ကလိုရင်းဆေးမှုန့်ခတ်ခြင်း၊ ရေသန့်ဆေးများဖြန့်ဝေခြင်းများကို ကျေးရွာသူ၊ ကျေးရွာသားများဖြင့် ပူးပေါင်းဆောင်ရွက်ကြကြောင်း သိရသည်။

**စိန်လွင်(ကျေးလက်)**

---

# မိုးစပါးသီးနှံ ခေါင်နှံမျိုးသန့်ရွေးချယ်ခြင်း ကွင်းသရုပ်ပြပွဲကျင်းပ

**မုဒုံ အောက်တိုဘာ ၁၆**

မွန်ပြည်နယ် မုဒုံမြို့၌ မိုးစပါးသီးနှံ ခေါင်နှံမျိုးသန့်ရွေးချယ်ခြင်း ကွင်းသရုပ်ပြပွဲကို အောက်တိုဘာလ ၁၅ ရက် နံနက်ပိုင်းတွင် ဘဲရမ်းကျေးရွာရှိ တောင်သူဒေါ်မတော၏ လယ်မြေ၌ ကျင်းပသည်။



ကွင်းသရုပ်ပြပွဲတွင် မုဒုံမြို့နယ်စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဦးငြိမ်းချမ်းကျော်က မိုးစပါးခေါင်နှံမျိုးသန့် ရွေးချယ်စိုက်ပျိုးရန် နည်းပညာများ၊ ပျိုးပေါင်ပြုလုပ်၍ ပျိုးထောင်ခြင်း၊ ပျိုးနုတ်စိုက်ပျိုးခြင်း၊ မျိုးသန့်ရွေးချယ်ရာတွင် မျိုးကွဲပယ်၊ အပင်ပွားစီးချိန်၊ ပန်းပွင့်ချိန်၊ ရင့်မှည့်ချိန်၊ ရိတ်သိမ်းခြွေလှေ့သန့်စင်အခြောက်ခံ၍ မျိုးအဖြစ်သိုလှောင်သိမ်းဆည်းခြင်းနည်းပညာများနှင့် စိုက်ဧက သုည ဒသမ ၁၂ ဧကစိုက်ပျိုးပါက ခန့်မှန်းတစ်ဧကလျှင် အထွက်နှုန်းတင်း ၅၀ ထွက်ရှိရာမှ ခေါင်နှံမျိုးသန့်ရွေးချယ်ရာတွင် ငါးတင်း၊ ခြောက်တင်းခန့်ထွက်ရှိပြီး လာမည့်နှစ် စိုက်ပျိုးရာသီတွင် မျိုးသန့်စိုက်ခင်း ငါးဧကအထိ ပြန်လည်စိုက်ပျိုးနိုင်ကြောင်းကို တောင်သူများအား ရှင်းလင်းပြောကြားသည်။

အဆိုပါ ကွင်းသရုပ်ပြပွဲသို့ မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနဦးစီးမှူးနှင့်ဝန်ထမ်းများ၊ တောင်သူများ တက်ရောက်ကြပြီး ကွင်းအတွင်းရှိ မိုးစပါးသီးနှံ ခေါင်နှံမျိုးသန့်များကို ရွေးချယ်ကြကြောင်း သိရသည်။

**အောင်မျိုးသူ(ပြန်/ဆက်)**

---

## သီတင်းကျွတ်ပြီ နှင်းဆွတ်ရည် (တျာချင်း)

➡ ငွေနှင်းမှုန်ရိပ်၊ နိမိတ်ဟန်ပြင်
တိမ်လိပ်ကင်းရှင်း၊ လှဆင်းစံအသွင်
ရနံ့ချိုလွင်၊ ရေပြင်ကန်ထဲ
ရွှန်းတင့်ဟန်မြိုင်၊ မွှေးပျံ့လှိုင်
ထုံကြိုင်လန်းစွင့် ကဲသည်နှင့်လေး။

➡ မြိုင်ဆိုင်တင့်မြဲ၊ မီးပွဲရောင်စုံ
ဝါနီပြာလွှမ်း၊ မီးပန်းငယ်ဖုံဖုံ
သာမျိုးရယ်မကုန်၊ နှင်းမှုန်ခြွေထား
သီတင်းကျွတ်ပြီ၊ နှင်းဆွတ်ရည်
ရွှင်ကြည်လန်းလှ ကြွားသည်နှင့်လေး။

➡ ဝတီတစ်လွှား၊ သီကြားနတ်ဖြဟ္မာ
ဝန်းရံပတ်လွှမ်း၊ တင့်ဆန်းကြည်ညိုစွာ
ဘဂဝါဗုဒ္ဓါ၊ ကြွလာဘိတောင်း
ရည်မှန်းခါတွင်၊ ပွဲသဘင်
လန်းရွှင်ဖွယ်ရာ ကောင်းသည်နှင့်လေး။

➡ နတ်ဒေဝါပေါင်း၊ ခညောင်းပေတာ
မိနတ်သားအား၊ ဟောကြားဒေသနာ
အဘိဓမ္မာ၊ မိန့်ရှာအနှစ်
ကျေးဇူးဆပ်ရာ၊ သီတင်းခါ
ဝေဖြာဟောမိန့် လှစ်သည်နှင့်လေး။

➡ တရားအစစ်၊ ဆန်းသစ်ကြားနာ
ရောင်ဝါထင်လင်း၊ မီးမြင်းမိုရ်လင်းစွာ
မိဘဆရာ၊ ရည်ကာမြတ်နိုး
ရိုကျိုးပန်ထွာ၊ ဦးထိပ်မှာ
ဆယ်ဖြာယှက်မိုး ရှိခိုးသည်နှင့်လေး။

➡ လှူပ်နှိုးစေတနာလှူ့ပြည့်ရွှာ
ဘဂဝါမြန်းကြွချီ။
မြတ်နိုးဝန္ဒနာ သီတင်းကျွတ်ခါ
ဒေသနာလမ်းပြသည်။ ။

**ချမ်းမြဆောင်း(ကလော)**

---

## သဇင် (FM)အသံလွှင့်အစီအစဉ်

၁၇-၁၀-၂၀၂၄(ကြာသပတေးနေ့)

| | | | | | |
|---|---|---|---|---|---|
| ၁။ | ၀၆:၃၀ | ခံစားနားဆင်မြန်မာသံစဉ် | ၄။ | ၁၇:၀၀ | အနုပညာခရီးလမ်း |
| ၂။ | ၁၀:၀၀ | Internet Pages | ၅။ | ၁၈:၂၀ | Thazin Request Song |
| ၃။ | ၁၄:၃၀ | Live For You | ၆။ | ၂၁:၂၀ | လွမ်းသဝဏ်လွှာ |

# သဘာဝသာယာမင်္ဂလာရှိရာ သီတင်းကျွတ်ချိန်ခါ

စိန်ဌေးလှိုင်(ပခုက္ကူ)



သီတင်းကျွတ်လသည် မြန်မာပြက္ခဒိန်၏သတ္တမမြောက်လဖြစ်သည်။ ရက်မစုံလဖြစ်ပြီး ရာသီပန်းမှာကြာပန်းဖြစ်သည်။ စန်းယှဉ်နက္ခတ်မှာအဿဝနီနက္ခတ်ဖြစ်သည်။ ဗုဒ္ဓဘာသာ၏ဝါတွင်းကာလပြီးဆုံးသောအချိန်အခါလည်းဖြစ်သည်။ “တော်ကျွတ်မုန်းရှေ့” ဆိုသောစကားအရ နဂါးဦးခေါင်းသည်အရှေ့အရပ်သို့လှည့်၏။ ရက်ရာဇာများမှာ အင်္ဂါနှင့်ကြာသပတေးတို့ဖြစ်ပြီး တနင်္ဂနွေနှင့်တနင်္လာတို့မှာ ပြဿဒါးရက်များဖြစ်ကြသည်။

ဗုဒ္ဓဘာသာဝင်မြန်မာလူမျိုးတို့သည် သီတင်းကျွတ်လပြည့်နေ့ရောက်တိုင်း မီးထွန်းပွဲတော်ကိုဆင်နွှဲကြသည်။ ပုဂံမြို့ မြင်းကပါဂူပြောက်ကြီးဘုရားရှိ ရှေးဟောင်းပန်းချီကားတွင် ဘုရားရှင်ဆင်းသက်လာပုံနှင့် မီးထွန်းနေပုံကိုရေးဆွဲထားသောကြောင့် မီးထွန်းပွဲတော်သည်ပုဂံခေတ်ကတည်းကကျင်းပခဲ့သည်မှာ အထင်အရှားဖြစ်၏။ ရှေးမြန်မာမင်းများလက်ထက်တွင် မင်းသား၊ မင်းမြေး၊ မှူးတော်မတ်တော်တို့၏အဆင်တန်ဆာများအသစ်လဲလှယ်ပေးခြင်းကို သီတင်းကျွတ်လတွင်ပြုလုပ်ကြသည်။ ထို့ပြင်ဘုရားစေတီတို့တွင် ဆီမီးပူဇော်ထွန်းညှိခြင်းနှင့် ဝါကျွတ်ကန်တော့ပွဲကိုကျင်းပကြသည်။ ထို့ကြောင့်ဖိုးသူတော်ဦးမင်း၏ဆယ့်နှစ်လရာသီဘွဲ့သဖြန့်တွင် "ကြာငါးမည်ကြိုင်သင်းလို့၊ လျှံဝင်းတဲ့ပြောင်ထိန်၊ ရွှေနန်းတောင်တော်ဦးမှာလ၊ ကွန့်မြူးမြင်းမိုရ်မီး၊ ညီးတဲ့ခါချိန်၊ ရှိခိုးငယ်နှိမ်၊ သုံးကြိမ်ရိုပြောင်း၊ သက္ကာစ္စဂါရဝါနှင့်၊ စဉ်အလာပူဇော်ပွဲကို၊ ခဲကြပေတောင်း" ဟု စပ်ဆိုခဲ့သည်။

**ယနေ့ခေတ်တွင် စေတီ၊ ပုထိုး၊ ဘုရားကျောင်းကန်များနှင့် နေအိမ်ခြံဝင်းတို့၌ ရောင်စုံလျှပ်စစ်မီး၊ စက္ကူမီးပုံး၊ ဖယောင်းတိုင်၊ မြေဆီမီးခွက်များဖြင့် အလှဆင်ထွန်းညှိကြသည်။ ကျေးလက်ဒေသများတွင် ရွာသူ၊ ရွာသားများသည် အိုးစည်ဒိုးပတ်၊ အကအခုန်များဖြင့် ဘုန်းကြီးကျောင်းကိုသွားရောက်ကာ မီးထွန်းပွဲတော်ကိုကျင်းပကြ၏။**

ယနေ့ခေတ်တွင် စေတီ၊ ပုထိုး၊ ဘုရားကျောင်းကန်များနှင့် နေအိမ်ခြံဝင်းတို့၌ရောင်စုံလျှပ်စစ်မီး၊ စက္ကူမီးပုံး၊ ဖယောင်းတိုင်၊ မြေဆီမီးခွက်များဖြင့် အလှဆင်ထွန်းညှိကြသည်။ ကျေးလက်ဒေသများတွင် ရွာသူ၊ ရွာသားများသည် အိုးစည်ဒိုးပတ်၊ အကအခုန်များဖြင့် ဘုန်းကြီးကျောင်းကိုသွားရောက်ကာ မီးထွန်းပွဲတော်ကိုကျင်းပကြ၏။ ရပ်ကွက်၊ ကျေးရွာအလိုက်ဘုရားပွဲတော်၊ နိဗ္ဗာန်ဈေးတို့တွဲဖက်ဆင်နွှဲကြကာ ဇာတ်ပွဲ၊ အငြိမ့်ပွဲများလည်း ကပြကြသည်။ ထို့ပြင်မိဘ၊ ဆရာသမား၊ မိမိထက်အသက်ဂုဏ်ဝါကြီးသူ၊ မြင့်မြတ်သူ၊ ရိုသေလေးစားထိုက်သူတို့အပေါ်အပြစ်ကြီးငယ်ရှိပါက ခွင့်လွှတ်ပါရန်ငယ်သူတို့က ရှိခိုးကန်တော့တောင်းပန်ကြသည်။ ယခုကဲ့သို့အစဉ်အလာကောင်းသည် ယနေ့ထက်တိုင် တည်တံ့လျက်ရှိသည်။ ထို့ကြောင့်စာဆိုရှင်ဦးပြုံးချို က "ဂါရဝေါ၊ သက္ကစ္စံ ပဏာမေဖြင့်၊ သဒ္ဓါခြွေကန်တော့ပွဲကိုလ၊ မစဲပေါင်ကုသိုလ်နှီးကြတယ်၊ မျိုးမြန်မာ့တိုင်း"ဟုရေးစပ်သီကုံးခဲ့သည်။

ဗုဒ္ဓဘာသာအနေဖြင့် သီတင်းကျွတ်လတွင် “အဘိဓမ္မာအခါတော်နေ့” ဆိုသောနေ့တစ်နေ့ရှိသည်။ ၎င်းနေ့ပေါ်ပေါက်လာပုံမှာ မြတ်စွာဘုရားရှင်သည် သတ္တမမြောက်ဝါကို တာဝတိံသာနတ်ပြည်တွင် ဝါဆိုဝါကပ်တော်မူသည်။ နတ်ပြည်ရှိ ပဏ္ဍုကမ္ဗလာကျောက်ဖျာထက်တွင် မယ်တော်ဖြစ်ခဲ့ဖူးသော သန္တုသိတနတ်သားကိုကျေးဇူးဆပ်လိုသည့် ရည်ရွယ်ချက်ဖြင့် အဘိဓမ္မာ ခုနစ်ကျမ်းတရားတော်ဟောကြား၏။ စကြဝဠာတိုက်တစ်သောင်းမှ ဗြဟ္မာ၊ နတ်အပေါင်းတို့သည်လည်းတရားနာရန် လာရောက်ကြသည်။

အဘိဓမ္မာဆိုသည်မှာ သတ္တလောက၊ ဩကာသလောက၊ သင်္ခါရလောကတို့မှ အကြောင်းအရာများကို ခွဲခြမ်းစိတ်ဖြာကာ ပြည့်စုံစွာဟောကြားထားသောပရမတ္ထဒေသနာတော်ဖြစ်သည်။ ရုပ်၊ နာမ်တရားနှင့်ပတ်သက်၍ အရှိကိုအရှိအတိုင်း၊ အမှန်ကိုအမှန်အတိုင်းဓမ္မဓိဋ္ဌာန်ကျကျဟောပြသောတရားတော်ဖြစ်သည်။ ထို့ပြင်အဘိဓမ္မာတရားတော်တွင် ကုသိုလ်၊ အကုသိုလ်တို့ကိုအကျဉ်းချုပ်ပြဆိုသည့် ဓမ္မသင်္ဂဏီကျမ်း၊ ခန္ဓာတရားတို့ကိုသုတ္တနည်း၊ အဘိဓမ္မာနည်းဖြင့်အမေးအဖြေပြုကာအကျယ်တဝင့်ဟောကြားသော ဝိဘင်းကျမ်း၊ ဓာတ်အမျိုးမျိုးကိုဟောကြားသည့်ဓာတုကထာကျမ်း၊ ပုဂ္ဂိုလ်အမျိုးမျိုးတို့ကိုခွဲခြားသတ်မှတ်အမည်တပ်ကာ ဟောကြားသောပုဂ္ဂလပညတ်ကျမ်း၊ အယူဝါဒနှင့်ဆိုင်သောစကား၏တည်ရာဖြစ်ပြီး အဘိဓမ္မာအနှစ်သာရပြည့်စုံသောကထာဝတ္ထုကျမ်း၊ အနုလုံပဋိလုံ၊ ပုစ္ဆာနှင့်ဝိသဇ္ဇနာ၊ သန္နိဋ္ဌာန်နှင့်သံသယအစုံစုံကိုပြုပြီးဟောကြားသည့်ယမိုက်ကျမ်း၊ ကုသိုလ်တရားတို့ကို၂၄ ပစ္စည်းဖြင့်ဝေဖန်ဟောကြားပြီး သဗ္ဗညုတဉာဏ်တော်၏ကျက်စားရာဖြစ်သောပဋ္ဌာန်းကျမ်းဟူ၍ ကျမ်းခုနစ်ကျမ်းရှိသည်။ အဘိဓမ္မာတရားတော်သည်သာမန်ပုဂ္ဂိုလ်တို့နားလည်ရန်ခက်ခဲပြီး ဗုဒ္ဓဘုရားရှင်ကသာအကုန်အစင်သိတော်မူ၏။ ပရိယတ္တိသာသနာကွယ်ပရာတွင် အဘိဓမ္မာပိဋကတ်တော်ကစတင်ကွယ်လိမ့်မည်ဟု အဋ္ဌကထာများတွင် ရေးသားထားသောကြောင့် ရှေးပုဂ္ဂိုလ်ပညာရှိတို့သည် အဘိဓမ္မာကိုအထူးအားစိုက်သင်ကြားကြသည်။

မြတ်ဗုဒ္ဓသည် အဘိဓမ္မာကိုဝါဆိုလပြည့်နေ့မှ သီတင်းကျွတ်လပြည့်နေ့အထိ သုံးလတာဟောကြားသည်။ ဘုရားရှင်ဆွမ်းခံနေချိန်၊ ဆွမ်းကွမ်းဘုဉ်းပေးနေချိန်နှင့် နားနေချိန်များတွင် ဘုရားရှင်ကိုယ်စားနိမ္မိတရုပ်ပွားတော်ကိုဖန်ဆင်းပြီး စဉ်ဆက်မပြတ်ဟောကြား၏။ ဘုရားရှင်ကမြောက်ကျွန်းဥတ္တရကုရုတွင် ဆွမ်းခံပြီးသောအခါ ဟိမဝန္တာအနောက်ဘက်ရှိ အနောတတ်အိုင်အနီးရှိ ကျောက်ဖျာပေါ်သို့ကြွရောက်သည်။ ထိုအချိန်တွင်ရှင်သာရိပုတ္တရာမထေရ်က ဘုရားရှင်ကို ဝတ်ကြီးဝတ်ငယ်ပြုစုသည်။ ဘုရားရှင်သည်တာဝတိံသာနတ်ပြည်တွင် တစ်နေ့တာဟောကြားခဲ့သည့် အဘိဓမ္မာတရားအားသင်္ခေပ(အကျဉ်း)နည်းဖြင့် ရှင်သာရိပုတ္တရာကိုနေ့စဉ်ဟောကြား၏။ သီတင်းကျွတ်လပြည့်နေ့တွင် အဘိဓမ္မာတရားတော်ဟောကြားမှုပြီးဆုံးသောကြောင့် ၎င်းနေ့ကိုအဘိဓမ္မာအခါတော်နေ့ဟုခေါ်ဆိုကြသည်။

မြတ်စွာဘုရားရှင်သည် အဘိဓမ္မာတရားတော်ဟောကြားမှုပြီးဆုံးသောအခါ လူ့ပြည်သို့ဆင်းသက်မည့်အကြောင်းသိကြားမင်းကိုမိန့်ကြားလိုက်သည်။ လူ့ပြည်သို့မဆင်းသက်မီရေမီးအစုံဖြင့် လောကဝိဝရဏတန်ခိုးပြာဋိဟာပြတော်မူသည်။ သိကြားမင်းသည် မြင်းမိုရ်တောင်ထိပ်တွင်ရွှေစောင်းတန်း၊ ငွေစောင်းတန်း၊ ပတ္တမြားစောင်းတန်းတို့ဖန်ဆင်းလိုက်၏။ လက်ယာဘက်ရွှေစောင်းတန်းတွင် နတ်များ၊ လက်ဝဲဘက်ငွေစောင်းတန်း၌ ဗြဟ္မာကြီးများကလိုက်ပါပို့ဆောင်သည်။ ဘုရားရှင်သည်အလယ်တွင်ရှိသော ပတ္တမြားစောင်းတန်း၌နေတော်မူပြီး ရောင်ခြည်တော်ခြောက်သွယ်ကွန့်မြူးကာ ဆင်းသက်တော်မူ၏။ မြတ်စွာဘုရား၏လက်ယာနံပါးတွင် ပဉ္စသိခနတ်သားက ဗေလုဝစောင်းတီးပြီးလိုက်ပါသည်။ လက်ဝဲဘက်နံပါးတွင် မာတလိနတ်သားကနတ်ပန်းနံ့သာအမွှေးအကြိုင်တိုင်များကိုကိုင်စွဲကာလိုက်ပါ၏။ သုယာမနတ်မင်းကစာမရီသားမြီးဖြင့် ယပ်ခတ်၍လည်းကောင်း၊ သန္တုသိတနတ်မင်းကပတ္တမြားယပ်ဝန်းဖြင့် ယပ်ခတ်၍လည်းကောင်း လိုက်ပါလာသည်။ သိကြားမင်းကလည်း ဝိဇယုတ္တရခရုသင်းမှုတ်ကာမြတ်ဘုရား၏လက်ယာဘက်မှ ဆင်းသက်လိုက်ပါ၏။ လက်ဝဲဘက်ငွေစောင်းတန်းတွင် သဟမ္ပတိဗြဟ္မာကြီးသည်ထီးဖြူကြီးဖြင့် ဆောင်မိုးပူဇော်ပါသည်။

အဂ္ဂသာဝကဓမ္မသေနာပတိရှင်သာရိပုတ္တရာမထေရ်နှင့်ပရိသတ်အပေါင်းသည် သာဝတ္ထိပြည်၊ သင်္ကဿနဂိုရ်မြို့တံခါးတွင် ဘုရားရှင်ကို သောင်းသောင်းဖြဖြကြိုဆိုကြသည်။ သာဝတ္ထိပြည်သူပြည်သားအပေါင်းတို့ကလည်း မြတ်စွာဘုရားကိုဖူးမြော်ရန်လာရောက်ကြကာ မီးတိုင်၊ မီးပန်း၊ ဆီမီး၊ ပန်း၊ ရေချမ်းတို့ဖြင့်ကပ်လှူကြ၏။ ဘုရားရှင်၏အသရေကိုဖူးမြင်ကြရသော ၃၆ ယူဇနာအတွင်းရှိပရိသတ်တို့မှာဘုရားဖြစ်လိုကြောင်း ဆုပန်ကြသည်။ ထို့ကြောင့်သီတင်းကျွတ်လပြည့်နေ့ကို"ဘုရားဆုပန်နေ့"ဟုလည်းကောင်း၊ ဘုရားရှင်သည်တာဝတိံသာနတ်ပြည်မှကြွချီတော်မူသည်ကိုအကြောင်းပြုကာ "တာဝတိံသာပွဲ" ဟုလည်းကောင်း၊ မြင်းမိုရ်တောင်ထိပ်မှ ဆင်းသက်သည်ကိုအစွဲပြုပြီး "မြင်းမိုရ်ပွဲ" ဟုလည်းကောင်းခေါ်ဆိုကြသည်။

ဗုဒ္ဓဘာသာတွင်သီတင်းကျွတ်လပြည့်နေ့ကို “ပဝါရဏာနေ့”ဟုလည်းခေါ်ဆိုကြသေးသည်။ ၎င်းနေ့ပေါ်ပေါက်လာပုံမှာ ဘုရားရှင်လက်ထက်က ကောသလတိုင်း ဇနပုဒ်ရွာကျောင်းတစ်ကျောင်းမှရဟန်းတို့သည်ငြင်းခုံမှုမရှိရအောင် ဝါတွင်းကာလတွင်အချင်းချင်းစကားမပြောဘဲနေထိုင်ကြ၏။ ထိုအကြောင်းအရာကို ဘုရားရှင်သိတော်မူသည့်အခါ စကားမပြောဘဲနေခြင်းသည် တိရစ္ဆာန်တို့နေထိုင်နည်း(ပသုသံဝါသ)နှင့် လူအတို့အကျင့်(မူဂပဗ္ဗတ)များဖြစ်ကြောင်းဆုံးမတော်မူသည်။ ထို့ပြင်သီတင်းကျွတ်လပြည့်နေ့တွင် ရဟန်းအပေါင်းတို့သည်သိမ်တစ်ခုတည်းတွင်စုဝေးပြီးအချင်းချင်းအပြစ်ကြီးငယ်ရှိပါက သည်းခံခွင့်လွှတ်ရန်၊ လမ်းမှန်ကိုညွှန်ပြရန်၊ သွန်သင်ဆုံးမရန်တောင်းပန်ကြရမည်ဟု ဘုရားရှင်ကပညတ်တော်မူ၏။ ထိုသို့ပြုမှုသည်ကိုပဝါရဏာပြုသည်ဟုခေါ်ဆိုသည်။ ပဝါရဏာပြုခြင်းသည်သံဃာအချင်းချင်းညီညွတ်မှု၊ ဝမ်းမြောက်ဝမ်းသာစကားပြောရမှု၊ အချင်းချင်းငြင်းခုံမှုမရှိဘဲ ချမ်းသာစွာနေရမှုအကျိုးတရားများရရှိစေသည်။

အချုပ်အားဖြင့်ဆိုရလျှင် သီတင်းကျွတ်လသည် မိုးရာသီကုန်ဆုံးကာ ခြေခင်းလက်ခင်းသာယာသောလတစ်လဖြစ်သည်။ ဗုဒ္ဓဘာသာဝင်မြန်မာလူမျိုးတို့သည် မီးထွန်းပွဲတော်ကိုစည်ကားသိုက်မြိုက်စွာကျင်းပကြသည်။ ဘုရားရှင်ကကျယ်ဝန်းနက်နဲလှသော အဘိဓမ္မာတရားတော်ကို ဤလတွင်ဟောကြားတော်မူခဲ့သည်။ ရဟန်းသံဃာများ၏စည်းလုံးညီညွတ်မှုကိုပြသသော ပဝါရဏာနေ့သည်လည်းတည်ရှိသည်။ ဘိုးဘွားမိဘဆရာသမားတို့ကိုလည်းကန်တော့ကြသည်၊ ထို့ကြောင့်သီတင်းကျွတ်လသည်သဘာဝအနေဖြင့်လည်း သာယာနေသည်။ လောကီလောကုတ္တရာအရေးတို့တွင် ကောင်းခြင်းမင်္ဂလာနှင့်ပြည့်စုံနေပေရာ“သဘာဝသာယာမင်္ဂလာရှိရာ သီတင်းကျွတ်ချိန်ခါ”ပင်ဖြစ်ပါတော့သည်။ ။

# (၂၅)ကြိမ်မြောက် ငွေရတုအထိမ်းအမှတ် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ဓာတ်ပုံမြင်ကွင်းများ

















# ၂၀၂၄ ခုနှစ် (၂၅)ကြိမ်မြောက် ငွေရတုအထိမ်းအမှတ် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး (ဗဟိုအဆင့်)ပြိုင်ပွဲများ ဆက်လက်ကျင်းပ

**နေပြည်တော်   အောက်တိုဘာ ၁၆**

၂၀၂၄ ခုနှစ် (၂၅)ကြိမ်မြောက် ငွေရတု အထိမ်းအမှတ် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး (ဗဟိုအဆင့်) ပြိုင်ပွဲ တတိယနေ့ကို ယနေ့နံနက်ပိုင်းတွင် ပြည်ထောင်စုနယ်မြေ နေပြည်တော်ရှိ သတ်မှတ်နေရာ အသီးသီးတွင် စည်ကား သိုက်မြိုက်စွာ ဆက်လက်ကျင်းပသည်။






ယနေ့တွင် **"မဟာဂီတ" တေးသီချင်း အဆိုပြိုင်ပွဲ**ကို မြန်မာအပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်း ဗဟို႒ာန(၂) Signing Room ၌ ကျင်းပရာ **ဝါသနာရှင်အဆင့်(ဒုတိယတန်း) အမျိုးသားပြိုင်ပွဲ**တွင် ရေဝတီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ရန်ကုန်တိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မွန်ပြည်နယ်၊ ကရင်ပြည်နယ်၊ ကယားပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် မန္တလေးတိုင်းဒေသကြီးတို့မှ ပြိုင်ပွဲဝင်များက "စိန်ကြောင်နီလာ"(ပတ်ပျိုး) သီချင်းဖြင့် လည်းကောင်း၊ **ဝါသနာရှင်အဆင့်(ပထမတန်း) အမျိုးသမီးပြိုင်ပွဲ**တွင် ရေဝတီတိုင်းဒေသကြီး၊ ရခိုင်ပြည်နယ်၊ ပဲခူးတိုင်းဒေသကြီး၊ ကယားပြည်နယ်၊ ရန်ကုန်တိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီးနှင့် မန္တလေးတိုင်းဒေသကြီးတို့မှ ပြိုင်ပွဲဝင်များက "စိန်မြရံခြယ်"(မွန်) သီချင်းဖြင့် လည်းကောင်း ယှဉ်ပြိုင်ကြသည်။



**"ကာလပေါ်" တေးသီချင်း အဆိုပြိုင်ပွဲ**ကို မြန်မာအပြည်ပြည်ဆိုင်ရာကွန်ဗင်းရှင်း ဗဟို႒ာန (၂) Banquet Hall ၌ ကျင်းပရာ **အခြေခံပညာအဆင့် (အသက် ၁၀ နှစ်မှ ၁၅ နှစ်အတွင်း) အမျိုးသားပြိုင်ပွဲ**တွင် တနင်္သာရီတိုင်းဒေသကြီး၊ ရခိုင်ပြည်နယ်၊ မန္တလေးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ မွန်ပြည်နယ်၊ ကရင်ပြည်နယ်၊ မကွေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်နှင့်ရေဝတီတိုင်းဒေသကြီးတို့မှ ပြိုင်ပွဲဝင်များက "ကိုယ့်ရပ်႒ာနေ"သီချင်းဖြင့် လည်းကောင်း၊ **ဝါသနာရှင်အဆင့်(ဒုတိယတန်း) အမျိုးသမီးပြိုင်ပွဲ**တွင် ရန်ကုန်တိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ရေဝတီတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ကယားပြည်နယ်၊ မွန်ပြည်နယ်၊ ချင်းပြည်နယ်၊ ကရင်ပြည်နယ်၊ ရခိုင်ပြည်နယ်၊ မန္တလေးတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ တနင်္သာရီတိုင်းဒေသကြီး၊ ရှမ်းပြည်နယ်နှင့် ပဲခူးတိုင်းဒေသကြီးတို့မှ ပြိုင်ပွဲဝင်များက "နွေမိုးဆောင်း" သီချင်းဖြင့်လည်းကောင်း သီချင်းများ၏ ရသပေါ်လွင်အောင်ဖော်ကျူး သီဆိုယှဉ်ပြိုင်ကြသည်။










**အကပြိုင်ပွဲ**ကို မြန်မာအပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်း ဗဟို႒ာန(၂) Plenary Hall ၌ ကျင်းပရာ **ဝါသနာရှင်အဆင့်(ပထမတန်း) အမျိုးသားပြိုင်ပွဲ**တွင် မန္တလေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ရေဝတီတိုင်းဒေသကြီး၊ မွန်ပြည်နယ်၊ မကွေးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ကရင်ပြည်နယ်နှင့် တနင်္သာရီတိုင်းဒေသကြီးတို့မှ ပြိုင်ပွဲဝင်များက သက်ဆိုင်ရာတိုင်းဒေသကြီးနှင့် ပြည်နယ်အလိုက် ဆိုင်းဝိုင်းအဖွဲ့များ၏ ပံ့ပိုးတီးခတ်မှုနှင့်အတူ ရသစုံလင်လှသည့် အဆို၊ အပြောများ၊ အကအလှများဖြင့်လည်းကောင်း၊ **အခြေခံပညာအဆင့် (အသက် ၁၀ နှစ်မှ ၁၅ နှစ်အတွင်း) အမျိုးသမီးပြိုင်ပွဲ**တွင် ရန်ကုန်တိုင်းဒေသကြီး၊ ရခိုင်ပြည်နယ်၊ မွန်ပြည်နယ်၊ ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ကရင်ပြည်နယ်၊ စစ်ကိုင်းတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ကယားပြည်နယ်၊ ရှမ်းပြည်နယ်၊ ရေဝတီတိုင်းဒေသကြီးနှင့် မန္တလေးတိုင်းဒေသကြီးတို့မှပြိုင်ပွဲဝင်များက ကကြိုးကကွက်စုံလင်စွာဖြင့် လည်းကောင်း ဖြိုင်ဖြိုင်ဆိုင်ဆိုင် ယှဉ်ပြိုင်ကြသည်။

**အရေးပြိုင်ပွဲ (သီချင်းသံစဉ် ထည့်သွင်းလေ့ကျင့်သီဆိုခြင်း)**ကို သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီး႒ာနရှိ ယဉ်ကျေးမှု ရတနာခန်းမ၌ကျင်းပရာ **အဆင့်မြင့်ပညာအဆင့်ပြိုင်ပွဲ**တွင် ကရင်ပြည်နယ်၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီးနှင့် ရေဝတီတိုင်းဒေသကြီးတို့မှ ပြိုင်ပွဲဝင်များက "ထံတျာတေအစ မဟာဂီတ" ခေါင်းစဉ်ဖြင့် လည်းကောင်း၊ **ဝါသနာရှင်အဆင့်(ပထမတန်း) ပြိုင်ပွဲ**တွင်

**စာမျက်နှာ ၁၃ သို့ ➪**



# နေပြည်တော် ပုဗ္ဗသီရိမြို့နယ်ရှိ သီရိမင်္ဂလာဥသျှစ်ကုန်းကျောင်းတိုက်ဆရာတော်နှင့် မှန်ကျောင်းတိုက်ဆရာတော်တို့အား နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးသန်းထွန်းဦး သွားရောက်ဖူးမြော်ကြည်ညို၊ လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်း



**နေပြည်တော် အောက်တိုဘာ ၁၆**

နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးသန်းထွန်းဦးသည် နေပြည်တော်ကောင်စီဝင် ဗိုလ်မှူးကြီးရဲမိုး၊ ဦးမင်းဦးတို့နှင့်အတူ ယနေ့နံနက်ပိုင်းတွင် နေပြည်တော် ပုဗ္ဗသီရိမြို့နယ်ရှိ သီရိမင်္ဂလာ ဥသျှစ်ကုန်းကျောင်းတိုက်ဆရာတော်နှင့် မှန်ကျောင်းတိုက်ဆရာတော်တို့အား သွားရောက်ဖူးမြော်ကြည်ညိုပြီး လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းကြသည်။

ဦးစွာ နေပြည်တော်ကောင်စီဥက္ကဋ္ဌနှင့်အဖွဲ့သည် နေပြည်တော် ပုဗ္ဗသီရိမြို့နယ်ရှိ သီရိမင်္ဂလာဥသျှစ်ကုန်းကျောင်းတိုက် ပဓာနနာယကဆရာတော်ဘဒ္ဒန္တကုလ္လဒ္ဓာစရိယနှင့် ကျည်တောင်ကန်(၂)ရပ်ကွက်အတွင်းရှိ မှန်ကျောင်းတိုက်ဘုန်းတော်ကြီးကျောင်း ပဓာနနာယကဆရာတော် ဘဒ္ဒန္တပရမတို့ကို သွားရောက်ဖူးမြော်ကြည်ညိုပြီး ကိုးပါးသီလခံယူဆောက်တည်ကာ ဆွမ်းဆန်တော်၊ ဆီ၊ လှူဖွယ်ဝတ္ထုပစ္စည်းများနှင့် နဝကမ္မအလှူတော်ငွေများ ဆက်ကပ်လှူဒါန်းသည်။

ထို့နောက် သီရိမင်္ဂလာဥသျှစ်ကုန်းကျောင်းတိုက် ပဓာနနာယကဆရာတော်ထံမှ ပရိသတ်များက အနုမောဒနာတရားနာယူကြည်ညို၍ လှူဒါန်းမှုအစုစုတို့အတွက် ရေစက်သွန်းချအမျှပေးဝေခဲ့ကြသည်။

မွန်းလွဲပိုင်းတွင် နေပြည်တော်ကောင်စီဥက္ကဋ္ဌသည်ပုဗ္ဗသီရိမြို့နယ် အေးမြင့်သာယာကျေးရွာအတွင်း ရေစီးရေလာကောင်းမွန်စေရေး ဆောင်ရွက်ရမည့်လုပ်ငန်းများ၊ ပေါက်တောကျေးရွာအခြေခံပညာမူလတန်းကျောင်းတွင် ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ် ပြည်ထောင်စုငွေလုံးငွေရင်းရန်ပုံငွေဖြင့် ကျောင်းဆောင်သစ် တည်ဆောက်နေမှုအခြေအနေများ၊ ပေါက်တောကျေးရွာနှင့် ဝက်ကုန်းကျေးရွာကြား ရေစီးရေလာကောင်းမွန်စေရေးတို့ကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ မှာကြားခဲ့ကြောင်း သိရသည်။

(သတင်းစဉ်)

---

➩ **စာမျက်နှာ ၁၂ မှအဆက်**

ကချင်ပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ ချင်းပြည်နယ်၊ မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်၊ ရှမ်းပြည်နယ်၊ စစ်ကိုင်းတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီးနှင့် ဧရာဝတီတိုင်းဒေသကြီးတို့မှ ပြိုင်ပွဲဝင်များက "မြန်မာ့ရိုးရာအမွေအလှတိုးဖြာစေ"ခေါင်းစဉ်ဖြင့်လည်းကောင်း ရသစုံလင်စွာ သံစဉ်ထည့်သွင်းလေ့ကျင့်သီဆိုကြသည်။

**စန္ဒရားအတီးပြိုင်ပွဲ**ကို မြန်မာအပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းဗဟိုဌာန(၂) News Briefing Room ၌ ကျင်းပရာ **အခြေခံပညာအဆင့် (အသက် ၁၅ နှစ်မှ ၂၀ နှစ်အတွင်း) အမျိုးသားပြိုင်ပွဲ**တွင် ဧရာဝတီတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ မန္တလေးတိုင်းဒေသကြီး၊ ကယားပြည်နယ်၊ ရန်ကုန်တိုင်းဒေသကြီး၊ ကရင်ပြည်နယ်၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ရှမ်းပြည်နယ်နှင့် မွန်ပြည်နယ်တို့မှ ပြိုင်ပွဲဝင်များက "မြိုင်ယံရွှေလှျံ"(ပတ်ပျိုး) သီချင်းဖြင့်လည်းကောင်း၊ **အဆင့်မြင့်ပညာအဆင့် အမျိုးသမီးပြိုင်ပွဲတွင်** ကချင်ပြည်နယ်၊ ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီးနှင့် မန္တလေးတိုင်းဒေသကြီးတို့မှ ပြိုင်ပွဲဝင်များက "ချစ်ဦးမောင့်ထံပြန်လာပါ" (ကာလပေါ်)သီချင်းဖြင့် လည်းကောင်း ယှဉ်ပြိုင်ကြသည်။

**တယောအတီးပြိုင်ပွဲကို** သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာနရှိ လေ့ကျင့်ရေးဇာတ်ရုံ၌ ကျင်းပရာ **ဝါသနာရှင်အဆင့် (ဒုတိယတန်း) အမျိုးသားပြိုင်ပွဲ**တွင် ကယားပြည်နယ်၊ ကချင်ပြည်နယ်၊ မကွေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီးနှင့် ရန်ကုန်တိုင်းဒေသကြီးတို့မှ ပြိုင်ပွဲဝင်များက "တောဟောဝန်လယ်"(ယိုးဒယား)သီချင်းဖြင့်လည်းကောင်း၊ **ဝါသနာရှင်အဆင့် (ဒုတိယတန်း) အမျိုးသမီးပြိုင်ပွဲ**တွင် ဧရာဝတီတိုင်းဒေသကြီးနှင့် ကချင်ပြည်နယ်တို့မှ ပြိုင်ပွဲဝင်များက "သီတာရတနာ"(ကာလပေါ်)သီချင်းဖြင့်လည်းကောင်း၊ **အခြေခံပညာအဆင့် (အသက် ၁၀ နှစ်မှ ၁၅ နှစ်အတွင်း) အမျိုးသမီးပြိုင်ပွဲ**တွင် ကယားပြည်နယ်၊ ကချင်ပြည်နယ်၊ မွန်ပြည်နယ်၊ ပဲခူးတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီးနှင့် မကွေးတိုင်းဒေသကြီးတို့မှ ပြိုင်ပွဲဝင်များက "ရွှေပြည်ကြီးရော" (ကြိုး) သီချင်းဖြင့်လည်းကောင်း သာယာငြိမ့်ညောင်းစွာ တီးခတ်ယှဉ်ပြိုင်ကြသည်။

**နှဲပြိုင်ပွဲ**ကို အမျိုးသားပြတိုက် (နေပြည်တော်)ရှိ Mini Theatre ၌ကျင်းပရာ **ဝါသနာရှင်အဆင့်(ဒုတိယတန်း) အမျိုးသားပြိုင်ပွဲ**တွင် ပဲခူးတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ကရင်ပြည်နယ်၊ ကချင်ပြည်နယ်၊ စစ်ကိုင်းတိုင်းဒေသကြီး၊ မွန်ပြည်နယ်၊ ရန်ကုန်တိုင်းဒေသကြီးနှင့် မန္တလေးတိုင်းဒေသကြီးတို့မှ ပြိုင်ပွဲဝင်များက "အောင်မြေသာစံ" (ပတ်ပျိုး)သီချင်းဖြင့်လည်းကောင်း၊ **ဝါသနာရှင်အဆင့်(ပထမတန်း) အမျိုးသားပြိုင်ပွဲ**တွင် မန္တလေးတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီးနှင့် ရန်ကုန်တိုင်းဒေသကြီးတို့မှပြိုင်ပွဲဝင်များက "ပန်းညောင်လှိုင်ဘွဲ့"(ယိုးဒယား)သီချင်းဖြင့်လည်းကောင်း၊ **အဆင့်မြင့်ပညာအဆင့် အမျိုးသားပြိုင်ပွဲ**တွင် ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီးနှင့်ကယားပြည်နယ်တို့မှ ပြိုင်ပွဲဝင်များက "မှိုင်းရိပ်ကယ်တည့်" (ကြိုး)သီချင်းဖြင့် လည်းကောင်း၊ **အခြေခံပညာအဆင့်(အသက် ၁၅ နှစ်မှ ၂၀ နှစ်အတွင်း) အမျိုးသားပြိုင်ပွဲ**တွင် ချင်းပြည်နယ်၊ ရှမ်းပြည်နယ်၊ ရန်ကုန်တိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ကယားပြည်နယ်၊ မန္တလေးတိုင်းဒေသကြီး၊ ကရင်ပြည်နယ်၊ ပဲခူးတိုင်းဒေသကြီးနှင့် စစ်ကိုင်းတိုင်းဒေသကြီးတို့မှ ပြိုင်ပွဲဝင်များက "မြန်ခန်းကျွန်းတွင်း"(ကြိုး) သီချင်းဖြင့်လည်းကောင်း၊ **အခြေခံပညာအဆင့် (အသက် ၁၀ နှစ်မှ ၁၅ နှစ်အတွင်း) အမျိုးသားပြိုင်ပွဲ**တွင် ပဲခူးတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီးနှင့် ရန်ကုန်တိုင်းဒေသကြီးတို့မှပြိုင်ပွဲဝင်များက"ထွေတလာ" (ကြိုး) သီချင်းဖြင့်လည်းကောင်း တီးမှုတ်ယှဉ်ပြိုင်ကြသည်။

**ဆိုင်းဝိုင်းကြီး အဖွဲ့အလိုက် အတီးပြိုင်ပွဲ**ကို အမျိုးသားစာကြည့်တိုက်(နေပြည်တော်)ရှိ ဝန်ဇင်းမင်းရာဇာခန်းမ၌ ကျင်းပရာ **ဝါသနာရှင်အဆင့်(ဒုတိယတန်း) အမျိုးသားပြိုင်ပွဲ**တွင် မွန်ပြည်နယ်၊ ရန်ကုန်တိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ ကရင်ပြည်နယ်၊ ပဲခူးတိုင်းဒေသကြီး၊တနင်္သာရီတိုင်းဒေသကြီး၊ ရှမ်းပြည်နယ်၊ ရခိုင်ပြည်နယ်၊ ချင်းပြည်နယ်၊ ကရင်ပြည်နယ်နှင့် ကယားပြည်နယ်တို့မှ ပြိုင်ပွဲဝင်များကလည်းကောင်း၊ **အခြေခံပညာအဆင့် (အသက် ၁၅ နှစ်မှ ၂၀ နှစ်အတွင်း) အမျိုးသမီးပြိုင်ပွဲ**တွင် ကချင်ပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ ချင်းပြည်နယ်၊ မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်၊ ရှမ်းပြည်နယ်၊ စစ်ကိုင်းတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီးနှင့် ဧရာဝတီတိုင်းဒေသကြီးတို့မှ ပြိုင်ပွဲဝင်များကလည်းကောင်း မြိုင်မြိုင်ဆိုင်ဆိုင် တီးခတ်ယှဉ်ပြိုင်ကြသည်။

**ရုပ်စုံသဘင်အဖွဲ့လိုက်ပြိုင်ပွဲ**ကို သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာနရှိယဉ်ကျေးမှုရတနာခန်းမ၌ကျင်းပရာ **ရုပ်စုံသဘင်အဖွဲ့လိုက်ဝါသနာရှင်အဆင့်(ပထမတန်း) ပြိုင်ပွဲ**တွင် "ဝေဿန္တရာ" ဇာတ်တော်ကြီးဖြင့် ဧရာဝတီတိုင်းဒေသကြီး ကိုယ်စားပြု ရွှေလှိုင်းရုပ်စုံသဘင်အဖွဲ့က မြန်မာ့ရိုးရာယဉ်ကျေးမှု အမွေအနှစ်များကို ဖော်ကျူးသည့် အကအလှများ၊ စကားပြောများဖြင့် တင်ဆက်ကပြယှဉ်ပြိုင်ကြသည်။

**ဇာတ်တော်ကြီးပြိုင်ပွဲ**ကို နေပြည်တော် စည်ပင်သာယာရေးကော်မတီ လဟာပြင်ဇာတ်ရုံ၌ ကျင်းပရာ **ဇာတ်တော်ကြီးအဖွဲ့လိုက်ဝါသနာရှင်အဆင့် (ပထမတန်း) ပြိုင်ပွဲ**တွင် "မဟာဇနက"ဇာတ်တော်ကြီးဖြင့် မွန်ပြည်နယ် ကိုယ်စားပြု မင်းနိုင်စိုးဇာတ်တော်ကြီးအဖွဲ့က မူရင်းဇာတ်တော်ကြီး၏ တီးလုံးတီးချက်များကို မြန်မာ့ဇာတ်သဘင်၏ ဆို ငို ပြော ပညာရပ်များ၊ အကအလှများနှင့် အနုပညာ ရသမြောက်ပေါင်းစပ်ပြီး ယှဉ်ပြိုင်ကြသည်။

ယနေ့ကျင်းပသည့် ပြိုင်ပွဲများသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်များဖြစ်သည့် ပိုးရယ်အောင်သိန်း၊ ဦးရန်ကျော်၊ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ ဦးကိုကို၊ ပြည်ထောင်စုဝန်ကြီးများဖြစ်သည့် ဒုတိယဗိုလ်ချုပ်ကြီးထွန်းထွန်းနောင်၊ ဒေါက်တာကံဇော်၊ ဒေါက်တာသီတာဦး၊ ဦးမောင်မောင်အုန်း၊ ဦးတင်ဦးလွင်၊ ဦးမင်းနောင်၊ ဦးခင်မောင်ရီ၊ ဦးထွန်းအုံ၊ ဒေါက်တာသက်ခိုင်ဝင်း၊ Jeng Phang နော်တောင်၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးသန်းထွန်းဦး၊ မြန်မာနိုင်ငံတော်ဗဟိုဘဏ်ဥက္ကဋ္ဌ ဒေါ်သန်းသန်းဆွေ၊ အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်ဥက္ကဋ္ဌ ဦးစစ်အေး၊ ဒုတိယဝန်ကြီးများ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ တိုင်းရင်းသားရေးရာဝန်ကြီးများ၊ လူမှုရေးဝန်ကြီးများ၊ ဥပဒေချုပ်များ၊ တာဝန်ရှိသူများ၊ ဌာနဆိုင်ရာဝန်ထမ်းများ၊ ဝန်ထမ်းမိသားစုများ၊ အနုသုခုမသဘင်ကို ချစ်မြတ်နိုးကြသည့် မိဘပြည်သူများနှင့် ပြိုင်ပွဲဝင်များ၏အုပ်ထိန်းသူများ၊ မိဘများက ပြိုင်ပွဲနေရာအသီးသီး၌ လာရောက်ကြည့်ရှုအားပေးခဲ့ကြသည်။

(၂၅)ကြိမ်မြောက် ငွေရတုအထိမ်းအမှတ် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး (ဗဟိုအဆင့်)ပြိုင်ပွဲကြီး၏ အဆိုပြိုင်ပွဲတွင် အဆင့်အားလုံး ပါဝင်ယှဉ်ပြိုင်နိုင်သည့် မဟာဂီတအဆိုပြိုင်ပွဲ၊ ခေတ်ဟောင်းတေး/ကာလပေါ်ပြိုင်ပွဲနှင့် ဝါသနာရှင်အဆင့် (ဒုတိယတန်း)နှင့် အဆင့်မြင့်ပညာအဆင့်များပါဝင်ယှဉ်ပြိုင်နိုင်သည့် အမျိုးဂုဏ်၊ ဇာတိဂုဏ်မြှင့်တင်ရေး တေးသီချင်းပြိုင်ပွဲများပါဝင်သည်။

အကပြိုင်ပွဲတွင် အမျိုးသား/ အမျိုးသမီး အဆင့်အားလုံး ပါဝင်ယှဉ်ပြိုင်နိုင်သည့် မင်းသား၊ မင်းသမီး အကပြိုင်ပွဲ၊ အမျိုးသမီး ၁၆ ဦးပါဝင်သည့် အခြေခံပညာအဆင့် (အသက် ၁၀ နှစ်မှ ၁၅ နှစ်အတွင်း) အမျိုးသမီးကဗျာလွတ်အက (ပထမအဆင့်) ပြိုင်ပွဲ၊ တိုင်းရင်းသားရိုးရာအက (သို့မဟုတ်) ကျေးလက်ရိုးရာ အကပြိုင်ပွဲနှင့် တိုင်းဒေသကြီးနှင့် ပြည်နယ်များအားလုံးပါဝင်ယှဉ်ပြိုင်ကြမည့် ချင်းတိုင်းရင်းသားရိုးရာ အကပြိုင်ပွဲတို့ပါဝင်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

---

| မြို့ | အနိမ့်ဆုံး | / | အမြင့်ဆုံးအပူချိန် |
|---|---|---|---|
| နေပြည်တော် | ၂၅˚c | / | ၃၄.၉˚c |
| ရန်ကုန် | ၂၄˚c | / | ၃၅.၅˚c |
| မန္တလေး | ၂၆˚c | / | ၃၅.၂˚c |

လျှပ်စစ်မီးကို ချွေတာသုံးစွဲပါ

အဖိုးတန်ရေချိုကို ချွေတာကြပါစို့

## မိုးတိမ်တောင် ဖြစ်ပေါ်မှု အခြေအနေ

**နေပြည်တော် အောက်တိုဘာ ၁၆**

မကွေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ရှမ်းပြည်နယ် (တောင်ပိုင်းနှင့်အရှေ့ပိုင်း)၊ ကယားပြည်နယ်၊ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် မိုးတိမ်တောင်များဖြစ်ထွန်းလျက်ရှိပြီး အဆိုပါမိုးတိမ်တောင်များ ရွေ့လျားရာနေရာတစ်လျှောက်တွင် မိုးရွာသွန်းခြင်းနှင့်အတူ လေပြင်းတိုက်ခတ်ခြင်း၊ မိုးထစ်ချုန်းခြင်း၊ မိုးကြိုးပစ်ခြင်း၊ လျှပ်စီးလက်ခြင်းနှင့်မိုးသီးကြွေခြင်း စသည့် မိုးလေဝသဖြစ်စဉ်များ ဖြစ်ပေါ် နိုင်ပါသဖြင့် ကြိုတင်သတိပြုနိုင်ပါရန် အကြံပြုအပ်ပါသည်။

(မိုး/ဇလ)

## ကျောက်ပန်းတောင်းမြို့နယ်၌ သစ်စိမ်းမြေဩဇာ (ပိုက်ဆန်လျှော်) စိုက်ပျိုးခြင်း သရုပ်ပြပွဲနှင့် တောင်သူအသိပညာပေးဆွေးနွေး

**ကျောက်ပန်းတောင်း အောက်တိုဘာ၁၆**


မန္တလေးတိုင်းဒေသကြီး ကျောက်ပန်းတောင်းမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ တောင်သူပညာပေးအစီအစဉ်အဖြစ် သစ်စိမ်းမြေဩဇာ (ပိုက်ဆန်လျှော်) စိုက်ပျိုးခြင်းသရုပ်ပြပွဲနှင့် တောင်သူအသိပညာပေးဆွေးနွေးပွဲကို အောက်တိုဘာလ ၁၅ ရက်က အင်တောကျေးရွာအုပ်စု အင်တောကျေးရွာရှိ ကွင်းအမှတ် (၂၁၀၄) တောင်သူဦးရဲမြင့်၏ ယာမြေသုံးကေ၌ ကျင်းပသည်။

အဆိုပါ သစ်စိမ်းမြေဩဇာ (ပိုက်ဆန်လျှော်) စိုက်ပျိုးခြင်း သရုပ်ပြရာတွင် တောင်သူဦးရဲမြင့်၏ ယာမြေသုံးကေ၌ သစ်စိမ်းမြေဩဇာ (ပိုက်ဆန်လျှော်) ကြဲပက်စိုက်ပျိုးခြင်းကို သရုပ်ပြကြပြီး ပညာပေးဆွေးနွေးပွဲ ဆက်လက်ကျင်းပရာ မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဒေါ်ခင်အေးအေးမော်က သစ်စိမ်းမြေဩဇာ (ပိုက်ဆန်လျှော်) စိုက်ပျိုးရခြင်း၏ အဓိကရည်ရွယ်ချက်များမှာ တောင်သူများ ဓာတ်မြေဩဇာကို ရေရှည်အသုံးပြုခြင်းဖြင့် မြေဆီလွှာအတွင်း သဘာဝမြေဆွေးများ ဆုံးရှုံးခြင်း၊ မြေ ချဉ်၊ ငံနှုန်းများ ပြောင်းလဲလာခြင်း၊ အကျိုးပြုအဏုဇီဝများ လျော့နည်းသွားခြင်းတို့ကြောင့် သီးနှံအထွက်နှုန်းလျော့ကျလာခြင်းကို အလွယ်ကူဆုံးနှင့် အသက်သာဆုံးဖြေရှင်းပေးနိုင်စေရန်ဖြစ်ကြောင်းနှင့် သစ်စိမ်းမြေဩဇာ (ပိုက်ဆန်လျှော်) သည် မြေနေရာမရွေး စိုက်ပျိုးဖြစ်ထွန်းနိုင်ကြောင်း အသိပညာပေးပြောကြားသည်။

ယင်းနောက် တောင်သူများက သိရှိလိုသည်များကို မေးမြန်းကြရာ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ၊ မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူးနှင့် သက်ဆိုင်ရာတာဝန်ရှိသူများက ပြန်လည်ရှင်းလင်းဖြေကြားပေးသည်။

စိုက်ပျိုးရေးဦးစီးဌာနအနေဖြင့် တောင်သူအသိပညာပေးလုပ်ငန်းများကို စဉ်ဆက်မပြတ်ဆောင်ရွက်ပေးလျက်ရှိရာ အဆိုပါ သစ်စိမ်းမြေဩဇာ (ပိုက်ဆန်လျှော်) စိုက်ပျိုးခြင်း သရုပ်ပြပွဲနှင့် အသိပညာပေးဆွေးနွေးပွဲတွင် တောင်သူများအား သစ်စိမ်းမြေဩဇာ (ပိုက်ဆန်လျှော်) စိုက်ပျိုးခြင်းဖြင့် ရရှိလာနိုင်သည့်အကျိုးကျေးဇူးများကို အသိပညာပေး၍ တောင်သူများကိုယ်တိုင် ပါဝင်ကြဲပက်သရုပ်ပြစေကာ စိုက်ပျိုးလိုသည့် တောင်သူများကိုလည်း မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ သစ်စိမ်းမြေဩဇာ (ပိုက်ဆန်လျှော်) မျိုးစေ့ ဧက ၄၀ စာ အခမဲ့ဖြန့်ဝေပေးရန် စီစဉ်ထားကြောင်း သိရသည်။

**နေအောင်(ပြန်/ဆက်)**




## ငွေဆောင်ကမ်းခြေ၌ သီတင်းကျွတ်ရုံးပိတ်ရက်တွင် ပြည်တွင်းပြည်ပ ခရီးသွားဧည့်သည်များဖြင့်စည်ကားလျက်ရှိ



**ငွေဆောင် အောက်တိုဘာ ၁၆**

ဧရာဝတီတိုင်းဒေသကြီး ပုသိမ်ခရိုင် ငွေဆောင်မြို့ ငွေဆောင်ကမ်းခြေ၌ သီတင်းကျွတ်ရုံးပိတ်ရက်ဖြစ်သော အောက်တိုဘာလ ၁၆ ရက်မှစ၍ အနယ်နယ်အရပ်ရပ်မှ လာရောက်အပန်းဖြေကြသည့် ပြည်တွင်း၊ ပြည်ပခရီးသွားဧည့်သည်များဖြင့် စည်ကားလျက်ရှိကြောင်း သိရသည်။

ငွေဆောင်ကမ်းခြေသို့ ပြည်တွင်း၊ ပြည်ပခရီးသွားဧည့်သည် လာရောက်လည်ပတ်မှုများပြီး မိုးရာသီကာလ ဇွန်လမှစ၍ ခရီးသွားဧည့်သည်ဝင်ရောက်မှု လျော့နည်းလေ့ရှိကာ ယခုသီတင်းကျွတ်ရုံးပိတ်ရက်ကာလတွင် ခရီးသွားဧည့်သည်ဝင်ရောက်မှု ပြန်လည်များပြားလာခြင်းဖြစ်သည်။

ယခုအခါ ငွေဆောင်ကမ်းခြေသို့ လာရောက်သူများသည် ရေကူးခြင်း၊ Speed Boat နှင့် Banana Boat စီးခြင်း၊ ငွေဆောင်၏ အထင်ကရကျွန်းများဖြစ်သော မြွေကျွန်း၊ လိပ်ကျွန်း၊ ငှက်ကျွန်း၊ ဆင်မကျွန်း၊ ကျွန်းလျားရှည်၊ ချစ်သူများကျွန်း၊ ဘုရားသုံးဆူနှင့် မိုးမခဆင်စခန်းတို့သို့ သွားရောက်လည်ပတ်ခြင်းများ ပြုလုပ်ကြကြောင်း သိရသည်။

ငွေဆောင်ကမ်းခြေ၌ ခရီးသွားဧည့်သည်များ အေးချမ်းပျော်ရွှင်စွာအနားယူနိုင်ရေး၊ လုံခြုံမှုရှိစေရေး၊ ကမ်းခြေသန့်ရှင်းသာယာလှပရေး၊ ကမ်းခြေ၌ဈေးရောင်းချသည့်ဈေးသည်များ သတ်မှတ်စည်းကမ်းနှင့်အညီ ရောင်းချမှုရှိစေရေးနှင့် ယာဉ်ကြောပိတ်ဆို့မှု မဖြစ်စေရေးတို့အတွက် ငွေဆောင်မြို့ အုပ်ချုပ်ရေးမှူး ဦးသိန်းဇော်၊ ငွေဆောင်မြို့ နယ်မြေရဲစခန်း၊ မြို့အဆင့်ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ကမ်းခြေလုံခြုံရေးနှင့် စည်းကမ်းထိန်းသိမ်းရေးအဖွဲ့များပူးပေါင်း၍ ကွင်းဆင်းစစ်ဆေးလျက်ရှိကြောင်း သိရသည်။

**ကျော်လင်းဦး(ပြန်/ဆက်)**

## ညောင်ဦးမြို့နယ် ပုဂံရှေးဟောင်းရေကန် ဇေယျဝေရီကန်သို့သွားရာ လမ်းဘေးဝဲယာ၌ ထန်း မန်ကျည်း တမာပင်များစိုက်ပျိုး

**ညောင်ဦး အောက်တိုဘာ ၁၆**

မန္တလေးတိုင်းဒေသကြီး ညောင်ဦးမြို့နယ်ရှိ ပုဂံရှေးဟောင်းရေကန်ဖြစ်သည့် ဇေယျဝေရီကန်သို့သွားရာ လမ်းဘေးဝဲယာ၌ အောက်တိုဘာလ ၁၅ ရက်က ထန်း၊ မန်ကျည်း၊ တမာပင်များ စိုက်ပျိုးခဲ့ကြောင်း သိရသည်။

ညောင်ဦးမြို့နယ်၌ ပုဂံရှေးဟောင်းရေကန်များ ပြန်လည်ဖော်ထုတ်ဆယ်ယူခြင်းများ ဆောင်ရွက်လျက်ရှိရာ ယခုနှစ်တွင် မိုးရွာသွန်းမှုကောင်းခြင်းနှင့်အတူ ပြန်လည်ဆယ်ယူထားသည့် ရေကန်များ ရေပြည့်လျက်ရှိကြောင်း၊ လက်ရှိတွင် ပုဂံရှေးဟောင်းရေကန်သို့သွားရာ မြေသားလမ်း လမ်းဘေးဝဲယာ၌ ထန်း၊ မန်ကျည်း၊ တမာပင်များကို ညောင်ဦးမြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဝန်ထမ်းများ၊ မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူးနှင့် ဝန်ထမ်းများ၊ မြို့နယ်ကြေးတိုင်နှင့်မြေစာရင်းဦးစီးဌာန ဦးစီးမှူးနှင့်ဝန်ထမ်းများ၊ မြို့နယ်ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူးနှင့် ဝန်ထမ်းများက အရှေ့ဖွားစောကျေးရွာမှ ဇေယျဝေရီကန်အထိ လမ်းဘေးဝဲယာ၌ ထန်းသီးစေ့ ၅၀၊ မန်ကျည်းပင် ၁၀၀ နှင့် တမာပင် ၅၀ ကို စုပေါင်းစိုက်ပျိုးခဲ့ကြောင်း သိရသည်။

ထိုသို့ သစ်ပင်စိုက်ပျိုးနေမှုကို ညောင်ဦးခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ အဖွဲ့ဝင် (၁) ဒုတိယဗိုလ်မှူးကြီးမျိုးခိုင်ဝင်း၊ ညောင်ဦးခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးနန်းတင့်နှင့်တာဝန်ရှိသူများ ကြည့်ရှုအားပေးခဲ့ကြောင်း သိရသည်။

**ဒီပါလင်း**

## မြိတ်မြို့နယ် ကန်သာယာကျေးရွာ၌ RBF စီမံကိန်းရန်ပုံငွေ ငွေကျပ်သိန်း ၃၀၀ လွှဲပြောင်းပေးအပ်

**မြိတ် အောက်တိုဘာ ၁၆**

တနင်္သာရီတိုင်းဒေသကြီး မြိတ်ခရိုင် မြိတ်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ယခုဘဏ္ဍာနှစ်တွင် စတင်အကောင်အထည်ဖော်ဆောင်ရွက်မည့် ကျေးလက်စီးပွားမြင့်မားရေးရန်ပုံငွေထူထောင်ခြင်းလုပ်ငန်းစီမံကိန်း (RBF) ရန်ပုံငွေ လွှဲပြောင်းပေးအပ်ခြင်းကို အောက်တိုဘာလ ၁၆ ရက်တွင် ကန်သာယာကျေးရွာ၌ ဆောင်ရွက်သည်။

ရှေးဦးစွာ တနင်္သာရီတိုင်းဒေသကြီး ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဦးရဲခေါင်က ကျေးလက်စီးပွားမြင့်မားရေးရန်ပုံငွေထူထောင်ခြင်း လုပ်ငန်းစီမံကိန်း (RBF) အကောင်အထည်ဖော် ဆောင်ရွက်ပေးရခြင်း၏ ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားသည်။

ထို့နောက် တနင်္သာရီတိုင်းဒေသကြီး ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူးက အင်္ဂမော်ကျေးရွာအုပ်စု ကန်သာယာကျေးရွာရှိ ကျေးရွာကော်မတီဝင်များထံ ကျေးလက်စီးပွားမြင့်မားရေးရန်ပုံငွေထူထောင်ခြင်းလုပ်ငန်းစီမံကိန်း (RBF) ရန်ပုံငွေ ငွေကျပ်သိန်း ၃၀၀ ကို လွှဲပြောင်းပေးအပ်သည်။

မြိတ်မြို့နယ် ကန်သာယာကျေးရွာရှိ ဝက်မွေးမြူရေးလုပ်ငန်း အကောင်အထည်ဖော်ဆောင်ရွက်မည့် ကြံတိုင်းအောင်၊ တိုးတက်အောင်၊ ပြည့်ဝအောင်၊ Lucky Star အသက်မွေးဝမ်းကျောင်းအစုအဖွဲ့ လေးဖွဲ့ထံ ကျေးလက်စီးပွားမြင့်မားရေးရန်ပုံငွေထူထောင်ခြင်း လုပ်ငန်းစီမံကိန်း (RBF) ရန်ပုံငွေ ငွေကျပ်သိန်း ၃၀၀ ကို မကြာမီထုတ်ချေးပေးမည်ဖြစ်ကြောင်း သိရသည်။

**ကိုညို(ကျေးလက်)**

# ရန်ကုန်မြို့ ပြည်သူ့ရင်ပြင်၌ သီတင်းကျွတ်ဈေးရောင်းပွဲတော်နှင့် ဂီတပွဲတော်ဖွင့်ပွဲကျင်းပ

ရန်ကုန်  အောက်တိုဘာ  ၁၆

သီတင်းကျွတ်ဈေးရောင်းပွဲတော်နှင့် ဂီတပွဲတော်ဖွင့်ပွဲအခမ်းအနားအား ယနေ့ နံနက်ပိုင်းတွင် ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့နယ် ပြည်သူ့ရင်ပြင်၌ကျင်းပရာ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးစိုးသိန်း၊ တိုင်းဒေသကြီးဝန်ကြီးများနှင့်အစိုးရအဖွဲ့ဝင်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ UMFCCI နှင့် ညီနောင်အသင်းများမှ တာဝန်ရှိသူများ၊ စက်မှုဇုန်အသီးသီးမှ တာဝန်ရှိသူများ၊ စက်မှုလုပ်ငန်းရှင်များ၊ MSME လုပ်ငန်းရှင်များနှင့်တာဝန်ရှိသူများတက်ရောက်ကြသည်။




ထို့နောက် သီတင်းကျွတ်ဈေးရောင်းပွဲတော်နှင့်ဂီတပွဲတော်အား ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ မြို့တော်ဝန် ဦးဗိုလ်ဌေး၊ရန်ကုန်တိုင်းဒေသကြီး စီးပွားရေးရာဝန်ကြီးဦးမျိုးမြင့်အောင်၊ မြန်မာနိုင်ငံကုန်သည်များနှင့်စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ် UMFCCI မှ တာဝန်ရှိသူများနှင့် စက်မှုဇုန်ဥက္ကဋ္ဌများက ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြသည်။ ၎င်းနောက် ဘင်ခရာအဖွဲ့များ ၊ ပန်းဖွားအဖွဲ့များက တီးခတ်တင်ဆက်ကပြကြရာ တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့်တာဝန်ရှိသူများက ဂုဏ်ပြုချီးမြှင့်ငွေများပေးအပ်ကြသည်။ ယင်းနောက် တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် တက်ရောက်လာသော ဧည့်သည်တော်ကြီးများက ဈေးဆိုင်ခန်းများအား လှည့်လည်ကြည့်ရှု၍ ဝယ်ယူအားပေးခဲ့ကြကြောင်း သိရသည်။

ယနေ့ကျင်းပသည့် ရန်ကုန်တိုင်းဒေသကြီး သီတင်းကျွတ်ပွဲတော်နှင့် ဂီတပွဲတော်ကြီးအား အောက်တိုဘာလ ၁၈ ရက်အထိ သုံးရက်တိုင်တိုင်ကျင်းပပြီး ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ စက်မှုဇုန်များ၊ MSME လုပ်ငန်းရှင်များ၊ အသေးစား စက်မှုလက်မှု လုပ်ငန်းဦးစီးဌာန၊ သမဝါယမဦးစီးဌာန၊ တိုင်းဒေသကြီး ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများ ညွှန်ကြားမှုဦးစီးဌာန၊ မြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ် (UMFCCI)၊ မြန်မာနိုင်ငံ ဆန်စပါးအသင်းချုပ်၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များမှထုတ်ကုန်ပစ္စည်းများရောင်းချသည့်ဆိုင်ခန်းများ၊ ကျောင်းသားလူငယ်များ စာဖတ်ရှိန်မြင့်မားစေရေးအတွက် စာအုပ်အရောင်းဆိုင်များနှင့် စားသောက်ဆိုင်ခန်းများအပါအဝင် ဆိုင်ခန်းပေါင်း ၄၈၃ ခန်းနှင့်အထူးအစီအစဉ်အဖြစ် Mobile Car များနှင့် ဆန်၊ ဆီ၊ ကြက်ဥနှင့် ဟင်းသီးဟင်းရွက်များ၊ အခြေခံစားကုန်များကို ဈေးနှုန်းချိုသာစွာ ရောင်းချပေးသွားမည်ဖြစ်ပြီး ပွဲတော်ရက်များအတွင်း မြတ်စွာဘုရားကို အလှမီးများဖြင့်ပူဇော်ကန်တော့ခြင်း၊ သီတင်းကျွတ်လပြည့်နေ့နှင့် အဖိတ်နေ့တွင် မီးပုံးပျံလွှတ်တင်မည့် အစီအစဉ်များ၊ ရုပ်ရှင်၊ သဘင်၊ ဂီတနယ်ပယ်မှ ကျော်ကြားသောအနုပညာရှင်များ၏ ဖျော်ဖြေတင်ဆက်မှုများနှင့်ပွဲတော်လာပြည်သူများ သွားလာရေးအဆင်ပြေလွယ်ကူစေရန် YBS ယာဉ်များဖြင့် အကြို/အပို့ကားများလည်း စီစဉ်ဆောင်ရွက်ထားရှိကြောင်းသိရသည်။

လင်းခန့်

# ကျောက်ဆည်မြို့တွင် နှစ်စဉ်ကျင်းပမြဲဖြစ်သော ရိုးရာဆင်အကအလှပြိုင်ပွဲ စည်ကားသိုက်မြိုက်စွာကျင်းပ



ကျောက်ဆည်  အောက်တိုဘာ  ၁၆

မန္တလေးတိုင်းဒေသကြီး ကျောက်ဆည်ခရိုင် ကျောက်ဆည်မြို့နယ်တွင် အနော်ရထာမင်းကြီးလက်ထက်မှစ၍ နှစ်စဉ်ကျင်းပမြဲဖြစ်သော ရိုးရာဆင်အကအလှပြိုင်ပွဲကို ယနေ့နံနက်ပိုင်းတွင် ရွှေသာလျောင်းတောင်ခြေ ဆင်အကအလှပြိုင်ကွင်း ဗဟိုမဏ္ဍပ်၌ ဖွင့်ပွဲကျင်းပခဲ့ပြီး စည်ကားသိုက်မြိုက်စွာကျင်းပရာ ဆင်အကအလှပြိုင်ပွဲသို့ မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ်ဦးမျိုးအောင်၊ တိုင်းဒေသကြီး တရားလွှတ်တော်တရားသူကြီးချုပ်၊ တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင်ဝန်ကြီးများ၊ နယ်မြေခံတပ်နယ်မှူး၊ ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးကောင်းမြတ်နိုင်နှင့်အဖွဲ့ဝင်များ၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးအောင်ဇော်ဦးနှင့်အဖွဲ့ဝင်များ၊ ခရိုင်/မြို့နယ်အဆင့်တာဝန်ရှိသူများ၊ ပြိုင်ပွဲဝင်ဆင်များနှင့် ဒေသခံပြည်သူများ တက်ရောက်ကြည့်ရှုအားပေးခဲ့ကြသည်။

၂၀၂၄ ခုနှစ် ကျောက်ဆည်မြို့ ဆင်အကအလှပြိုင်ပွဲတွင် ဘော်ကြယ်ဆင်(၃)စီး၊ ရိုးရာဆင်(၃)စီး၊ ကလေးဆင်(၂)စီး၊ သဘာဝတီထွင်ဆန်းသစ်မှုဆင်(၂)စီး စုစုပေါင်း(၁၀)စီး ပါဝင်ယှဉ်ပြိုင်ခဲ့ပြီး ဂုဏ်ပြုဆင်၊ သက်ကြီးဆင်၊ ဧည့်ခံဆင်၊ ဈေးပတ်ဆင် စုစုပေါင်း ၇၄ စီးဖြင့် ပျော်ရွှင်စည်ကားစွာ ကျင်းပခဲ့ပြီး ပြိုင်ပွဲအမျိုးအစားအလိုက် ပထမ၊ ဒုတိယ၊ တတိယနှင့် နှစ်သိမ့်ဆုများကို ချီးမြှင့်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

ကျောက်ဆည်မြို့ ဆင်ပွဲတော်သည် သက္ကရာဇ်(၃၇၉)ခုနှစ်တွင်နန်းတက်တော်မူသော အနော်ရထာမင်းကြီးသည် သီဟိုဠ်ဘုရင်ဓာတုသေနမင်းထံမှ ပင့်ဆောင်ရရှိတော်မူခဲ့သော ဗုဒ္ဓမြတ်စွာဘုရား၏လက်ဝဲအောက်စွယ်တော်ပွားကို အရှင်အရဟံ၏ဩဝါဒဖြင့် ဆင်မယဉ်သာ(ဆင်ဖြူတော်) ပေါ်သို့တင်၍ အဓိဋ္ဌာန်ပြုစေလွှတ်တော်မူခဲ့ရာ ပုဂံမြို့၏အရှေ့မျက်နှာအရပ် မြင်စိုင်းနယ် ကျောက်ဆည်တည်ရာ သာလျောင်းတောင်ထိပ်သို့တက်ရောက်ပြီး တောင်ထိပ်တွင် ခေတ္တလဲလျောင်းခဲ့သောကြောင့် သက္ကရာဇ်(၃၉၅)ခုနှစ်တွင် ရွှေသာလျောင်းတောင်ထိပ်တွင် စေတီတည်၍ ရွှေသာလျောင်းစေတီတွင် နှစ်စဉ်သီတင်းကျွတ်လပြည့်နေ့တိုင်း၌ ဆွမ်းတော်ကပ်လှူပွဲနှင့် တပေါင်းလ၌ပွဲတော်ကျင်းပရန် ကလန်၊ သံပျင်တို့ကို ဆင့်ဆိုမှာကြားတော်မူခဲ့ကြောင်း၊ စွယ်တော်တင်သော ဆင်မယဉ်သာ(ဆင်ဖြူတော်)ကိုလည်း ငါကွဲသို့ပင် အမှတ်တရဆင်ရုပ်တို့ဖြင့် လှူဒါန်းပူဇော်အမျှပေးဝေကြရန် အဓိဋ္ဌာန်ထားတော်မူခဲ့ရာမှ သီတင်းကျွတ်လပြည့်နေ့၌ ဆွမ်းတော်ကြီးကပ်လှူပွဲနှင့်အတူ ဆင်လှူပွဲတော်ကို နှစ်စဉ်ကျင်းပခဲ့ရာ နှစ်ပေါင်း ၉၀၀ ကျော်ရှိသွားပြီဖြစ်ကြောင်း သိရသည်။

သက်မောင် (ကျောက်ဆည်)

# ပဲခူးမြို့၌ သီတင်းကျွတ်မီးထွန်းပွဲတော်နှင့် MSME ဈေးရောင်းပွဲတော်ဖွင့်ပွဲအခမ်းအနား စည်ကားသိုက်မြိုက်စွာ ကျင်းပ



ပဲခူး  အောက်တိုဘာ  ၁၆

ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့မှ ဦးဆောင်၍ အောက်တိုဘာလ ၁၅ ရက် ညနေပိုင်းက ပဲခူးမြို့ ရွှေမော်ဓောဘုရားလမ်း၌ သီတင်းကျွတ်မီးထွန်းပွဲတော်နှင့် MSME ဈေးရောင်းပွဲတော် ဖွင့်ပွဲအခမ်းအနားအား စည်ကားသိုက်မြိုက်စွာ ကျင်းပခဲ့သည်။

ရှေးဦးစွာ သီတင်းကျွတ်မီးထွန်းပွဲတော်ဖွင့်ပွဲအခမ်းအနားအား တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးဆွေဝင်း၊ လုံခြုံရေးနှင့်နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီးအောင်သောင်းထိုက်၊ စီးပွားရေးရာဝန်ကြီး ဦးတင်ဦးနှင့် မြို့မိ/မြို့ဖ နှစ်ဦးတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးခဲ့ကြသည်။

ယင်းနောက် တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့်အဖွဲ့သည် သီတင်းကျွတ်မီးထွန်းပွဲတော်ကျင်းပရာ ရွှေမော်ဓောဘုရားလမ်းတစ်လျှောက်ရှိ ဌာနဆိုင်ရာများ၊ မြို့မိ/မြို့ဖများမှ ကျွေးမွေးလှူဒါန်းနေသည့် နိဗ္ဗာန်ဈေးတန်းများ၊ မီးအလှဆင်ရုပ်ပုံများနှင့် ပဲခူးတိုင်းဒေသကြီးအတွင်းမှ ထုတ်လုပ်လျက်ရှိသည့် အသေးစား၊ အငယ်စားနှင့် အလတ်စား (MSME) လူသုံးကုန်၊ စားသုံးကုန်နှင့် စိုက်ပျိုးရေး/ မွေးမြူရေးထုတ်ကုန် တိုက်ရိုက်အရောင်းဆိုင်များအား လှည့်လည်ကြည့်ရှုအားပေးခဲ့ကြကြောင်းသိရသည်။

အဆိုပါသီတင်းကျွတ်မီးထွန်းပွဲတော်အား ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့မှ ဦးဆောင်၍ ပဲခူးမြို့တွင် ဒုတိယအကြိမ်မြောက် ကျင်းပပေးခဲ့ခြင်းဖြစ်ပြီး နိဗ္ဗာန်ဈေးများ၊ ဈေးရောင်းပွဲတော်အရောင်းဆိုင်ခန်းများ၊ သီတင်းကျွတ်အထိမ်းအမှတ် ဈေးဆိုင်ခန်းများ၊ ဖျော်ဖြေရေးအစီအစဉ်များ၊ ကလေးကစားကွင်းများဖြင့် စည်ကားသိုက်မြိုက်စွာ ကျင်းပခဲ့ကြောင်း သိရသည်။ (၄၀၁)၊ တင်စိုး(ပဲခူး)





နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့်ဇနီး ဒေါ်ကြူကြူလှ ၂၀၂၄ ခုနှစ်၊ (၂၅)ကြိမ်မြောက် ငွေရတုအထိမ်းအမှတ် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ၏ ဗုဒ္ဓဝင်ဆယ်ဘွဲ့လာ "မဟာဇနက" ဇာတ်တော်ကြီးပြိုင်ပွဲတွင် မွန်ပြည်နယ်ကိုယ်စားပြု "မင်းနိုင်စိုး" ဇာတ်တော်ကြီးအဖွဲ့၏ ယှဉ်ပြိုင်ကပြဖျော်ဖြေမှုကို ကြည့်ရှုအားပေးစဉ်။





၂၀၂၄ ခုနှစ်၊ (၂၅)ကြိမ်မြောက် ငွေရတုအထိမ်းအမှတ် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ၏ ဗုဒ္ဓဝင်ဆယ်ဘွဲ့လာ "မဟာဇနက" ဇာတ်တော်ကြီးပြိုင်ပွဲတွင် မွန်ပြည်နယ်ကိုယ်စားပြု "မင်းနိုင်စိုး"ဇာတ်တော်ကြီးအဖွဲ့ယှဉ်ပြိုင်နေမှုကို တွေ့ရစဉ်။



☆ ရှေ့ဖုံးမှအဆက်

ဝန်ထမ်းများ၊ ဝန်ထမ်းမိသားစုများနှင့် သဘင်ကိုချစ်မြတ်နိုးကြသည့် ပြည်သူများ တက်ရောက်ကြည့်ရှုအားပေးကြသည်။

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့်ဇနီးနှင့် အဖွဲ့ဝင်များသည် မွန်ပြည်နယ်ကိုယ်စားပြု "မင်းနိုင်စိုး" ဇာတ်တော်ကြီးအဖွဲ့က မူရင်းမဟာဇနကဇာတ်တော်ကြီးတီးလုံးတီးချက် အကအလှများနှင့်အတူ မြန်မာ့ဇာတ်သဘင် ဇာတ်စာ၊ ဇာတ်စကား၊ ဆို၊ ငို၊ ပြောပညာရပ်များနှင့်ပေါင်းစပ်၍ ယှဉ်ပြိုင်ကပြဖျော်ဖြေမှုကို ကြည့်ရှုအားပေးကြသည်။

ယှဉ်ပြိုင်မှုအပြီးတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့်ဇနီးတို့သည် အကဲဖြတ်ဆောင်ရွက်ပေးနေသည့် အကဲဖြတ်ပညာရှင်များနှင့် ပြိုင်ပွဲဝင်များအား ရင်းရင်းနှီးနှီး နှုတ်ဆက်သည်။

၂၀၂၄ ခုနှစ်၊ (၂၅)ကြိမ်မြောက် ငွေရတုအထိမ်းအမှတ် မြန်မာ့ရိုးရာယဉ်ကျေးမှု

❑ ကျောဖုံးမှအဆက်

ပျဉ်းမနား - တောင်တွင်းကြီး လမ်းပိုင်း၊ ရန်ကုန်-ပြည်-ပုဂံလမ်းပိုင်း၊ မြစ်ကြီးနား-မိုးကောင်းလမ်းပိုင်း၊ လက်ပံတန်း-သာရဝေါ လမ်းပိုင်း စသည့်လမ်းပိုင်းများတွင် လူစီးရထားခရီးစဉ်များကို စီစဉ်ပေးလျက်ရှိသည်။ မကြာသေးမီက ကြုံတွေ့ခဲ့ရသည့် သဘာဝဘေးဒဏ် ရေကြီးရေလျှံမှုကြောင့် ရန်ကုန်-မန္တလေးလမ်းပိုင်း၊ သာစည်-ရွှေညောင်-တောင်ကြီး လမ်းပိုင်းတို့ရှိ အချို့နေရာများတွင် ရထားလမ်းတာပေါင်များ၊ တံတားများရေတိုက်စား၍ ပျက်စီးခဲ့ခြင်း၊ မြေပြိုကျ၍ပျက်စီးခြင်း စသည်တို့ကို ကြုံတွေ့ခဲ့ရသော်လည်း မြန်မာ့မီးရထားအနေဖြင့် လမ်းပိုင်းအလိုက် ပျက်စီးမှုများကို ဦးစားပေး၍ ပြုပြင်နိုင်ခဲ့သောကြောင့် အောက်တိုဘာလ ၃ ရက်မှစ၍ ရန်ကုန်-မန္တလေးရထားလမ်း တောက်လျှောက်ပြန်လည်ဖွင့်လှစ်ပြီး လူစီးရထားများ၊ ကုန်ရထားများကို ပုံမှန်ခရီးစဉ်များအဖြစ် ပြန်လည်ပြေးဆွဲပေးနေပြီဖြစ်သည်။

ထို့ပြင် လက်ရှိ သီတင်းကျွတ်ကာလ ရုံးပိတ်ရက်များအတွင်းတွင်လည်း ပြည်သူလူထုနှင့် နိုင်ငံ့ဝန်ထမ်းများ ခရီးသွားလာမှုပိုမိုအဆင်ပြေစေရေးအတွက် အဓိကလမ်းပိုင်းများဖြစ်ကြသည့် ရန်ကုန်-မန္တလေး၊ ရန်ကုန်-ပြည်၊ ရန်ကုန်-မော်လမြိုင် လမ်းပိုင်းတို့တွင် ပုံမှန်ရထားတွဲဆိုင်းများ၌ ဝန်ချိန်ပြည့် ချိတ်ဆက်ပြေးဆွဲပေးခြင်း၊ အထူးရထားခရီးစဉ်များစီစဉ်၍ တိုးချဲ့ပြေးဆွဲပေးခြင်း စသည်ဖြင့် ရထားများ အချိန်မှန်ကန်ရေး၊ ခရီးသည်များစိတ်ချမ်းမြေ့စေရေးတို့ကို ဆောင်ရွက်ပေးလျက်ရှိသည်။ အထူးသဖြင့် ရန်ကုန်-ပဲခူးလမ်းပိုင်း၌ ခေတ်မီ DEMU တွဲဆိုင်းသစ်ဖြင့် ပြေးဆွဲပေးခြင်းဖြင့်လည်းကောင်း၊ မြန်မာ့မီးရထားရှိ စာတိုက်တွဲအချို့ကိုလည်း ပြန်လည်မွမ်းမံတည်ဆောက်ကာ ရန်ကုန်-မန္တလေးလမ်းပိုင်းနှင့် ရန်ကုန်-မော်လမြိုင်လမ်းပိုင်း၌ပြေးဆွဲနေသော အမြန်ရထားများနှင့် ရန်ကုန်-ပြည်လမ်းပိုင်း ပြေးဆွဲနေသော စာပို့ရထားခရီးစဉ်များတွင် ချိတ်ဆက်လျက် ချောစာ၊ ချောထုပ်များ၊ စစ်ချော၊ ရဲချောပစ္စည်းများ ပို့ဆောင်ပေးခြင်းဖြင့်လည်းကောင်း ဝန်ဆောင်မှုအဆင့်အတန်းကို တိုးမြှင့်ဖြည့်ဆည်းပေးလျက်ရှိကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

မိမိပိုင် နိုင်ငံသားစိစစ်ရေးကတ်၊ Mobile SIM Card၊ Mobile Payment Account၊ Bank Account များအား မသက်ဆိုင်သူထံသို့ အခကြေးငွေဖြင့် ရောင်းချခြင်း၊ ငှားရမ်းအသုံးပြုစေခြင်းများ ဆောင်ရွက်ပါက တည်ဆဲဥပဒေများနှင့်အညီ အရေးယူခံရနိုင်ပါသည်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့်ဇနီး ဒေါ်ကြူကြူလှ ၂၀၂၄ ခုနှစ်၊ (၂၅)ကြိမ်မြောက် ငွေရတုအထိမ်းအမှတ် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ၏ ဗုဒ္ဓဝင်ဆယ်ဘွဲ့လာ "မဟာဇနက" ဇာတ်တော်ကြီးပြိုင်ပွဲတွင် မွန်ပြည်နယ်ကိုယ်စားပြု "မင်းနိုင်စိုး" ဇာတ်တော်ကြီးအဖွဲ့၏ ယှဉ်ပြိုင်ကပြဖျော်ဖြေမှုကို ကြည့်ရှုအားပေးစဉ်။

အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ၏ "မဟာဇနက" ဇာတ်တော်ကြီးပြိုင်ပွဲကို အောက်တိုဘာလ ၁၄ ရက်တွင် ဧရာဝတီတိုင်းဒေသကြီးကိုယ်စားပြု "မဟာဧရာ" ဇာတ်တော်ကြီးအဖွဲ့ကလည်းကောင်း၊ အောက်တိုဘာလ ၁၅ ရက်တွင် မကွေးတိုင်းဒေသကြီးကိုယ်စားပြု "ဖန်ခါးမြေ" ဇာတ်တော်ကြီးအဖွဲ့ကလည်းကောင်း၊ ယနေ့တွင် မွန်ပြည်နယ်ကိုယ်စားပြု "မင်းနိုင်စိုး"၁ ဇာတ်တော်ကြီးအဖွဲ့ကလည်းကောင်း ပါဝင်ယှဉ်ပြိုင်ခဲ့ကြပြီး အောက်တိုဘာလ ၁၇ ရက်မှ ၂၀ ရက်အထိ မန္တလေးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီးနှင့် စစ်ကိုင်းတိုင်းဒေသကြီးတို့မှ သက်ဆိုင်ရာကိုယ်စားပြု ဇာတ်တော်ကြီးအဖွဲ့များက သတ်မှတ်ရက်များအလိုက် ဆက်လက်ပါဝင်ယှဉ်ပြိုင်သွားကြမည်ဖြစ်ကြောင်း သတင်းရရှိသည်။

(၁၀၀)



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့်ဇနီး ဒေါ်ကြူကြူလှ ၂၀၂၄ ခုနှစ်၊ (၂၅)ကြိမ်မြောက် ငွေရတုအထိမ်းအမှတ် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ၏ ဗုဒ္ဓဝင်ဆယ်ဘွဲ့လာ "မဟာဇနက" ဇာတ်တော်ကြီးပြိုင်ပွဲတွင် အကဲဖြတ်ဆောင်ရွက်ပေးနေသည့် အကဲဖြတ်ပညာရှင်များအား ရင်းရင်းနှီးနှီးနှုတ်ဆက်စဉ်။

# မော်လမြိုင်တက္ကသိုလ်၌ အခြေခံစားသောက်ကုန်ပစ္စည်းများ ဈေးနှုန်းသက်သာစွာရောင်းချပေးလျက်ရှိ

မော်လမြိုင် အောက်တိုဘာ ၁၆

မွန်ပြည်နယ် မော်လမြိုင်မြို့ မော်လမြိုင်တက္ကသိုလ်၌ ယမန်နေ့နံနက်ပိုင်းက မွန်ပြည်နယ်အစိုးရအဖွဲ့၏ စီမံဆောင်ရွက်မှုဖြင့် စည်ပင်သာယာရေးအဖွဲ့၊ စားသုံးသူရေးရာဦးစီးဌာန၊ ဆန်စက်လုပ်ငန်းရှင်များအသင်း၊ ဆီကုန်သည်များနှင့် ဆီလုပ်ငန်းရှင်များအသင်းတို့ပူးပေါင်းပြီး အများပြည်သူများအတွက် စားသောက်ကုန်ပစ္စည်းများကို ဈေးနှုန်းသက်သာစွာ ရောင်းချပေးလျက်ရှိသည်။

အဆိုပါ ရောင်းချပေးနေမှုအား မွန်ပြည်နယ်ဝန်ကြီးချုပ် ဦးအောင်ကြည်သိန်း၊ ပြည်နယ်အစိုးရအဖွဲ့ဝင် ဝန်ကြီးများနှင့် တာဝန်ရှိသူများက ကိုယ်တိုင်စိုက်ပျိုး၊ မွေးမြူ၊ ထုတ်လုပ်၊ ဖြန့်ဖြူးသူများနှင့် ဆန်စက်၊ ဆီစက်လုပ်ငန်းရှင်များ၊ ကုန်သည်များအနေဖြင့် ဆန်၊ စားသုံးဆီ၊ အသား၊ ငါး၊ ကြက်ဥ၊ ဟင်းသီးဟင်းရွက်များကို သက်သာသောဈေးနှုန်းများဖြင့် ရောင်းချပေးနေမှုနှင့်အခြေခံ စားသောက်ကုန်ပစ္စည်းများအား ဆရာ၊ ဆရာမများ၊ ဝန်ထမ်းများနှင့် အဆောင်နေ ကျောင်းသား၊ ကျောင်းသူများက အေးချမ်းပျော်ရွှင်စွာ လာရောက်ဝယ်ယူနေမှုကို လှည့်လည်ကြည့်ရှုအားပေးခဲ့ကြောင်း သိရသည်။

(၄၀၆)



# MYAWADY IN ENGLISH

www.myawady.net.mm DAILY EDITION E-mail:mwddailynewspapergroup@gmail.com


## Chairman of State Administration Council Prime Minister Senior General Min Aung Hlaing and wife Daw Kyu Kyu Hla enjoy Maha Janaka drama of silver jubilee commemorative 25th Myanmar Traditional Cultural Performing Arts Competitions



Senior General Min Aung Hlaing and wife Daw Kyu Kyu Hla enjoy Maha Janaka drama of silver jubilee commemorative 25th Myanmar Traditional Cultural Performing Arts Competitions.

Nay Pyi Taw October 16

Chairman of State Administration Council Prime Minister Senior General Min Aung Hlaing and wife Daw Kyu Kyu Hla enjoyed Maha Janaka drama, one of the 10 Jataka tales, contest of silver jubilee commemorative 25th Myanmar Traditional Cultural Performing Arts Competitions at the open air theatre of Nay Pyi Taw Development Affairs Committee here this evening.

Present together with the Senior General and wife were SAC member General Maung Maung Aye and wife, union ministers and wives, the Nay Pyi Taw Council chair, deputy ministers, judges, managers, coaches, national races contestants from regions and states, cadets who were on a study tour in Nay Pyi Taw, civil servants and families, and drama lovers.

The Senior General and wife and party enjoyed the narratives, dramatic dialogues, songs, emotional scenes, words of Maha Janaka drama performed by Min Naing Soe theatrical troupe of Mon State, combined with music, dances and beautiful scenes.

After the contest the Senior General and wife cordially greeted judges and contestants.

Maha Ayeya theatrical troupe of Ayeyawady Region took part in the Maha Janaka drama contest on 14 October, Phankha Myay theatrical troupe of Magway Region, on 15 October and Min Naing Soe theatrical troupe of Mon State, today.

Theatrical troupes of Mandalay Region, Yangon Region, Bago Region and Sagaing Region will took part in the contest on the respective days during the period from 17 to 20 October.

**100**

## Monywa Township plans to grow more than 12,000 acres of sesame in coming winter

MONYWA October 16

Monywa Township Agriculture Department stated that a total of 12,720 acres of croplands will be placed under sesame in Monywa Township of Sagaing Region this year.

In 2024-2025 winter, local farmers will start cultivation of winter sesame in October till December.

U Soe Thet Aung, Head of Monywa Township Agriculture Department said: "We will strive for meeting the target cultivation of more than 12,000 acres of winter sesame. In the township, sown acreage of sesame is on the rise year by year. Local farmers prefer to grow sesame in winter rather than monsoon."

This year, officials of the township Agriculture Department will raise farmer awareness to expand sown acreage of sesame and use agricultural techniques and GAP system with quality strains of crops.

The crops grown in GAP are higher quality than that of other crops, fetching higher prices and grasping market shares. These quality crops are exportable. Hence, the farmers can earn increased income for their families to improve socioeconomic life.

**SK**

## Plan underway to grow more than 2,000 acres of groundnut in Tamu District in coming winter

TAMU October 16

The statistics of Tamu District Agriculture Department stated that a total of 2,150 acres of groundnut will be cultivated in Tamu District of Sagaing Region in coming winter.

In 2024-2025 winter, local authorities will earmark 400 acres of groundnut in Myothit Township, 700 acres in Tamu Township and 1,050 acres in Khampak, totalling 2,150 acres.

U Hla Myint, Head of District Agriculture Department said: "We have earmarked more than 2,000 acres of groundnut in coming winter. We will try hard to meet the target cultivation, starting from October. It is expected to achieve success in growing winter groundnut. Sown acreage of groundnut is on the increase year after year."

Farmers use 1.5 baskets of groundnut per acre in growing the plant in the district. They cost more than Ks-200,000 per acre of quality strains of groundnut seeds, labour charge, fertilizers, pesticides and others. But, each acre of groundnut yields more than 50 baskets per acre.

Officials of the township agriculture departments in the district will make field trips to the plantations for prevention of pests and weeding for boosting per-acre yield of crops.

**SMK**

# Authorities to make effort to achieve 600,000 acres of cotton plantation

Nay Pyi Taw October 16

"The Ministry of Agriculture, Livestock and Irrigation (MoALI) will make efforts to reach cotton cultivation acres to 600,000 this financial year and 82 percent of them have been planted as of 30 September," said Dr Tin Htut, Deputy Minister.

The ministry will provide seed, inputs and technical assistance to meet the whole 700,000 acres earlier designated for cotton cultivation and to achieve a value chain from farm to fabric cotton production.

A work coordination hybrid meeting on improving cotton production was held in Pyay City, Bago Region, on 11 October. The deputy minister, seed experts, soil experts, crop protection professionals, top agriculture experts, and cotton growers from Pyay District were present at the meeting, and those experts, as well as farmers from Magway and Mandalay regions, virtually joined the meeting.

The deputy minister said that cotton cultivation was targeted at 565,000 acres during last 2023-2024 FY, with production of 244 million visses of cotton.

For cotton productivity, cotton crop zones have been established in regions and states. Pedigree cotton acres also play a vital role in it. He was also instructed officials to collaborate with cotton processors in the private sector. Experts discussed matters regarding per-acre yield production growth methods, crop protection, soil, seeds, industrial agriculture and farmland. Cotton seed production technology and sulfuric acid treatment were demonstrated.

The Ministry of Agriculture, Livestock and Irrigation has urged the farmers to replant crops as a massive flood destroyed some croplands. At present, the ministry has been arranging to provide quality seeds and equipment for ploughing to repair croplands and prepare seed beds in flood-stricken areas. Those farmers in need can enquire at the nearest Agriculture Department to replant long-staple cotton. The department has reserved the seeds, and they are ready to cooperate with growers.

Myanmar Rice Federation and affiliated associations will support resettlement activities in flood-hit areas, agricultural inputs such as seeds and fertilizer and cash donations, the federation announced on 14 September. **SMK**

# Kyunhla Township reaped over 10,000 acres of maize

KYUNHLA October 16

A total of 15,012 acres of maize has been reaped in Kyunhla Township of Sagaing Region in 2024-2025 monsoon season, according to statistics released by the Township Agriculture Department.



"In Kyunhla Township, corns are mainly grown in this year's monsoon season. In addition, pigeon pea and other crops also grown in this season. Now, all the acreage has been harvested and the yield per acre is 48.69 tons," said Daw Myint Yee, staff officer of the Township Agriculture Department.

In order to achieve high yield, the Township Department of Agriculture is making field trips and providing knowledge on agricultural techniques such as good quality seeds, systematic ways of planting, prevention of pest infestation and systematic use of natural fertilizers to farmers in the Township.

The Township has earmarked 14,995 acres of corns in 2024-2025 monsoon, but local farmers have only planted 15,012 acres of corns so far, according to Daw Myint Myint Yee, staff officer of the Township Agriculture Department. **SK**

# Surging demand for tilapia fish boosts sales in Bogale Township



BOGALE October 16

"The sale of tilapia fish from Bogale Township, Ayeyawady Region is good," said Daw Yee Mon, an entrepreneur selling fishery products in Bogale Township.

In the meat and fish market of Bogale Township, from the second week of September until now, the purchase of local tilapia fish has been strong and the sales are good. It is reported that 40 to 70 visses of fish per day are being traded.

"Fishery products from Bogale Township are mainly sent and sold in the Yangon market as well as the local market. Due to the good domestic consumption, there is a strong demand for tilapia fish, so the trade is good. At present, there is a lot of trading in tilapia fish. Because the fish is shipped and sold a lot, it is convenient for entrepreneurs and traders. Now, due to the good demand for fish, fish breeders are breeding more fish. The price of fish is in normal condition," she said. **SMK**

# Pwintbyu Township plans to cultivate 3,185 acres of winter green peas

PWINTBYU October 16

"A total of 3,185 acres of green peas will be cultivated in the next winter cropping season in Pwintbyu Township, Magway Region in order to develop the beans and pulse crop production sector and ensure food security in the region," said Daw Moe Moe Wai, head of the Department of Agriculture for Pwintbyu Township.

"The local farmers will start planting winter green peas in November, and they will supervise the planting of the designated acres. In order to improve the crop yield, we will provide support for agricultural activities and it is necessary to plant good varieties of seeds that are suitable for the region and to avoid pest infestation. Green pea is a crop that is consumed domestically, so there is a market and it is a cost-effective crop for farmers," she said.

Due to the availability of water and good agricultural land in Pwintbyu Township, local farmers are engaged in farming throughout the year in summer, rainy, and winter seasons. **SK**

# Russia and China strengthening economic cooperation despite external pressure - Russian PM



RUSSIA October 16

Russian Prime Minister Mikhail Mishustin, Premier of the State Council of China Li Qiang, and Mongolian Prime Minister Luvsannamsrain Oyun-Erdene are holding trilateral talks in Islamabad, Pakistan, on Wednesday.

Russia and China are strengthening economic cooperation despite unprecedented external pressure, launching joint investment projects, Russian Prime Minister Mikhail Mishustin said.

"Despite unprecedented external pressure, Russia and China are strengthening economic cooperation, we are increasing mutual trade, launching joint investment projects. Partnership in the energy sector has acquired a comprehensive strategic character, covering oil, gas, coal and nuclear industries," Mishustin said at a meeting with Premier Li Qiang of the State Council of the People's Republic of China.

In the sphere of transport, Moscow and Beijing are increasing cargo transportation, improving the capacity of border crossings on the Russian-Chinese border, and creating new international transport corridors. Special attention will be paid to agricultural issues and strengthening food security between Russia and China, Mishustin added.

"We sincerely appreciate our strong cultural and humanitarian ties and jointly carry out activities within the framework of our intercultural years of Russia and China, which are held by the decision of our leaders," the head of the Russian government said.

Mikhail Mishustin noted that the talks are being held on the sidelines of the Shanghai Cooperation Organization (SCO) Council of Heads of Government and expressed confidence that cooperation between Russia and China will contribute to further improving the efficiency of this association, and allow for the full realization of its significant economic potential.

"Next week our leaders will meet at the BRICS summit in Kazan, and we are certainly looking forward to seeing our friend Mr. Xi Jinping there," the Russian Prime Minister said.

**Sputnik**

# NATO proxy war strips Ukraine of future, as thousands of schoolchildren flee country



KIEV October 16

Amid a manpower shortage on the frontlines, Ukraine adopted a draconian law earlier in the year aimed at boosting mobilization. Zelensky also lowered the recruitment age from 27 to 25, triggering fears among Ukrainian citizens that the draft threshold will be lowered to 18 and under amid the Kiev regime's failures on the frontlines.

Some 300,000 schoolchildren left Ukraine before the current school year began, Ukrainian MP Nina Yuzhanina stated, referring to Ukraine's Education Minister Oksen Lisovyi revealing an increase in the outflow of senior school students from Ukraine, most of whom are boys.

Since a majority of those children would soon have to register for military service, many experts link the trend with parents' fears that their kids might be swept into the "meat grinder" of NATO's proxy war.

Amid rampant draft dodging and desertion, Ukraine earlier adopted a controversial law designed to strengthen mobilization, obliging all men aged 18-60 to carry military ID with them at all times.

Furthermore, Volodymyr Zelensky lowered the recruitment age from 27 to 25, unleashing a violent wave of resistance among Ukrainian citizens, many of whom fear the draft border will be lowered to 18 and under amid Ukraine's forces failures on the frontlines.

No less than 6.168 million Ukrainian refugees were registered across Europe by the end of July 2024, according to the United Nations High Commissioner for Refugees (UNHCR), with another 571,000 Ukrainians dodging the ongoing proxy conflict outside of Europe. **Sputnik**

# Two Indian flights receive hoax bomb threats

NEW DELHI October 16

Two domestic flights in India received bomb threats on Wednesday, which were later found to be hoaxes, confirmed airlines.

A Bengaluru-Delhi flight belonging to Akasa Air and a Delhi-Mumbai flight belonging to IndiGo had received the bomb threats.

Upon receiving the bomb threats, the flights were redirected to the nearest possible airports, where they were isolated after landing. All passengers were safely disembarked before thorough security checks.

**Xinhua**

# Arab League condemns Israeli attacks on municipal building in S. Lebanon

CAIRO October 16

Arab League (AL) Secretary-General Ahmed Aboul-Gheit strongly condemned on Wednesday the Israeli airstrike targeting the buildings of the Nabatieh Municipality in southern Lebanon, the AL said in a statement.

An Israeli warplane fired four air-to-ground missiles at the Nabatieh Municipality building and the building of the Union of Municipalities, killing six people, including the mayor, Ahmad Kahil, injuring 43 others and destroying the infrastructure earlier in the day.

"Israeli raids have been being conducted indiscriminately, targeting civilians and infrastructure, in an attempt to replicate the brutal Gaza scenario in Lebanon," Aboul-Gheit said.

He added that Israel continues emptying northern Gaza of its population and killing civilians, sending a clear message that "the war will continue and not be eased."

Stressing that the situation in the Gaza Strip has gone beyond all imagination of the extent of its crime, Aboul-Gheit urged the international community not to allow the repetition of the Gaza situation in Lebanon.

**Xinhua**

## Public Notice for Elimination of Violence

1. Declaring themselves to be "for the people", the so-called CRPH, NUG and PDF terrorist groups are lawlessly killing Buddhist monks, civil servants including schoolteachers, and members of the general public, as well as looting and robbing.
2. Not encouraging, supporting, or assisting "CRPH", "NUG", and "PDF" terrorists, who are intimidating and killing people and committing destructive activities, is to protect the lives and property of the general public.
3. Giving information secretly to the authorities on terrorists and on possession and transport of weapons/ammunition is tantamount to protecting the lives and property of innocent people.

# English Grammar in Use (Intermediate Level)

## Unit 14 Present perfect and past 2 (I have done and I did)

**14.4** **Write sentences about yourself using the ideas in brackets.**

1 (something you haven't done today) I haven't eaten any fruit today.
2 (something you haven't done today) ..................................................
3 (something you didn't do yesterday) ..................................................
4 (something you did yesterday evening) ..................................................
5 (something you haven't done recently) ..................................................
6 (something you've done a lot recently) ..................................................

→ **Additional exercises 2–4** (pages 303–04), **14–15** (pages 310–11)

## Unit 15 Past perfect (I had done)

A Study this example situation:




Sarah and Paul went to the same party last week, but they didn't see each other. Paul left the party at 10.30 and Sarah arrived at 11 o'clock.
So when Sarah arrived at the party, Paul wasn't there.
He **had gone** home.
**had gone** is the past perfect:

| | | | |
|---|---|---|---|
| I/we/they/you<br>he/she/it | **had** | (= I'**d** etc.)<br>(= he'**d** etc.) | **gone**<br>**seen**<br>**finished** etc. |

The past perfect (simple) is **had** + past participle (**gone/seen/finished** etc.).
Sometimes we talk about something that happened in the past:

- Sarah **arrived** at the party.

This is the starting point of the story. Then, if we want to talk about things that happened before this time,
we use the past perfect (**had** ...):

- **When Sarah arrived** at the party, Paul **had** already **gone** home.

Some more examples:

- When we got home last night, we found that somebody **had broken** into the flat.
- Karen didn't come to the cinema with us. She'**d** already **seen** the movie.
- At first I thought I'**d done** the right thing, but I soon realised that I'**d made** a big mistake.
- The people sitting next to me on the plane were nervous. They **hadn't flown** before.
  or They'**d** never **flown** before.

**Raymond Murphy**

SPACE

## NASA က ဂျူပီတာ၏ဂြိုဟ်ရံလပေါ်တွင် သက်ရှိကိုရှာဖွေမည့် အာကာသယာဉ်လွှတ်တင်

NASA ဂျူပီတာဂြိုဟ်ရဲ့ဂြိုဟ်ရံလပေါ်မှာ သက်ရှိများကိုရှာဖွေဖို့အတွက် အာကာသယာဉ်တစ်စင်းကိုစေလွှတ်လိုက်ပါတယ်။ သူ့ကိုတော့ Europa Clipper လို့ အမည်ပေးထားပါတယ်။

Europa Clipper ကို SpaceX ကုမ္ပဏီရဲ့ Falcon Heavy ဒုံးပျံနဲ့ ကနေဒီအာကာသယာဉ်လွှတ်တင်ရေးစခန်းမှ အောက်တိုဘာလ ၁၄ ရက် ဒေသစံတော်ချိန်မွန်းလွဲ ၁၂ နာရီ ၆ မိနစ်မှာလွှတ်တင်လိုက်တာပါ။

Europa Clipper က NASA ကတည်ဆောက်လွှတ်တင်ခဲ့ဖူးတဲ့ အာကာသယာဉ်တွေထဲမှာ အကြီးဆုံးအာကာသယာဉ်တစ်စင်းဖြစ်ပြီး အခုတော့တခြားဂြိုဟ်ဆီကို ဦးတည်သွားနေပါပြီ။ ဒါတင်မကသေးပါဘူး။ သူက NASA အနေနဲ့ ပထမဆုံးစေလွှတ်တဲ့ ကမ္ဘာဂြိုဟ်ပြင်ပမှသမုဒ္ဒရာကိုလေ့လာမယ့် အာကာသယာဉ်လည်းဖြစ်ပါတယ်။

Europa Clipper အနေနဲ့ မိုင်ပေါင်း ၁ ဒသမ ၈ ဘီလီယံလောက်ကို ခရီးသွားရမှာပါ။ နောက်လာမယ့်လေးလအတွင်း သူက အင်္ဂါဂြိုဟ်ကိုပထမဆုံးရောက်ရှိပါမယ်။ အဲဒီကနေမှ ကမ္ဘာဆီကိုပြန်လှည့်လာပြီး ဆွဲငင်အားအထောက်အကူယူကာ ၂၀၂၆ ခုနှစ်မှာ ပြန်ထွက်ပါမယ်။ ဂျူပီတာရဲ့ပတ်လမ်းထဲကိုတော့ ၂၀၃၀ ပြည့်နှစ်မှာ ရောက်ရှိမှာဖြစ်ပါတယ်။

Ref: IE

K.H



## အမေရိကန်က မျိုးဆက်သစ်အာကာသစခန်းပုံစံကို ထုတ်ဖော်ပြသ

အမေရိကန်အခြေစိုက် VAST အမည်ရှိအာကာသနည်းပညာကုမ္ပဏီက သူတို့ဖန်တီးထားတဲ့ မျိုးဆက်သစ်အာကာသစခန်းပုံစံကို ထုတ်ဖော်ပြသလိုက်ပါတယ်။ အဲဒီစခန်းကိုတော့ Haven-2 လို့အမည်ပေးထားပြီး သူကလက်ရှိနိုင်ငံတကာအာကာသစခန်းနေရာကို အစားထိုးနေရာယူလာနိုင်တဲ့အာကာသစခန်းဖြစ်လာမှာပါ။


အခုထုတ်ဖော်ပြသလိုက်တဲ့ အာကာသစခန်းပုံစံဟာ လက်ရှိအာကာသစခန်းထက် ပိုမိုကျယ်ဝန်းတာကြောင့်အာကာသယာဉ်မှူးတွေအနေနဲ့ ပိုမိုသက်သောင့်သက်သာရှိစွာ နေထိုင်နိုင်မယ့်အပြင် သုတေသန၊ အပန်းဖြေရေးနဲ့ ကိုယ်ပိုင်ဝါသနာပါရာကိုလုပ်နိုင်စေမယ့် အခန်းများစွာလည်းပါဝင်ပါတယ်။

ဒါ့အပြင် အချင်း ၃ ဒသမ ၈ မီတာရှိတဲ့ ပြတင်းပေါက်လည်းပါဝင်တာကြောင့် အာကာသယာဉ်မှူးများအနေနဲ့ ကမ္ဘာကြီးရဲ့မြင်ကွင်းကို အံ့သြမင်သက်စွာငေးကြည့်ခွင့်ရမှာပါ။

လက်ရှိနိုင်ငံတကာအာကာသစခန်းကို ၂၀၃၀ ပြည့်နှစ်မှာအနားပေးသွားဖို့ စီစဉ်နေပါတယ်။ ဒါကြောင့် NASA က အာကာသစခန်းတည်ဆောက်ရေးအစီအစဉ်တစ်ခုကိုအကောင်အထည်ဖော်နေတဲ့အတွက် အဲဒီအစီအစဉ်ထဲမှာ VAST အနေနဲ့ ပါဝင်ရွေးချယ်ခံရနိုင်ဖွယ်ရှိနေပါတယ်။

Ref: IE

K.H



HEALTH

## အစားအစာပြောင်းလဲမှုအနည်းငယ်က အာဟာရဓာတ်ပိုမိုရရှိစေမည်



လူတိုင်းက တစ်နေ့ကိုအစာတစ်မျိုးမဟုတ်တစ်မျိုးတော့ စားသောက်နေကြတာပါပဲ။ ဒါပေမဲ့ ခန္ဓာကိုယ်အတွက်လိုအပ်တဲ့အာဟာရဓာတ်ကို တိုင်းတာချင့်ချိန်ပြီး စားသုံးသူကတော့ တော်တော်နည်းမယ်လို့ယူဆရပါတယ်။

ဒါကြောင့် သုတေသနပညာရှင်များက ကိုယ်စားနေကျအစားအစာကို အနည်းငယ်မျှသာပြောင်းလဲလိုက်ခြင်းအားဖြင့် အာဟာရဓာတ်ပြည့်ဝစွာရရှိနိုင်စေမယ့် အခြေအနေကို ထုတ်ဖော်ပြောလိုက်ပါပြီ။

လုပ်ရမယ့်ပြောင်းလဲမှုအနည်းငယ်ကတော့ နေ့စဉ်စားသောက်မှုပုံစံထဲ ပဲအမျိုးမျိုးကိုထည့်သွင်းစားသုံးပေးဖို့သာဖြစ်ပါတယ်။ အရင်ကလည်း ပဲအမျိုးမျိုးစားသုံးခြင်းအားဖြင့် အာဟာရဓာတ်ပြည့်ဝစွာရရှိစေမယ်ဆိုတာကို တော်တော်များများသိရှိကြပါတယ်။ ဒါပေမဲ့ လိုက်ပါလုပ်ဆောင်မှုကတော့ အားနည်းနေကြတာပါ။

အရွယ်ရောက်ပြီးသူတစ်ဦးဟာ တစ်ရက်ကို ပဲအမျိုးမျိုးတစ်ယောက်စာမှသည် နှစ်ယောက်စာအထိ စားသုံးပေးသင့်ပြီး ဒီလိုမျိုး စားသုံးခြင်းအားဖြင့် အမျှင်ဓာတ်၊ ပိုတက်ဆီယမ်၊ မဂ္ဂနီဆီယမ်၊ သံဓာတ်စတဲ့ အာဟာရတွေကိုပိုမိုရရှိစေမယ်လို့သုတေသီများကဆိုပါတယ်။

Ref: STD

K.H

## ကိုယ်အလေးချိန်လျှော့ချရန် အမျိုးသားနှင့်အမျိုးသမီး မတူညီသောနံနက်စာစားရမည်



နံနက်စာကို လူတိုင်းစားသုံးသင့်တယ်ဆိုတာကတော့ အားလုံးသိပြီးသားပါ။ ဒါပေမဲ့ မသိသေးတဲ့အချက်က အမျိုးသားနဲ့အမျိုးသမီးအနေနဲ့ ကိုယ်အလေးချိန်ကိုလျှော့ချနိုင်ဖို့အတွက် မတူညီတဲ့နံနက်စာကိုစားသုံးပေးရမယ်လို့ ပညာရှင်များကတွေ့ရှိလိုက်တဲ့အချက်ပဲဖြစ်ပါတယ်။

အမျိုးသားတွေအနေနဲ့ အချိန်ကြာမြင့်စွာအစာမစားဘဲနေပြီးနောက် အစာပြန်စားတဲ့အချိန်မှာ ကစီဓာတ်များတဲ့အစာကိုစားသုံးပေးတာက အကောင်းဆုံးဖြစ်ပြီး အမျိုးသမီးများကတော့ ကြက်ဥမွှေကြော်တို့၊ ထောပတ်သီးတို့လိုမျိုး အဆီများတဲ့အစာကိုစားသုံးပေးသင့်တယ်လို့ဆိုထားပါတယ်။

အမျိုးသမီးများက အဆီများတဲ့သူတွေဖြစ်တဲ့အလျောက် အဆီကိုချေဖျက်ရာမှာလည်း အလွန်မြန်ဆန်တယ်လို့ သုတေသီများကတွေ့ရှိထားပါတယ်။

Ref: STD

K.H

## အနာရင်းသူထက်ဝက်ခန့်က နှစ်နှစ်အကြာတွင်သေဆုံးနေရ






အနာတစ်ခုခုဖြစ်ကာ ထိုအနာကရင်းပြီး အရေးပေါ်ဌာနကိုရောက်လာသူလူနာများအနက် ထက်ဝက်ခန့်ကနှစ်နှစ်အတွင်း သေဆုံးသွားတယ်လို့ ဒိန်းမတ်သုတေသီများကတွေ့ရှိထားပါတယ်။

ဒီလိုမျိုးအနာရင်းပြီးနောက်သေဆုံးရသူတွေထဲမှာ အသက်အရွယ်ကြီးရင့်သူတွေ၊ နောက်တစ်ကြိမ်အနာရင်းပြီးဆေးရုံထပ်တက်ရသူတွေ၊ နှလုံးရောဂါ၊ ကင်ဆာရောဂါရှိသူတွေက အများဆုံးဖြစ်တယ်လို့ ဆိုပါတယ်။

သုတေသီများက အခုလိုမျိုးရှာဖွေဖော်ထုတ်နိုင်ပြီးနောက် အနာရင်းသူတွေကို သေချာစနစ်တကျနဲ့ အနာပျောက်ကင်းအောင်ကုသပေးဖို့လိုအပ်နေတယ်ဆိုတဲ့ အချက်ကို အလေးပေးပြောထားပါတယ်။ ဒါ့အပြင် အနာရင်းခြင်းကလည်းလျစ်လျူရှုလို့မရတဲ့အရာဖြစ်တယ်လို့ သူတို့ကဆိုပါတယ်။

Ref: STD

K.H

# တောင်ကိုရီးယားက ဒရုန်းများလွှတ်တင်ပြီးနောက် မြောက်ကိုရီးယား၌စစ်မှုထမ်းလိုသူ ၁ ဒသမ ၄ သန်း လာရောက်စာရင်းပေး

**ပြုံယမ်း၊ ပြည်တွင်းရေး**

တောင်ကိုရီးယားဘက်က မြောက်ကိုရီးယားဘက်သို့ ဒရုန်းများလွှတ်တင်ကာ ဝါဒဖြန့်စာရွက်များကြဲချပြီးနောက် မြောက်ကိုရီးယားတပ်မတော်သို့ ဝင်ရောက်စစ်မှုထမ်းလိုသဖြင့် မိမိသဘောဆန္ဒအလျောက် လာရောက်စာရင်းပေးသူ လူငယ် ၁ ဒသမ ၄ သန်းရှိကြောင်း KCNA သတင်းဌာနက ဖော်ပြထားသည်။

ထို ၁ ဒသမ ၄ သန်းမှာ အောက်တိုဘာလ ၁၄ ရက်နှင့် ၁၅ ရက် နှစ်ရက်အတွင်းမှာပင် မိမိဆန္ဒအလျောက် လာရောက်စာရင်းပေးသူများဖြစ်ပြီး အချို့မှာပြန်လည်စစ်မှုထမ်းရန်စာရင်းပေးသူများဖြစ်ကြောင်း သတင်းဌာန၏ဖော်ပြချက်တွင် တွေ့ရှိရသည်။

တောင်ကိုရီးယားက ထိုကဲ့သို့ဒရုန်းများလွှတ်တင်ကာ မြောက်ကိုရီးယားမကောင်းကြောင်းဝါဒဖြန့်လက်ကမ်းစာစောင်များ ကြဲချမှုသည် အချုပ်အခြာအာဏာကို ဆိုးဝါးစွာ ချိုးဖောက်ခြင်းဖြစ်သည်ဟု မြောက်ကိုရီးယားအစိုးရကသတိမှတ်ကြောင်း ထုတ်ပြန်ထားသည်။

သို့သော် မြောက်ကိုရီးယား၏စွပ်စွဲမှုကိုတောင်ကိုရီးယားကငြင်းဆိုထားသည်။ တစ်ချိန်တည်းမှာပင် ထိုသို့ဒရုန်းများလွှတ်တင်မှုကို တက်ကြွလှုပ်ရှားသူများက လုပ်ဆောင်ခြင်းဖြစ်သည်ဟု တုံ့ပြန်ထားသည်။

တောင်ကိုရီးယားနှင့်မြောက်ကိုရီးယားနိုင်ငံတို့ကြား ဆက်ဆံရေးတင်းမာမှုများဖြစ်ပွားပြီးနောက် မြောက်ကိုရီးယားက နှစ်နိုင်ငံကြား ဆက်သွယ်ထားသည့် ကားလမ်းမှလမ်းပိုင်းအချို့ကို အောက်တိုဘာလ ၁၅ ရက်တွင်ဖောက်ခွဲလိုက်ကြောင်း သိရသည်။ **Ref: Xinhua**



# အမေရိကန်နှင့်ဖိလစ်ပိုင်တို့ ပူးတွဲစစ်ရေးလေ့ကျင့်မှုများပြုလုပ်

**မနီလာ၊ စစ်ရေး**

အမေရိကန်နှင့်ဖိလစ်ပိုင်တို့မှ မရိန်းတပ်ဖွဲ့များက ဖိလစ်ပိုင်နိုင်ငံမြောက်ပိုင်းနှင့်အနောက်ပိုင်းတို့၌ ၁၀ ရက်ကြာပူးတွဲစစ်ရေးလေ့ကျင့်မှုကို အောက်တိုဘာလ ၁၅ ရက်တွင်စတင်ပြုလုပ်ကြောင်း သိရသည်။

နှစ်စဉ်ကျင်းပမြဲဖြစ်သည့် Venom အမည်ရှိ ထိုစစ်ရေးလေ့ကျင့်ခန်းသည် ဖိလစ်ပိုင်နိုင်ငံ၏ ပင်မကျွန်းဖြစ်သည့် လူဇွန်ကျွန်းမြောက်ပိုင်း ကမ်းရိုးတန်းကို ကာကွယ်ရန်ဖြစ်သည်ဟု တာဝန်ရှိသူများကပြောသည်။

ထိုစစ်ရေးလေ့ကျင့်ခန်းတွင် ကျည်စစ်ကျည်မှန်အသုံးပြုလေ့ကျင့်ခြင်းနှင့် လူဇွန်ကျွန်းကမ်းလွန်၌အခြားသောလေ့ကျင့်မှုများပါဝင်သွားမည်ဟု ဖိလစ်ပိုင်မရိန်းတပ်ဖွဲ့အကြီးအကဲကပြောသည်။

ယင်းစစ်ရေးလေ့ကျင့်ခန်း၌ ဖိလစ်ပိုင်နှင့်အမေရိကန်တို့မှ စစ်သည်အင်အားတစ်ထောင်ကျော်စီပါဝင်ပြီး ဩစတြေးလျ၊ ဗြိတိန်၊ ဂျပန်နှင့် တောင်ကိုရီးယားတို့မှ အင်အားအနည်းငယ်စီလည်းပါဝင်ကြောင်း သိရသည်။

**Ref: RTA**




# ကွာလာလမ်ပူမြို့နှင့်အနီးတစ်ဝိုက်၌ ရေကြီးမှုများနှင့်မြေပြိုမှုဖြစ်ပွား

**ကွာလာလမ်ပူ၊ သဘာဝဘေး**

မလေးရှားနိုင်ငံ၌ အောက်တိုဘာလ ၁၅ ရက်နံနက်ပိုင်းတွင် မိုးသည်းထန်စွာရွာသွန်းမှုကြောင့် ကွာလာလမ်ပူမြို့နှင့်အနီးတစ်ဝိုက်ရှိဒေသများ၌ ရုတ်တရက်ရေကြီးမှုများဖြစ်ပွားကြောင်းနှင့် တာမန်မီလာဝါတီ၌ မြေပြိုမှုဖြစ်ပွားကြောင်းသိရသည်။

လူမှုကွန်ရက်၌တက်လာသောဗီဒီယိုများအရ အလွန်အစီးသန်သောရေများက မလေးရှားတက္ကသိုလ် ပရိဝုဏ်အတွင်းသို့ ဝင်ရောက်လာမှုနှင့် ဂွမ်ဘတ်ဆီလန်ဂေါ်ရှိမူလတန်းကျောင်းသားများမှာ စားပွဲခုံပေါ်သို့တက်၍နေနေရမှုအခြေအနေများကိုမြင်တွေ့ရသည်။

ထို့ပြင် လွှတ်တော်အဆောက်အအုံနှင့် ပတ်ဝန်းကျင်တွင်လည်း ရေကြီးမှုများဖြစ်ပွားရသောကြောင့် လွှတ်တော်အမတ်များက အစည်းအဝေးကိုခေတ္တရပ်ဆိုင်းလိုက်ရသည်။

အလားတူ ကွာလာလမ်ပူမြို့အပါအဝင် ကလန်းတောင်ကြားဒေသ၌ ပြီးခဲ့သည့်သီတင်းပတ်များတွင် အချိန်အခါမဟုတ်မိုးသည်းထန်စွာရွာသွန်းမှုဖြစ်ပွားသည်ကိုတွေ့ရသည်။

အဆိုပါရေကြီးမှုများနှင့်မြေပြိုမှုများကြောင့် ကယ်ဆယ်ရေးအဖွဲ့များက ကယ်ဆယ်ရေးလုပ်ငန်းများကို အရေးပေါ်လုပ်ဆောင်နေရကြောင်း တာဝန်ရှိသူများက ထုတ်ပြန်ထားသည်။

**Ref: TST**

## သတင်းတိုကဏ္ဍ

# အာဖရိကတောင်ပိုင်း၌ လူပေါင်း ၂၇ သန်းကျော် အငတ်ဘေးနှင့်ရင်ဆိုင်နေရ

အာဖရိကတောင်ပိုင်းဒေသ၌ ဆယ်စုနှစ်ပေါင်းများစွာအတွင်း အဆိုးဆုံးသောစားနပ်ရိက္ခာအကျပ်အတည်းနှင့်တွေ့ကြုံနေရစဉ် လူပေါင်း ၂၇ သန်းကျော်အငတ်ဘေးနှင့်ရင်ဆိုင်နေရကြောင်း ကုလသမဂ္ဂစားနပ်ရိက္ခာအစီအစဉ် (WFP)ကထုတ်ပြန်ထားသည်။

ထိုဒေသအနေဖြင့် အငတ်ဘေးဆိုက်နေရခြင်းသည် အယ်နီညိုဖြစ်စဉ်ကြောင့် ကာလရှည်ကြာ မိုးခေါင်ရေရှားမှုနှင့် ရင်ဆိုင်ရသည့်အတွက်ဖြစ်ကြောင်း WFP ၏ ထုတ်ပြန်ချက်တွင်ဆက်လက်ဖော်ပြထားသည်။

မိုးခေါင်ရေရှားမှုဖြစ်ပေါ်သည့်အတွက် လယ်ယာစိုက်ပျိုးရေးဖြစ်ထွန်းခြင်းမရှိသည့်အတွက် မွေးမြူရေးတိရစ္ဆာန်များမှာလည်းသေဆုံးရကြောင်း၊ ထို့ကြောင့်ဒေသတစ်ခုလုံး စားနပ်ရိက္ခာဖူလုံမှုမရှိခြင်းဖြစ်ကြောင်း၊ ထိုအခြေအနေသည် လူသားမျိုးနွယ်စုတစ်ခုအတွက် ကပ်ဘေးတစ်ခုကဲ့သို့ပင်ဖြစ်ကြောင်းနှင့် ကူညီရေးလုပ်ငန်းများဆောင်ရွက်ရန် မဖြစ်မနေလိုအပ်နေကြောင်း ထုတ်ပြန်ချက်တွင်ဆက်လက်ဖော်ပြထားသည်။ **Ref: RT**

# အိန္ဒိယက ကနေဒါမှမဟာမင်းကြီးအပါအဝင် သံတမန်ခြောက်ဦးကိုနှင်ထုတ်

အိန္ဒိယအစိုးရက ကနေဒါနိုင်ငံမှမဟာမင်းကြီး စတီးဝ့ါရော့ဗ်ီးလာအပါအဝင် သံတမန်ခြောက်ဦးကို နိုင်ငံမှနှင်ထုတ်လိုက်ကြောင်းနှင့် အောက်တိုဘာလ ၁၉ ရက်နောက်ဆုံးထား၍ နိုင်ငံအတွင်းမှထွက်ခွာရန်ညွှန်ကြားထားကြောင်း အိန္ဒိယပြည်ပရေးရာဝန်ကြီးဌာနကထုတ်ပြန်သည်။

ပြီးခဲ့သည့်နှစ်တွင် ကနေဒါနိုင်ငံဗန်ကူးဗားမြို့၌ ဆစ်လူမျိုးတစ်ဦးအသတ်ခံရမှုဖြစ်ပွားပြီးနောက် နှစ်နိုင်ငံကြားသံတမန်ဆက်ဆံရေးတင်းမာမှုများမြင့်တက်လာနေစဉ် ယခုကဲ့သို့သံတမန်များကိုနှင်ထုတ်မှုဖြစ်ပွားလာခြင်းဖြစ်သည်။

ကနေဒါနိုင်ငံဆိုင်ရာ အိန္ဒိယမဟာမင်းကြီးအပါအဝင် သံတမန်အရာရှိအချို့မှာ ဆစ်လူမျိုးအသတ်ခံရမှုနှင့်ပတ်သက်၍ စုံစမ်းစစ်ဆေးခံရမည့်စာရင်းတွင်ပါဝင်နေသူများဖြစ်သည်ဟု ကနေဒါဘက်က သံတမန်လမ်းကြောင်းမှတစ်ဆင့် ဆက်သွယ်လာသည်ဟု အိန္ဒိယအစိုးရက ထုတ်ပြန်ထားသည်။

ယခုအခါ အဆိုပါဆစ်လူမျိုးအသတ်ခံရမှုနှင့်ပတ်သက်၍ စုံစမ်းစစ်ဆေးမှုများလုပ်ဆောင်ရန် အိန္ဒိယအစိုးရကစစ်ဆေးရေးအဖွဲ့တစ်ဖွဲ့ကိုစေလွှတ်ထားကြောင်း သိရသည်။ **Ref: RT**

# ပါလက်စတိုင်းလိုလားသည့် ဂျူးတက်ကြွလှုပ်ရှားသူများ Wall Street သို့ဝင်ရောက်ဆန္ဒပြ

ပါလက်စတိုင်းလိုလားသည့် ဂျူးလူမျိုးတက်ကြွလှုပ်ရှားသူ ရာပေါင်းများစွာက နယူးယောက်မြို့ရှိ Wall Street သို့ ဝင်ရောက်ဆန္ဒပြကြောင်းသိရသည်။

ဆန္ဒပြသူများသည် ဂါဇာ၌အစ္စရေး၏ လူမျိုးတုံးသတ်ဖြတ်မှုအပေါ် ထောက်ခံနေသည့် အမေရိကန်အစိုးရကိုဆန့်ကျင်ဆန္ဒပြနေခြင်းဖြစ်သည်ဟု ရဲတပ်ဖွဲ့ကပြောသည်။

"အစ္စရေးကိုလက်နက်ထောက်ပံ့မှုရပ်တန့်ရန် ဂျူးများကပြောသည်" ဟူသောစာတန်းများအပါအဝင် အခြားသောစာတန်းများကိုင်ဆောင်၍ ဆန္ဒပြသူများက နယူးယောက်စတော့အိတ်ချိန်းရှိရာ Wall Street သို့ အောက်တိုဘာလ ၁၄ ရက်တွင် ဝင်ရောက်ဆန္ဒပြနေခြင်းဖြစ်သည်။

ထိုဆန္ဒပြမှုကို ငြိမ်းချမ်းရေးအတွက် ဂျူးတို့၏အသံများအမည်ရှိ တက်ကြွလှုပ်ရှားသူများအဖွဲ့ကဦးစီးလုပ်ဆောင်ခြင်းဖြစ်ပြီး လူအယောက် ၅၀၀ ခန့်ပါဝင်ဆန္ဒပြသည်။ ရဲတပ်ဖွဲ့ကမူ ဆန္ဒပြမှုတွင်ပါဝင်သူများအနက် ၂၀၆ ဦးကို ဖမ်းဆီးထိန်းသိမ်းထားကြောင်းပြောသည်။

**Ref: RT**

# ချတ်နိုင်ငံ၌ရေကြီးမှု သေဆုံးသူ ၅၅၀ ကျော်ရှိ

ချတ်နိုင်ငံတစ်ဝန်းရှိ ပြည်နယ် ၂၃ ခုစလုံး၌ ရေကြီးမှုများဖြစ်ပွားသောကြောင့် သေဆုံးသူစုစုပေါင်း ၅၅၀ ကျော်ရှိသည်ဟု သိရသည်။

ထို့ပြင် အိမ်ခြေ ၂၁၀၀၀၀ ကျော် ပျက်စီးဆုံးရှုံးသောကြောင့် မိသားစုဝင်အများအပြားမှာ အိုးမဲ့အိမ်မဲ့ဘဝသို့ရောက်ရှိနေရကြောင်း ကုလသမဂ္ဂ၏လူအင်အားရန်ပုံငွေအဖွဲ့ကပြောသည်။

အောက်တိုဘာလအထိကြာမြင့်သည့် မိုးရာသီကာလအတွင်း မကြုံစဖူးထူးကဲသော မိုးရေချိန်လက်မများစွာရွာသွန်းမှုကြောင့် ချတ်နိုင်ငံအနေဖြင့် သမိုင်းတစ်လျှောက် အဆိုးဆုံးသောသဘာဝဘေးနှင့် ရင်ဆိုင်နေရခြင်းဖြစ်သည်။

ထိုသဘာဝဘေးကြောင့် လူသေဆုံးမှုများအပြင် စိုက်ပျိုးမြေ ၄၃၂၀၀၀ ဟက်တာနှင့် မွေးမြူရေးတိရစ္ဆာန်အကောင်ရေ ၇၂၀၀၀ ကျော် ပျက်စီးဆုံးရှုံးရသည်။ လက်ရှိတွင် ချတ်ပြည်သူအများအပြားမှာ အငတ်ဘေးနှင့်ရင်ဆိုင်နေရကြောင်း သိရသည်။ **Ref: RT**

## ၂၀၂၄ ခုနှစ်၊ (၂၅)ကြိမ်မြောက် ငွေရတုအထိမ်းအမှတ် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ဦးတည်ချက်(၄)ရပ်

၁။ အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင်ထိန်းသိမ်းစောင့်ရှောက်ရေး၊

၂။ တိုင်းရင်းသားတို့၏ ရိုးရာယဉ်ကျေးမှုအနုပညာအမွေအနှစ်များနှင့် အမျိုးသားယဉ်ကျေးမှု စရိုက်လက္ခဏာများမပျောက်ပျက်စေရန် ဖော်ထုတ်၊ ထိန်းသိမ်း၊ မြှင့်တင်ရေး၊

၃။ မျိုးဆက်သစ်လူငယ်များအကြားတွင် ရိုးရာယဉ်ကျေးမှုအမွေအနှစ်များကို ဖော်ထုတ်ထိန်းသိမ်းခြင်းနှင့်ထပ်တူ အမျိုးသားရေးစိတ်ဓာတ်များ ပိုမိုထွန်းကားပြန့်ပွားနေစေရေး၊

၄။ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးနှင့် တည်ငြိမ်အေးချမ်းရေးတို့အတွက် အမျိုးသားယဉ်ကျေးမှု အခန်းကဏ္ဍမှ တစ်တပ်တစ်အား ပူးပေါင်းပါဝင်ဆောင်ရွက်ရေး။

# နေပြည်တော် ပျဉ်းမနားမြို့နယ်အတွင်းရှိ ရေဘေးသင့်ပြည်သူများ အိုးအိမ်ပြန်လည်ထူထောင်ရေးအတွက် ရန်ပုံငွေနှင့် စားသောက်ဖွယ်ရာများထောက်ပံ့ပေးအပ်

နေပြည်တော် အောက်တိုဘာ ၁၆

ရေဘေးသင့် အိမ်ထောင်စုများသို့ ထောက်ပံ့ငွေနှင့် ပစ္စည်းများပေးအပ်ပွဲ အခမ်းအနားကို ယနေ့မွန်းလွဲပိုင်းတွင် နေပြည်တော် ပျဉ်းမနားမြို့ မင်္ဂလာဗျူဟာခန်းမ၌ကျင်းပရာ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာစိုးဝင်း၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးသန်းထွန်းဦးနှင့် နေပြည်တော်ကောင်စီဝင်များ တက်ရောက်ကြသည်။

အခမ်းအနားတွင် ပြည်ထောင်စုဝန်ကြီးက ရေဘေးကြောင့် နေအိမ်များမျောပါပျက်စီးခဲ့ကြသည့် နေပြည်တော် ပျဉ်းမနားမြို့နယ် ဆင်သေကျေးရွာနှင့် ကျွန်းဦးကျေးရွာအုပ်စုတို့မှ အိမ်ခြေလုံးဝမျောပါပျက်စီးခဲ့သည့် နေအိမ် ၁၀၄ လုံးအတွက် တစ်အိမ်လျှင် ငွေကျပ် ၂၃ သိန်း ၅ သောင်းနှုန်းဖြင့် အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုရန်ပုံငွေမှ ထောက်ပံ့ငွေကျပ် ၂၄၄၄ သိန်းနှင့် အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုရန်ပုံငွေဖြင့် ဝယ်ယူခဲ့သည့် အသား၊ ငါး၊ ပဲစည်သွတ်ဘူးများ၊ ခေါက်ဆွဲခြောက်ထုပ်များကိုလည်းကောင်း၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌက နေပြည်တော်ကောင်စီနယ်မြေအတွင်း ရေဘေးသင့်နယ်မြေများ ပြန်လည်ပြုပြင်ဆောင်ရွက်နေမှုများကိုရှင်းလင်းပြောကြားကာ တစ်စိတ်တစ်ပိုင်းပျက်စီးနေအိမ် ၄၁၇ လုံးအတွက် တစ်အိမ်လျှင်ငွေကျပ် ၁၇ သိန်း ၅ သောင်းနှုန်းဖြင့် အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုရန်ပုံငွေမှ ထောက်ပံ့ငွေကျပ် ၇၂၈၇ ဒသမ ၅ သိန်း၊ စည်သွတ်ဘူးနှင့် စားသောက်ဖွယ်ရာများကိုလည်းကောင်း ထောက်ပံ့ပေးအပ်ခဲ့ကြပြီး ရေဘေးသင့်မိသားစုများကို ရင်းရင်းနှီးနှီး တွေ့ဆုံနှုတ်ဆက်သည်။

ယနေ့အခမ်းအနားတွင် နိုင်ငံတော်အကြီးအကဲ၏လမ်းညွှန်ချက်အရ ဘေးသင့်နေအိမ်များ ပြုပြင်တည်ဆောက်ရန်အတွက် အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုရန်ပုံငွေမှ ငွေကျပ် ၉၇၄၁ ဒသမ ၅ သိန်း၊ အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုရန်ပုံငွေဖြင့်ပင် ဝယ်ယူခဲ့သည့် ငွေကျပ်သိန်း ၅၄၀၀ ကျော်တန်ဖိုးရှိ အသား၊ ငါး၊ ပဲစည်သွတ်ဘူးများ၊ ခေါက်ဆွဲခြောက်ထုပ်များနှင့် ပြည်တွင်းပြည်ပအလှူရှင်များကလှူဒါန်းထားသောအသုံးအဆောင်ပစ္စည်းတို့ကို ဘေးသင့်ပြည်သူများထံသို့ စနစ်တကျ ထောက်ပံ့ပေးအပ်ကြသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးနှင့် နေပြည်တော်ကောင်စီဥက္ကဋ္ဌတို့သည် ရေကြီးနစ်မြုပ်မှုဒဏ်ခံစားခဲ့ရသည့် နေပြည်တော် ပုဗ္ဗသီရိမြို့နယ် အေးမြင့်သာယာကျေးရွာ အခြေခံပညာမူလတန်းလွန်ကျောင်းသို့ သွားရောက်၍ သန့်ရှင်းရေးဆောင်ရွက်ပြီးစီးမှုအခြေအနေ၊ ကျောင်းသား၊ ကျောင်းသူများအတွက် သန့်ရှင်းသောသောက်သုံးရေရရှိရေးနှင့် ပညာသင်ကြားရေးဆိုင်ရာ ဆောင်ရွက်ထားရှိမှုအခြေအနေများကိုလိုက်လံကြည့်ရှုကာ လိုအပ်သည်များ စီမံဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။ (၅၀၀)



# အမ်း-ပဒါန်းသွားကားလမ်းပေါ်၌ ဖြတ်သန်းသွားလာလျက်ရှိသော အရပ်သားပြည်သူများစီးနင်းလာသည့် မော်တော်ယာဉ်များအား AA အကြမ်းဖက်သောင်းကျန်းသူအဖွဲ့မှ နှောင့်ယှက်ပစ်ခတ်၊ ခရီးသွားပြည်သူများအား အတင်းအဓမ္မဖမ်းဆီးခေါ်ဆောင်

နေပြည်တော် အောက်တိုဘာ ၁၆

ရခိုင်ပြည်နယ်၊ အမ်း-ပဒါန်း ဆက်သွယ်ထားရှိသည့် အများပြည်သူအသုံးပြုလျက်ရှိသောလမ်းကြောင်းပေါ်၌ သွားလာလျက်ရှိသည့် အရပ်သားပြည်သူများစီးနင်းလာသည့် မော်တော်ယာဉ်များအား AA အကြမ်းဖက်သောင်းကျန်းသူအဖွဲ့မှ နှောင့်ယှက်ပစ်ခတ်ဟန့်တားခြင်းများပြုလုပ်ခဲ့သောကြောင့် အပြစ်မဲ့ အရပ်သားပြည်သူအချို့ ထိခိုက်ဒဏ်ရာရရှိခဲ့ပြီး အချို့မှာ အတင်းအဓမ္မဖမ်းဆီးခေါ်ဆောင်ခံခဲ့ရကြောင်း သိရှိရသည်။

ဖြစ်စဉ်မှာ ယနေ့နံနက် ၈ နာရီ ၁၅ မိနစ်ခန့်တွင် အမ်းမြို့နယ်မှ ပဒါန်းမြို့နယ်သို့ မောင်းနှင်လာပြီး ခရီးသွားပြည်သူများ စီးနင်းလိုက်ပါလာသည့် Canter အမျိုးအစား မော်တော်ယာဉ်အား အမ်းမြို့နယ်မှ အရှေ့မြောက်ဘက် မီတာ ၄၀၀၀ ခန့်အကွာ နေရာ၌ AA အကြမ်းဖက်သောင်းကျန်းသူများက နှောင့်ယှက်ပစ်ခတ်ဟန့်တားခဲ့သဖြင့် ယာဉ်ပေါ်တွင်လိုက်ပါလာသည့် အမျိုးသမီး ၂ ဦးနှင့် အမျိုးသား ၄ ဦးတို့တွင် ထိခိုက်ဒဏ်ရာများရရှိခဲ့ကြောင်း သိရှိရသည်။

ထို့ပြင် AA အကြမ်းဖက်သောင်းကျန်းသူများသည် ဖြစ်စဉ်နေရာမှ မီတာ ၂၀၀ ခန့်အကွာနေရာ၌ အရပ်သားပြည်သူများ စီးနင်းလိုက်ပါလာသည့် မော်တော်ယာဉ် ၁၀ စီးအား ရပ်တန့်စေခဲ့ကာ အမျိုးသား ၂၄ ဦး၊ အမျိုးသမီး ၁၄ ဦးတို့အား အတင်းအဓမ္မဖမ်းဆီးခေါ်ဆောင်သွားခဲ့ကြောင်း သိရှိရသည်။

အဆိုပါဖြစ်စဉ်တွင် ထိခိုက်ဒဏ်ရာရရှိခဲ့သူများအား လုံခြုံရေးတပ်ဖွဲ့ဝင်များက မင်းဘူးမြို့ရှိပြည်သူ့ဆေးရုံကြီးသို့ ပို့ဆောင်ဆေးကုသမှုခံယူနိုင်ရေး ဆောင်ရွက်ပေးခဲ့ကြောင်းနှင့် ဖြစ်စဉ်နေရာအနီးတစ်ဝိုက်အား လိုအပ်သည့်လုံခြုံရေးလုပ်ငန်းများ ဆက်လက်ဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။ (၁၀၀)

## မြဝတီရုပ်မြင်သံကြားအစီအစဉ်

၁၇-၁၀-၂၀၂၄(ကြာသပတေးနေ့)

| | | | | | |
|---|---|---|---|---|---|
| ၁။ | ၆:၀၂ | နိုင်ငံတော်သီချင်း | ၁၀။ | ၁၃:၄၀ | ခရီးလည်းသွား စကားလည်းဆို |
| ၂။ | ၇:၂၀ | မေတ္တာပို့ | ၁၁။ | ၁၇:၅၀ | စာဆိုစစ်သည် ကလောင်ရှင်များ |
| ၃။ | ၇:၃၀ | ကိုယ်လက်လှုပ်ရှား အားကစား | ၁၂။ | ၁၈:၁၅ | သီချင်းလက်ဆောင် |
| ၄။ | ၇:၅၀ | မြန်မာ့ရှုခင်း | ၁၃။ | ၁၈:၃၀ | ထုတ်လွှင့်ပြန်ကြားသတင်းမှန်များ |
| ၅။ | ၈:၃၅ | သုတစုံလင်ဗဟုသုတပုံပြင် | ၁၄။ | ၁၈:၄၅ | ပြည်သူ့ကြားက ပြည်သူ့စကား |
| ၆။ | ၉:၁၅ | ကျန်းမာသုတ | ၁၅။ | ၁၉:၀၀ | (၃၈)ဖြာမင်္ဂလာ သန္တူဋ္ဌိစ |
| ၇။ | ၉:၂၅ | ရင်မှာစွဲလမ်းတော်ဝင်ပန်း | | | |
| ၈။ | ၁၁:၃၅ | ပန်းရောင်စုံသင်းပျံ့မွှေးမြန်မာတိုင်းရင်းဆေး | | | |
| ၉။ | ၁၃:၁၀ | အမှတ်တရနေ့ရက်များ | | | |

-------------------

MWD Variety Channel

| | | | | | |
|---|---|---|---|---|---|
| ၁။ | ၉:၃၇ | ကမ္ဘာတစ်ခွင် မှတ်တမ်းဝင် | ၄။ | ၁၂:၃၁ | လောကကိုအလှဆင် ပန်းတို့ဥယျာဉ် |
| ၂။ | ၁၀:၃၁ | စားရေရိက္ခာ ဖူလုံဖို့ စိုက်ပျိုးမွေးမြူ ထုတ်လုပ်စို့ | ၅။ | ၁၅:၃၀ | သတိမမူ ဂူမမြင် |
| ၃။ | ၁၁:၂၈ | ကဗျာအလှ ရသလွင်ပြင် | ၆။ | ၁၈:၃၀ | ထုတ်လွှင့်ပြန်ကြားသတင်းမှန်များ |
| | | | ၇။ | ၂၁:၀၅ | မှတ်တမ်းအစီအစဉ် |

## နေရာစိပ်စိပ် မိုးထစ်ချုန်းရွာနိုင်

နေပြည်တော် အောက်တိုဘာ ၁၆

နောက်နှစ်ရက်အတွက်ခန့်မှန်းချက်မှာ တနင်္သာရီတိုင်းဒေသကြီး၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် နေရာစိပ်စိပ်မိုးထစ်ချုန်းရွာနိုင်ပါသည်။

(မိုး/ဇလ)

# ပြည်သူ့စစ်မှုထမ်းသင်တန်းအမှတ်စဉ်(၆ / ၂၀၂၄)သို့ တက်ရောက်မည့် နိုင်ငံ့သားကောင်းရတနာများအား သွားရောက်ကြည့်ရှုအားပေး



ရောဝတီတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးတင်မောင်ဝင်း၊ အနောက်တောင်တိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်ဝေလင်းနှင့် တာဝန်ရှိသူများက ပြည်သူ့စစ်မှုထမ်းသင်တန်း တက်ရောက်မည့် နိုင်ငံ့သားကောင်းရတနာများအား ရင်းရင်းနှီးနှီးတွေ့ဆုံအားပေး စကားပြောကြားစဉ်။

နေပြည်တော် အောက်တိုဘာ ၁၆

ဧရာဝတီတိုင်းဒေသကြီးအတွင်းမှပြည်သူ့စစ်မှုထမ်းသင်တန်းအမှတ်စဉ်(၆/၂၀၂၄)သို့ တက်ရောက်မည့်နိုင်ငံ့သားကောင်းရတနာများအား ယနေ့နံနက်ပိုင်းတွင် အနောက်တောင်တိုင်းစစ်ဌာနချုပ် တပ်နယ်အားကစားရုံ၌ ဧရာဝတီတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးတင်မောင်ဝင်း၊ တိုင်းမှူး ဗိုလ်ချုပ်ဝေလင်းနှင့် တာဝန်ရှိသူများက သွားရောက်တွေ့ဆုံအမှာစကားပြောကြားသည်။

ထိုသို့တွေ့ဆုံရာတွင် ပြည်သူ့စစ်မှုထမ်းသင်တန်း အမှတ်စဉ်(၆/၂၀၂၄)သို့ တက်ရောက်မည့်နိုင်ငံ့သားကောင်းရတနာများအား ထောက်ပံ့ပစ္စည်းများပေးအပ်ပြီး တိုင်းဒေသကြီးဝန်ကြီးချုပ်၊ တိုင်းမှူးနှင့် တာဝန်ရှိသူများက သင်တန်းသားများနှင့် ရင်းရင်းနှီးနှီးတွေ့ဆုံအားပေးစကားပြောကြားကာ လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။

(၁၀၀)

# ကျောက်တန်းမြို့နယ်၊ သီတာမြိုင်ရပ်ကွက်ရှိ ဒေသခံပြည်သူများအား ကျန်းမာရေး စောင့်ရှောက်မှုလုပ်ငန်းများဆောင်ရွက်

နေပြည်တော် အောက်တိုဘာ ၁၆

ရန်ကုန်တိုင်းဒေသကြီး၊ ကျောက်တန်းမြို့နယ်၊ သီတာမြိုင်ရပ်ကွက်ရှိ ဒေသခံပြည်သူများအား ယနေ့နံနက်ပိုင်းတွင် ရန်ကုန်တိုင်းစစ်ဌာနချုပ် နယ်လှည့်ဆေးကုသရေးအဖွဲ့က အဆိုပါရပ်ကွက်ရှိ ရွှေပင်ဘုန်းကြီးကျောင်း၌ ကျန်းမာရေး စောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးသည်။

ထိုသို့ဆောင်ရွက်ပေးရာတွင် ဆေးကုသရေးအဖွဲ့က ဒေသခံပြည်သူ ၁၅၁ ဦးတို့ကို ခွဲစိတ်ကုသမှုဆိုင်ရာရောဂါ၊ ကလေးရောဂါ၊ အရိုး/အကြောရောဂါ၊ သွားနှင့်ခံတွင်းရောဂါ၊ အရေပြားရောဂါ၊ မျက်စိရောဂါ၊ နား/နှာခေါင်း/လည်ချောင်းရောဂါ၊ သားဖွားမီးယပ်ရောဂါ၊ အထွေထွေရောဂါတို့နှင့် ပတ်သက်၍ လိုအပ်သည့်ဆေးဝါးကုသမှုများဆောင်ရွက်ပေးသည်။

ယင်းသို့ ဆောင်ရွက်နေမှုများကို သန်လျင်တပ်နယ်မှ တာဝန်ရှိသူများက သွားရောက်ကြည့်ရှုအားပေးပြီး လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။

(၁၀၀)



ရန်ကုန်တိုင်းစစ်ဌာနချုပ် နယ်လှည့်ဆေးကုသရေးအဖွဲ့က ဒေသခံပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးစဉ်။

# MFF Royal-D U-19 Futsal Championship ပြိုင်ပွဲ အုပ်စုပွဲစဉ်များ ဆက်လက်ယှဉ်ပြိုင်ကစား



ရန်ကုန် အောက်တိုဘာ ၁၆

မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ် ဖူဆယ်နှင့် သဲသောင်ပြင်ကော်မတီက ကြီးမှူးကျင်းပလျက်ရှိသည့် MFF Royal–D U–19 Futsal Championship ပြိုင်ပွဲအုပ်စုပွဲစဉ်များကို ယနေ့နံနက် ၉ နာရီခွဲမှစတင်ပြီး ရန်ကုန်မြို့ MFF Futsal Stadium ၌ ဆက်လက်ကျင်းပခဲ့ကြောင်း သိရသည်။

MFF Royal–D U–19 Futsal Championship ပြိုင်ပွဲ အုပ်စုပွဲစဉ်များအဖြစ် ယနေ့နံနက် ၉ နာရီခွဲတွင် Team Greatest FC အသင်းနှင့် 16/1 FC အသင်းတို့ကစားခဲ့ရာ 16/1 FC အသင်းက သုံးဂိုး ဂိုးမရှိဖြင့်လည်းကောင်း၊ နံနက် ၁၀ နာရီ ၄၅ မိနစ်တွင် Golden Heart FC အသင်းနှင့် Blaze Titans FC အသင်းတို့ကစားခဲ့ရာ Golden Heart FC အသင်းက ၁၁ ဂိုး ၁ ဂိုးဖြင့်လည်းကောင်း၊ မွန်းတည့် ၁၂ နာရီတွင် Naka United အသင်းနှင့် Shwe Pyi Thar အသင်းတို့ကစားခဲ့ရာ Naka United အသင်းက ၂ ဂိုး ၁ ဂိုးဖြင့်လည်းကောင်းအသီးသီးအနိုင်ရရှိခဲ့သည်။

အလားတူ မွန်းလွဲ ၁ နာရီ ၁၅ မိနစ်တွင် Special One FC အသင်းနှင့် Yangon Futsal အသင်းတို့ကစားခဲ့ရာ Yangon Futsal အသင်းက ၁၂ ဂိုး ဂိုးမရှိဖြင့်လည်းကောင်း၊ မွန်းလွဲ ၂ နာရီခွဲတွင် Focus FC အသင်းနှင့် Hinthar FC အသင်းတို့ကစားခဲ့ရာ Hinthar FC အသင်းက ရှစ်ဂိုး ဂိုးမရှိဖြင့်လည်းကောင်း အသီးသီးအနိုင်ရရှိခဲ့ကြသည်။

MFF Royal–D U–19 Futsal Championship ပြိုင်ပွဲ အုပ်စုပွဲစဉ်များအဖြစ် အောက်တိုဘာလ ၁၇ ရက်(**ယနေ့**)နံနက် ၉ နာရီခွဲတွင် Gold Dream FC အသင်းနှင့် YCDC Marga FC အသင်း၊ နံနက် ၁၀ နာရီ ၄၅ မိနစ်တွင် Rule Brakers FC အသင်းနှင့် Jullniss FC အသင်း၊ မွန်းတည့် ၁၂ နာရီတွင် Shadow FC အသင်းနှင့် Mahar United အသင်း၊ မွန်းလွဲ ၁ နာရီ ၁၅ မိနစ်တွင် Ingenious Boy FC အသင်းနှင့် Knight အသင်း၊ မွန်းလွဲ ၂ နာရီခွဲတွင် D.Aung Paing FC အသင်းနှင့် King Cobra အသင်းတို့ ဆက်လက်ကစားသွားမည်ဖြစ်ကြောင်း သိရသည်။

**စည်သူအောင်**

# AYA Bank Mandalar Futsal League 2024 ပြိုင်ပွဲ ပွဲစဉ်(၄)ပွဲစဉ်များ ဆက်လက်ကျင်းပ

မန္တလေး အောက်တိုဘာ ၁၆

မန္တလေးတိုင်းဒေသကြီး သဲသောင်ပြင်နှင့် ဖူဆယ်ကော်မတီက ကြီးမှူးကျင်းပလျက်ရှိသည့် AYA Bank Mandalar Futsal League 2024 ပြိုင်ပွဲပွဲစဉ်(၄)ပွဲစဉ်များကို ယနေ့နံနက် ၈ နာရီမှစတင်ပြီး မန္တလေးမြို့ မန္တလာသီရိ အားကစားကွင်းရှိဘက်စုံသုံးအားကစားရုံ၌ ဆက်လက်ကျင်းပခဲ့ကြောင်း သိရသည်။

AYA Bank Mandalar Futsal League 2024 ပြိုင်ပွဲပွဲစဉ်(၄)ပွဲစဉ်များကို ယနေ့နံနက် ၈ နာရီတွင် TG United အသင်းနှင့် Arr Man အသင်းတို့ကစားခဲ့ရာTG United အသင်းက ၃ ဂိုး ၁ ဂိုးဖြင့်လည်းကောင်း၊ နံနက်၉ နာရီ ၄၅ မိနစ်တွင် MNN အသင်းနှင့် Black Wolves အသင်းတို့ကစားခဲ့ရာ Black Wolves အသင်းက ၅ ဂိုး ၂ ဂိုးဖြင့်လည်းကောင်း၊ နံနက် ၁၁ နာရီခွဲတွင် Mogyo အသင်းနှင့် KH အသင်းတို့ကစားခဲ့ရာ KH အသင်းက ၅ ဂိုး ၂ ဂိုးဖြင့်လည်းကောင်း အသီးသီးအနိုင်ရရှိခဲ့ကြသည်။

ဆက်လက်ပြီး မွန်းလွဲ ၁ နာရီ ၁၅ မိနစ်တွင် AKS အသင်းနှင့် Pyae Sone အသင်းတို့ကစားခဲ့ရာ AKS အသင်းက ၅ ဂိုး ၃ ဂိုးဖြင့်အနိုင်ရရှိခဲ့ပြီး ညနေ ၃ နာရီတွင် BTB အသင်းနှင့် 135 Family အသင်းတို့ တို့ကစားခဲ့ရာ BTB အသင်းက ၃ ဂိုး ၂ ဂိုး ဖြင့်အနိုင်ရရှိခဲ့ကြသည်။

AYA Bank Mandalar Futsal League 2024 ပြိုင်ပွဲ ပွဲစဉ်(၅)ပွဲစဉ်များအဖြစ် အောက်တိုဘာလ ၂၀ ရက်နံနက်၈ နာရီတွင် MNN အသင်းနှင့်BTB အသင်း၊ နံနက် ၉ နာရီ ၄၅ မိနစ်တွင် Pyae Sone အသင်းနှင့် KH အသင်း၊ နံနက် ၁၁ နာရီခွဲတွင် Black Wolves အသင်းနှင့် TG United အသင်း၊ မွန်းလွဲ ၁ နာရီ ၁၅ မိနစ်တွင် Arr Man အသင်းနှင့် Mogyo အသင်း၊ ညနေ ၃ နာရီတွင် 135 Family အသင်းနှင့် AKS အသင်းတို့ကစားသွားမည်ဖြစ်ကြောင်း သိရသည်။

**စည်သူအောင်**

● **ကျောဖုံးမှအဆက်**


ဗဟိုချက်လေဖိအား ၁၀၀၄ ဟက်တိုပါစကယ်နှင့် အမြင့်ဆုံးလေတိုက်နှုန်းမှာ တစ်နာရီလျှင် မိုင် ၃၀ မှ ၃၅ မိုင်နှုန်းခန့်ဖြစ်သည်။

မုန်တိုင်းငယ်၏လက်ရှိအခြေအနေမှာ မြန်မာနိုင်ငံဘက်သို့ ဦးတည်ရွေ့လျားမည့် အခြေအနေမရှိပါသဖြင့် အဝါရောင်အဆင့်ဟု သတ်မှတ်ပါသည်။

အဆိုပါမုန်တိုင်းငယ်သည် အနောက်–အနောက်မြောက်ဘက်သို့ ဆက်လက်ရွေ့လျားနိုင်ပြီး အောက်တိုဘာလ ၁၇ ရက် နံနက်ပိုင်းတွင် အိန္ဒိယနိုင်ငံ တမီးနာဒူးလ်မြောက်ပိုင်း–အင်ဒရာပရာဒေ့ရှ်တောင်ပိုင်းကမ်းခြေတို့ကို ချင်းနိုင်မြို့(Chennai)အနီးမှ ဖြတ်ကျော်နိုင်သည်ဟု ခန့်မှန်းရသည်။

(မိုး/ဇလ)

၁၆–၁၀–၂၀၂၄ ရက်နေ့ မြန်မာစံတော်ချိန် ( ၁၇:၃၀ )နာရီအချိန် တိုင်းထွာချက်အရ မုန်တိုင်းငယ်လမ်းကြောင်းပြမြေပုံ





ထူးခြားသည့်နေ့အပူချိန်များ

၁၆–၁၀–၂၀၂၄

| | | | |
|---|---|---|---|
| မကွေး | ၃၇ ဒသမ ၁ ဒီဂရီဆဲလ်စီးယက် | အောင်လံ | ၃၅ ဒသမ ၉ ဒီဂရီဆဲလ်စီးယက် |
| မင်းဘူး | ၃၆ ဒသမ ၅ ဒီဂရီဆဲလ်စီးယက် | ဘီးလင်း | ၃၅ ဒသမ ၈ ဒီဂရီဆဲလ်စီးယက် |
| ချောက် | ၃၆ ဒသမ ၄ ဒီဂရီဆဲလ်စီးယက် | ဆင်ဖြူကျွန်း | ၃၅ ဒသမ ၇ ဒီဂရီဆဲလ်စီးယက် |
| ဟသ်္သာတ | ၃၆ ဒသမ ၀ ဒီဂရီဆဲလ်စီးယက် | ရမည်းသင်း | ၃၅ ဒသမ ၆ ဒီဂရီဆဲလ်စီးယက် |

# တောင်တွင်းကြီးမြို့နယ်၌ တစ်နိုင်တစ်ပိုင် ငှက်ပျောစိုက်ပျိုးသူများ မိသားစုဝင်ငွေရရှိ



**တောင်တွင်းကြီး အောက်တိုဘာ ၁၆**

မကွေးတိုင်းဒေသကြီး တောင်တွင်းကြီးမြို့နယ်၌ ဥယျာဉ်ခြံမြေစနစ်ဖြင့် စိုက်ပျိုးထားသော ငှက်ပျောသီးများ ရောင်းချခြင်းဖြင့် မိသားစုဝင်ငွေရရှိကြကြောင်း သိရသည်။

တောင်တွင်းကြီးမြို့နယ်တွင် ရခိုင်မျိုး၊ ငှက်ပျောချဉ်နှင့် ဖီးကြမ်းငှက်ပျောစသည့် ငှက်ပျောပင်များကို ဥယျာဉ်ခြံစနစ်ဖြင့် စနစ်တကျ ရေသွင်းစိုက်ပျိုးကြပြီး ဖီးကြမ်းငှက်ပျောမျိုးများကို အများဆုံးစိုက်ပျိုးကြကြောင်း၊ ဝါတွင်းကာလနှင့် အလှူအတန်းပေါ်များသည့် နွေရာသီကာလများတွင် အများဆုံးရောင်းချရပြီး အခြားသောအချိန်ကာလများတွင် ပုံမှန်စားသုံးသူများထံသာ ရောင်းချရကြောင်း၊ ထိုသို့ရောင်းချရာတွင်လည်း ငှက်ပျောသီး၏ အလုံးရေအနည်းအများနှင့် အကြီးအသေးတို့ပေါ်မူတည်ပြီး ဈေးနှုန်းကွာခြားလျက်ရှိကြောင်း ငှက်ပျောစိုက်ပျိုးသူများက ပြောသည်။

တောင်တွင်းကြီးမြို့နယ်ရှိ ငှက်ပျောခြံများမှ ထွက်ရှိသော ငှက်ပျောတက်များကို ပျိုးပင်အဖြစ် ပြန်လည်အသုံးပြုခြင်းဖြစ်ပြီး ပျိုးပင်တစ်ပင်နှင့် တစ်ပင်အကြား အနည်းဆုံးလေးပေ သို့မဟုတ် ခြောက်ပေအကွာစီဖြင့် အတန်းလိုက် စနစ်တကျ ရေသွင်းစိုက်ပျိုးကြကြောင်း၊ ငှက်ပျောပင်များကို ဥယျာဉ်ခြံမြေစနစ်ဖြင့် စိုက်ပျိုးခြင်းကြောင့် တစ်နိုင်တစ်ပိုင် စိုက်ပျိုးသူများ မိသားစုအပိုဝင်ငွေရပြီး အဆင်ပြေလျက်ရှိကြောင်း သိရသည်။

**နောင်နောင်(ဗိသနိုးမြေ)**

# သာစည်မြို့နယ်၌ ကွန်ကရစ်လမ်းခင်းခြင်း လုပ်ငန်းဆောင်ရွက်

**သာစည် အောက်တိုဘာ ၁၆**

မန္တလေးတိုင်းဒေသကြီး သာစည်မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ်တွင် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း(VDP) အကောင်အထည်ဖော်ဆောင်ရွက်နေသည့် လှိုင်းတက်ကျေးရွာ၌ ကွန်ကရစ်လမ်းခင်းခြင်း လုပ်ငန်းများ ဆောင်ရွက်နေမှု အခြေအနေများကို အောက်တိုဘာလ ၁၆ ရက် နံနက်ပိုင်းတွင် တာဝန်ရှိသူများကွင်းဆင်းစစ်ဆေးကြောင်း သိရသည်။

ထိုသို့ စစ်ဆေးရာတွင် မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဒေါ်မြသက်ဝင်းနှင့် စီမံကိန်းတာဝန်ခံဝန်ထမ်းများက ကျေးရွာကော်မတီဝင်များနှင့်အတူ လှိုင်းတက်ကျေးရွာတွင် ကျေးရွာတွင်းလမ်း ကွန်ကရစ်ခင်းခြင်း အရှည်ပေ ၅၂၀၊ အကျယ် ၁၂ ပေ၊ အမြင့် ၆ လက်မလုပ်ငန်းများ ဆောင်ရွက်နေမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးသည်။

လှိုင်းတက်ကျေးရွာတွင် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း (VDP) ထောက်ပံ့ငွေကျပ်သိန်း ၁၅၀၊ ပြည်သူထည့်ဝင်ငွေကျပ် ၄၅ သိန်းဖြင့် မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ နည်းပညာပံ့ပိုးကူညီကာ ကျေးရွာဖွံ့ဖြိုးရေးကော်မတီများမှ ဦးဆောင်၍ ကျေးရွာသူ၊ ကျေးရွာသားများကိုယ်တိုင် ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်းကို ယခုနှစ် ဇူလိုင်လ တတိယပတ်မှစ၍ ဆောင်ရွက်ခဲ့ရာ ယခုအခါလုပ်ငန်းများ ၈၅ ရာခိုင်နှုန်း အကောင်အထည်ဖော်ဆောင်ရွက်ပြီးစီးနေပြီဖြစ်ကြောင်း သိရသည်။

**ဟိန်းထက်စိုး(မလှိုင်)**



# တွင်းဆေးတွင်းမှုတ်လုပ်ငန်းနှင့် သောက်သုံးရေဖြန့်ဝေပေးနေမှုစစ်ဆေး

**လွိုင်လင် အောက်တိုဘာ ၁၆**

ရှမ်းပြည်နယ်(တောင်ပိုင်း) လွိုင်လင်မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ခေါင်းနွဲ့ကျေးရွာရှိ ကျေးလက်နေပြည်သူများ သန့်ရှင်းသော သောက်ရေ/သုံးရေများဖူလုံမှုရရှိစေရန် ရည်ရွယ်၍ ကျေးရွာအတွင်းရှိရေကြီးရေလျှံမှုကြောင့် ရွှံ့ညွန်များဖုံးအုပ်သွားသည့်စက်ရေတွင်းအားပြန်လည်ရှာဖွေတူးဖော်၍ တွင်းဆေး၊ တွင်းမှုတ်ဆောင်ရွက်ခြင်းနှင့် သောက်ရေသုံးရေ ဂါလန် ၁၆၀၀ ဖြန့်ဝေပေးနေမှု အခြေအနေများကို အောက်တိုဘာလ ၁၅ ရက် နံနက်ပိုင်းတွင် တာဝန်ရှိသူများက ကွင်းဆင်းဆောင်ရွက်ကြောင်း သိရသည်။

ထိုသို့စစ်ဆေးရာတွင် ပြည်နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဦးမောင်မောင်ဝင်းနှင့် တာဝန်ရှိသူများသည် မိုးသည်းထန်စွာရွာသွန်း၍ ရေကြီးရေလျှံမှုများဖြစ်ပေါ်ခဲ့သည့် ခေါင်းနွဲ့ကျေးရွာ၌ ရေတွင်းတွင်းတိမ်/တွင်းနက်များအား သန့်ရှင်းသော သောက်သုံးရေရရှိရေးအတွက် တွင်းဆေး၊ တွင်းမှုတ်ခြင်းနှင့် ဆက်စပ်လုပ်ငန်းများ ဆောင်ရွက်နေမှုနှင့် ဂါလန် ၁၆၀၀ ဆံ့ ရေကားဖြင့် သောက်ရေ/သုံးရေများ ဖြန့်ဝေပေးနေမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးသည်။

ဆက်လက်၍ ပြည်နယ်ဦးစီးမှူးက ကျေးရွာရှိရေကန်များအတွင်း ကလိုရင်းဆေးမှုန့်ခတ်ခြင်း၊ ရေသန့်ဆေးများ ဖြန့်ဝေခြင်းများကို ကျေးရွာသူ၊ ကျေးရွာသားများဖြင့် ပူးပေါင်းဆောင်ရွက်ပေးကြောင်း သိရသည်။

**မောင်ခိုင်**

## အကြောင်းအမျိုးမျိုးကြောင့် နေရာဒေသအသီးသီးသို့ရောက်ရှိနေကြသည့် မြန်မာနိုင်ငံသားများအားပြန်လည်ဖိတ်ခေါ်

**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ**
**သတင်းထုတ်ပြန်ချက်**
**အကြောင်းအမျိုးမျိုးကြောင့်**
**နေရာဒေသအသီးသီးသို့ ရောက်ရှိနေကြသည့်**
**မြန်မာနိုင်ငံသားများအား ပြန်လည်ဖိတ်ခေါ်ခြင်း**

၁။ တပ်မတော်က နိုင်ငံတော်တာဝန်ကိုလွှဲပြောင်းရယူခဲ့ရသည့် ၂၀၂၁ ခုနှစ်၊ ဖေဖော်ဝါရီလ ၁ ရက်နေ့ နောက်ပိုင်းမှစ၍ NLD ပါတီဝင်များ၊ ၎င်းပါတီကိုထောက်ခံသူ အစွန်းရောက်များ၊ မတရားအသင်းနှင့်အကြမ်းဖက်အုပ်စုများဖြစ်သည့် CRPH နှင့် NUG၊ DCS လှုံ့ဆော်မှုနှင့် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကိုမလိုလားသည့် ပြည်တွင်း၊ ပြည်ပမှ လူပုဂ္ဂိုလ်၊ အဖွဲ့အစည်းများ၏သွေးထိုးလှုံ့ဆော်မှု၊ ခြောက်လှန့်မှုတို့ကြောင့် အချို့သောကျောင်းသား၊ ကျောင်းသူလူငယ်လူရွယ်များ၊ နိုင်ငံ့ဝန်ထမ်းများနှင့် မိမိတို့နိုင်ငံသားများသည် EAO များတည်ရှိရာနေရာများနှင့် ပြည်ပနိုင်ငံများသို့ စိုးရိမ်စိတ်များဖြင့် တိမ်းရှောင်နေကြောင်း သိရှိရပါသည်။

၂။ ၎င်းတို့အနေဖြင့် မတရားအသင်းနှင့် အကြမ်းဖက်အုပ်စုများဖြစ်သည့် CRPH နှင့် NUG၊ ၎င်းတို့နှင့်ဆက်စပ်နေသည့် ပုဂ္ဂိုလ်အချို့၏ ထုတ်ပြန်ခဲ့သည့်အာဏာရှင်ဆန်သည့်ထုတ်ပြန်ချက်၊ ပြောကြားချက်တို့အပေါ်တွင်လည်း ထပ်မံစိုးရိမ်လျက်ရှိပြီးရောက်ရှိရာနေရာများ၌လည်း လုံခြုံရေးအာမခံချက်မရှိမှု၊ လူမှုစီးပွားဘဝ အဆင်မပြေခက်ခဲမှုတို့နှင့် ရင်ဆိုင်နေရသဖြင့် မိမိတို့နေရပ်ဒေသအသီးသီးသို့ ပြန်လာလိုသည့် ဆန္ဒများဖြစ်ပေါ်နေသည်ကို သတင်းရရှိပါသည်။

၃။ **ယခုဖြစ်စဉ်ကာလအတွင်း လူသတ်မှု၊ လုယက်မှု၊ မီးရှို့မှု၊ မိုင်းဖောက်ခွဲမှု၊ လုံခြုံရေးတပ်ဖွဲ့ဝင်များအား ရည်ရွယ်ချက်ရှိရှိ တိုက်ခိုက်မှု၊ ပြည်သူ့ဝန်ထမ်းများနှင့် ပြည်သူအချို့အား အုပ်စုဖွဲ့ကိုယ်ထိလက်ရောက်တိုက်ခိုက်မှု၊ အစိုးရပိုင်အဆောက်အဦများနှင့် ပုဂ္ဂလိကပိုင်အဆောက်အဦများအားဖျက်ဆီးမှု၊ (DCS) လှုပ်ရှားမှုတွင် ငွေကြေးအရဖြစ်စေ၊ အခြားနည်းလမ်းဖြင့်ဖြစ်စေ၊ နက်ရှိုင်းစွာ ကာယကံမြောက်ပါဝင်သူများမှအပ စိုးရိမ်စိတ်ကြောင့် ထွက်ပြေးတိမ်းရှောင်နေကြသည့်ဝန်ထမ်းများ၊ အသိပညာရှင်၊ အတတ်ပညာရှင်များ၊ အခြားနယ်ပယ်အသီးသီးမှ ပုဂ္ဂိုလ်များ၊ နိုင်ငံသားများအား နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် အထူးသက်ညှာစွာ ဖြေလျှော့ဆောင်ရွက်ပေးမည်ဖြစ်ပါသည်။**

၄။ မိမိနေရပ်ဒေသအသီးသီးမှ စွန့်ခွာတိမ်းရှောင်နေရသူများသည်လည်း မိမိတို့နိုင်ငံသားများဖြစ်သောကြောင့် ၎င်းတို့အနေဖြင့် တိမ်းရှောင်ရောက်ရှိနေရာများမှမြန်မာနိုင်ငံရှိ၎င်းတို့ဒေသအသီးသီးသို့ပြန်လည်ဝင်ရောက်ရေး နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီက စီမံဆောင်ရွက်သွားမည်ဖြစ်ပါသည်။

၅။ သို့ဖြစ်ပါ၍ နေရပ်ဒေသအသီးသီးသို့ အကြောင်းအရာတစ်မျိုးမျိုးဖြင့် ပြစ်မှုကျူးလွန်ထားသူများမှအပ စိုးရိမ်စိတ်ကြောင့် တိမ်းရှောင်နေရသူများအနေဖြင့် မိမိတို့၏ကိုယ်ပိုင်စိတ်ဆန္ဒအရ မြန်မာနိုင်ငံရှိ မိမိတို့၏နေရပ်များသို့ ပြန်လည်ဝင်ရောက်လိုပါက ဥပဒေအရ ဖြေလျှော့ပေးမှုများနှင့်အညီ ပြန်လည်ဝင်ရောက်နိုင်ရေး နီးစပ်ရာ ရပ်ကွက်၊ ကျေးရွာ၊ မြို့နယ်၊ ခရိုင်စီမံအုပ်ချုပ်ရေးကောင်စီများနှင့် ပြည်ပရောက်နိုင်ငံသားများအနေဖြင့် သက်ဆိုင်ရာသံရုံး၊ စစ်သံရုံး၊ ကောင်စစ်ဝန်ရုံးများသို့ ဆက်သွယ်ဆောင်ရွက်နိုင်ပါရန် သတင်းထုတ်ပြန်အပ်ပါသည်။

**သတင်းထုတ်ပြန်ရေးအဖွဲ့**
**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ**

**ယခုဖြစ်စဉ်ကာလအတွင်း လူသတ်မှု၊ လုယက်မှု၊ မီးရှို့မှု၊ မိုင်းဖောက်ခွဲမှု၊ လုံခြုံရေးတပ်ဖွဲ့ဝင်များအား ရည်ရွယ်ချက်ရှိရှိ တိုက်ခိုက်မှု၊ ပြည်သူ့ဝန်ထမ်းများနှင့်ပြည်သူအချို့အား အုပ်စုဖွဲ့ကိုယ်ထိလက်ရောက်တိုက်ခိုက်မှု၊ အစိုးရပိုင်အဆောက်အဦများနှင့် ပုဂ္ဂလိကပိုင်အဆောက်အဦများအားဖျက်ဆီးမှု၊ (DCS)လှုပ်ရှားမှုတွင် ငွေကြေးအရဖြစ်စေ၊ အခြားနည်းလမ်းဖြင့်ဖြစ်စေ၊ နက်ရှိုင်းစွာကာယကံမြောက်ပါဝင်သူများမှအပ စိုးရိမ်စိတ်ကြောင့်ထွက်ပြေးတိမ်းရှောင်နေကြသည့်ဝန်ထမ်းများ၊ အသိပညာရှင်၊ အတတ်ပညာရှင်များ၊ အခြားနယ်ပယ်အသီးသီးမှပုဂ္ဂိုလ်များ၊ နိုင်ငံသားများအား နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် အထူးသက်ညှာစွာ ဖြေလျှော့ဆောင်ရွက်ပေးမည်ဖြစ်ပါသည်။**

# တရားမဝင်သစ်မျိုးစုံ၊ ရေနံစိမ်းများ၊ လုပ်ငန်းသုံးပစ္စည်းများ၊ လူသုံးကုန်ပစ္စည်းများနှင့် လိုင်စင်မဲ့မော်တော်ဆိုင်ကယ်များနှင့် မော်တော်ယာဉ်များ ဖမ်းဆီးရမိ

နေပြည်တော် အောက်တိုဘာ ၁၆

တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး ဦးဆောင်ကော်မတီ၏ ကြီးကြပ်ကွပ်ကဲမှုဖြင့် တရားမဝင်ကုန်သွယ်မှုများကို ဥပဒေနှင့်အညီ ထိရောက်စွာတားဆီးအရေးယူနိုင်ရေးဆောင်ရွက်လျက်ရှိရာ အကောက်ခွန်ဦးစီးဌာန၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများဆောင်ရွက်ခဲ့သည်။



ရွှာသာကြီး Dry Port ၌ ဖမ်းဆီးရမိမှု။

**အောက်တိုဘာလ ၁၄ ရက်**တွင် ရွှာသာကြီး Dry Port ၌ မြဝတီမြို့မှ ရန်ကုန်မြို့သို့ မောင်းနှင်လာသည့် မော်တော်ယာဉ်(၂)စီးပေါ်မှ တရားဝင်စာရွက်စာတမ်းအထောက်အထားတင်ပြနိုင်ခြင်းမရှိသည့် လုပ်ငန်းသုံးပစ္စည်း(၂)မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၅၁၂၀၀၀၀၀)နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Mitsubishi Fuso Truck (၂)စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၅၈၀၀၀၀၀၀)ကိုလည်းကောင်း၊ **အောက်တိုဘာလ ၁၅ ရက်**တွင် သီလဝါဆိပ်ကမ်း၌ ကုန်သေတ္တာ(၇)လုံးအတွင်းမှ တရားဝင်စာရွက်စာတမ်းအထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် လုပ်ငန်းသုံးပစ္စည်း(၁)မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၀၄၆၀၈၀၃၅) ကိုလည်းကောင်း၊ မြန်မာ့စက်မှုဆိပ်ကမ်း၌ ကုန်သေတ္တာ (၁၃)လုံးအတွင်းမှ တရားဝင်စာရွက်စာတမ်းအထောက်အထားတင်ပြနိုင်ခြင်းမရှိသည့် လုပ်ငန်းသုံးပစ္စည်း(၅)မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၃၂၇၃၂၁၀၆၁)ကိုလည်းကောင်း၊ **စုစုပေါင်း(ခန့်မှန်းတန်ဖိုးငွေကျပ် ၅၄၁၁၂၉၀၉၆)**ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန် လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့ပြင် **အောက်တိုဘာလ ၁၅ ရက်**တွင် မကွေးတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ ချောက်မြို့ အမှတ်(၄) လွတ်လပ်ရေးရပ်ကွက်၌ မော်တော်ယာဉ်(၁)စီးပေါ်မှတရားမဝင်ရေနံစိမ်း(၂၇၀)ဂါလန် (ခန့်မှန်းတန်ဖိုးငွေကျပ်၉၄၅၀၀၀)နှင့်အဆိုပါ ရေနံစိမ်းများ တင်ဆောင်လာသည့် Light Truckမော်တော်ယာဉ်(၁)စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၀၀၀၀၀၀၀)ကို ပြည်သူပိုင်ပစ္စည်းကာကွယ်ရေးအက်ဥပဒေအရလည်းကောင်း၊ မကွေးခရိုင်၊ သရက်ခရိုင်၊ ပခုက္ကူခရိုင်နှင့် ဂန့်ဂေါခရိုင်တို့အတွင်း၌ လိုင်စင်မဲ့မော်တော်ယာဉ်(၂)စီးနှင့် မော်တော်ဆိုင်ကယ်(၁၁)စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၃၅၂၀၀၀၀၀) ကို ပို့ကုန်သွင်းကုန်ဥပဒေအရလည်းကောင်း၊ သရက်ခရိုင်နှင့် မင်းဘူးခရိုင်တို့အတွင်း၌ တရားမဝင်မီးသွေး (၆ ဒသမ ၃၄)တန်၊ အခြားသစ် (သုည ဒသမ ၈၁၃)တန် (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၀၄၁၆၀)ကို သစ်တောဥပဒေအရလည်းကောင်း၊ **စုစုပေါင်း(ခန့်မှန်းတန်ဖိုးငွေကျပ် ၄၆၃၄၉၁၆၀)**ကို ဖမ်းဆီးအရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့အတူ မွန်ပြည်နယ်တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှု များဆောင်ရွက်ခဲ့ရာ မော်လမြိုင်မြို့ ဈေးကြိုရပ်ကွက်နှင့်မြေနီကုန်း ကားကြီးဝင်းတို့၌ တရားဝင်စာရွက်စာတမ်းအထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် စားသောက်ကုန် ပစ္စည်း(၁၆)မျိုး၊ လူသုံးကုန်ပစ္စည်း(၁)မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၄၅၆၆၇၇၅၀၀)နှင့် အဆိုပါပစ္စည်းများ တင်ဆောင်ထားသည့် Scania Bus (၁) စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၈၀၀၀၀၀၀၀) ကို အကောက်ခွန်လုပ်ထုံးလုပ်နည်းများအရလည်းကောင်း၊ ရေးမြို့နယ်၌ လိုင်စင်မဲ့မော်တော်ဆိုင်ကယ်(၁)စီး(ခန့်မှန်းတန်ဖိုးငွေကျပ် ၁၀၀၀၀၀၀)ကိုပို့ကုန်သွင်းကုန်ဥပဒေအရလည်းကောင်း၊ **စုစုပေါင်း(ခန့်မှန်းတန်ဖိုးငွေကျပ် ၅၃၇၆၇၇၅၀၀)**ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့အတူ မန္တလေးတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ ရန်ကုန်-မန္တလေးလမ်းဟောင်း၊ (၃၈၆)မိုင်၌ မော်တော်ယာဉ်(၁)စီးပေါ်မှ တရားဝင်စာရွက်စာတမ်းအထောက်အထားတင်ပြနိုင်ခြင်းမရှိသည့် လုပ်ငန်းသုံးပစ္စည်း(၁၃)မျိုး၊ လူသုံးကုန်ပစ္စည်း (၅)မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၆၁၈၈၀၇၀) နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Nissan Caravan Mini Bus (၁)စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၃၅၀၀၀၀၀၀)ကိုလည်းကောင်း၊ ပြင်ဦးလွင်-မန္တလေးလမ်း၊ (၂၁)မိုင်၌ ရပ်တန့်ထားသော မော်တော်ယာဉ်(၃)စီးပေါ်မှ တရားဝင်စာရွက်စာတမ်းအထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် လူသုံးကုန်ပစ္စည်း(၁၃)မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၃၁၀၇၀၅၀၀)နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Toyota Hiace (၂)စီးနှင့် Mitsubishi Pajero (၁)စီး(ခန့်မှန်းတန်ဖိုးငွေကျပ် ၉၄၀၀၀၀၀၀)ကို လည်းကောင်း၊ စဉ့်ကိုင်မြို့နယ် ပေါ်တော်မူဘုရားအနီး၌ မော်တော်ယာဉ်(၁)စီးပေါ်မှ တရားဝင်စာရွက်စာတမ်းအထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် လုပ်ငန်းသုံးပစ္စည်း(၈)မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၃၀၀၀၉၃၄၄)နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Mitsubishi Canter Truck (၁)စီး(ခန့်မှန်းတန်ဖိုးငွေကျပ် ၂၈၀၀၀၀၀၀)ကိုလည်းကောင်း၊ **စုစုပေါင်း(ခန့်မှန်းတန်ဖိုးငွေကျပ် ၂၄၄၂၆၇၉၁၄)**ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့ပြင် ပဲခူးတိုင်းဒေသကြီးတရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ **အောက်တိုဘာလ ၁၅ ရက်**တွင် ညောင်ခါးရှည် X-Ray စက်စစ်ဆေးရေးဂိတ်၌ သာမညမှ ရန်ကုန်မြို့သို့မောင်းနှင်လာသည့် မော်တော်ယာဉ် (၁)စီးပေါ်မှ တရားဝင်စာရွက်စာတမ်းအထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် လူသုံးကုန်ပစ္စည်း(၂)မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၁၂၀၀၀၀)၊ အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Mahar New Bus (၁)စီး(ခန့်မှန်းတန်ဖိုးငွေကျပ် ၃၀၀၀၀၀၀၀) နှင့် ဒိုက်ဦးမြို့နယ်အတွင်းရှိ ဆေးဆိုင်များ၌ တရားဝင်စာရွက်စာတမ်းအထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် လူသုံးကုန်ပစ္စည်း(၁)မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၆၁၁၅၀၀)တို့ကို အကောက်ခွန်လုပ်ထုံးလုပ်နည်းများအရလည်းကောင်း၊ **အောက်တိုဘာလ ၁၆ ရက်**တွင် ပဲခူးခရိုင်နှင့် တောင်ငူခရိုင်အတွင်း၌ တရားမဝင်ကျွန်းသစ် (သုည ဒသမ ၉၇၀) တန်၊ အခြားသစ် (၁ ဒသမ ၄၂) တန် (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၀၄၇၄၁၁) ကို သစ်တောဥပဒေအရလည်းကောင်း၊ **စုစုပေါင်း(ခန့်မှန်းတန်ဖိုးငွေကျပ် ၃၄၇၇၈၉၁၁)** ကို ဖမ်းဆီးအရေးယူဆောင်ရွက်လျက်ရှိသည်။

၂၀၂၄ ခုနှစ် အောက်တိုဘာလ ၁၄ ရက်၊ ၁၅ ရက်နှင့် ၁၆ ရက်တို့တွင် ဖမ်းဆီးရမိမှု **စုစုပေါင်းမှာ အမှုတွဲ (၄၈)မှု၊ (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၄၀၄၂၀၂၅၈၁)** ဖမ်းဆီးရမိခဲ့သည်။ ယနေ့ဖမ်းဆီးရမိမှုများတွင် ဆောက်လုပ်ရေးသုံးပစ္စည်းများနှင့် လုပ်ငန်းသုံးပစ္စည်းများ တရားမဝင်တင်သွင်းလာမှု တွေ့ရှိရ၍ အရည်အသွေးပြည့်မီခြင်းမရှိသည့် ပစ္စည်းများကြောင့် သက်ဆိုင်ရာအဆောက်အအုံများတွင် နေထိုင်သူပြည်သူများအတွက် ဘေးအန္တရာယ်ကြုံတွေ့ရနိုင်ခြင်းနှင့် မီးဘေးအန္တရာယ်ဆိုင်ရာ ထိခိုက်မှုများ ဖြစ်ပေါ်စေနိုင်ပါသည်။ သို့ဖြစ်၍ ၎င်းတရားမဝင်တင်သွင်းမှုများအား သက်ဆိုင်ရာတာဝန်ရှိသူများမှ ယခုထက်ပိုမို၍ တားဆီးစစ်ဆေးကြပ်မတ်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးဦးဆောင်ကော်မတီမှ သိရသည်။

**(သတင်းစဉ်)**


**ပျောက်ဆုံးကြောင်း**

ရန်ကုန်တိုင်းဒေသကြီး၊ဗဟန်းမြို့နယ်နေ မဖြိုးတင်ဇာထွန်း(ဘ)ဦးထွန်းလှ ၁၂/ဗဟန(နိုင်)၁၀၃၆၈၀ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ် (MI 410195)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၄၂၈၁၁၅၅၁၈

**ပျောက်ဆုံးကြောင်း**

ပဲခူးတိုင်းဒေသကြီး၊ ဒိုက်ဦးမြို့နယ်၊ စက်ကုန်းလမ်း၊ ဒရယ်မီးရပ်ကွက်နေ ဦးသိန်းစိုးအောင်(ဘ)ဦးငွေအောင် ၇/ဒဥန(နိုင်)၁၀၉၈၆၂ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၄၂၈၁၂၃၉၃

**ပျောက်ဆုံးကြောင်း**

မြောက်ဥက္ကလာပမြို့နယ်၊ ရော(၅)လမ်း၊ ဈ/၈၇၅ နေ မကြည်ဖြူလွင်(ဘ) ဦးလှမိုး ၁၂/ဥကမ(နိုင်)၂၃၅၅၈၇ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၆၆၇၇၁၅၂၅၈

**ပျောက်ဆုံးကြောင်း**

မြစ်ကြီးနားမြို့၊ မြို့သစ်ရပ်ကွက်၊ အမှတ်(၃၁)နေ ဂျော်နီ(ခ)အောင်မင်းထွေး ၁/မကန(နိုင်)၁၀၆၉၀၁ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ် (M 213515) မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၂၆၉၂၈၂၁၆၄

**မတည်ရင်းနှီးငွေလျှော့ချခြင်း**

၁။ အထက်အကြောင်းအရာပါကိစ္စနှင့်ပတ်သက်၍ ကျွန်တော်များ "Myanmar Auspicious Communication Services Company Limited" အစုရှယ်ယာရှင်များ၏ (၁၅-၁၀-၂၀၂၄)ရက်နေ့တွင် ပြုလုပ်ခဲ့သည့် အစုရှယ်ယာရှင်များအစည်းအဝေး ဆွေးနွေးဆုံးဖြတ်ချက်အရ ကုမ္ပဏီ၏မတည်ရင်းနှီးငွေအား ကျပ် ၁၀၀,၀၀၀,၀၀၀/-(ကျပ်သိန်း တစ်ထောင်)တိတိမှ ကျပ် ၁၀,၀၀၀,၀၀၀/-(ကျပ်သိန်း တစ်ရာ)တိတိသို့ လျှော့ချသွားရန် အစုရှယ်ယာရှင်များမှ အများသဘောတူဆုံးဖြတ်ခဲ့ကြပါသည်။

"Myanmar Auspicious Communication Services Company Limited"
Ph:09975391201

**ပျောက်ဆုံးကြောင်း**

မမိုးမိုးထွေး(ဘ)မန်းစတုတ် ၁၄/ရေကေ(နိုင်)၀၀၄၉၄၆ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(ME 591301)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၇၅၁၀၉၁၀၉၅

**ပျောက်ဆုံးကြောင်း**

မိချမ်း(ဘ)ဦးရွှေခိုင် ၃/ဘအန(နိုင်)၃၈၅၂၆၅ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MC 211688)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၂၅၀၅၁၀၇၇၇

**အလိမ္မာစာမှာရှိ**

**မြဝတီ နေ့စဉ် ရောင်စုံ သတင်းစာ**

**လူမှုရေး/စီးပွားရေးကြော်ငြာများ**
**(30 % Discount Off)**

မြန်မာပြည်အနှံ့ဖြန့်ချိလျက်ရှိသော မြဝတီရောင်စုံနေ့စဉ်သတင်းစာဖတ်ပရိသတ်များအား ကျေးဇူးတုံ့ပြန်သောအားဖြင့် လူမှုရေးဝန်ဆောင်မှုလုပ်ငန်းများကို မူလကောက်ခံလျက်ရှိသော ကြော်ငြာနှုန်းထား (၁လက်မ×၁ကော်လံ)(၆၀၀၀ိ/-)နှုန်းအစား(30% Discount)လျှော့၍ ထည့်သွင်းဖော်ပြပေးလျက်ရှိသဖြင့် အောက်ပါလိပ်စာများသို့ ဆက်သွယ်နိုင်ပါကြောင်း သတင်းကောင်းပါးအပ်ပါသည်-

- မြဝတီသတင်းစာတိုက်(နေပြည်တော်)၊ ဘုရင့်နောင်ရပ်ကွက်၊ ပုဗ္ဗသီရိမြို့နယ်၊ ဖုန်း-၀၃၁-၇၄၀၀၆၊ ၀၃၁-၇၄၀၀၈၊ ၀၄၂-၃၀၂၆၂၊ ၀၄၂-၃၀၂၆၄
- မြဝတီသတင်းစာတိုက်ရုံးခွဲ(ရန်ကုန်)၊ အမှတ်(၁၅)၊ မိုးကောင်းလမ်း၊ ရန်ကင်းမြို့နယ်၊ ဖုန်း-၀၁၈-၄၀၀၆၉၇၊ ၀၃၁-၇၄၀၂၀၊ ၀၁၈-၃၉၇၃၃၁၊ ၀၃၁-၇၄၀၂၂
- မြဝတီသတင်းစာတိုက်ရုံးခွဲ(မန္တလေး)၊ ၈၄လမ်း၊ ၂၉×၃၀လမ်းကြား၊ ၀၉-၆၈၈၈၈၃၅၅၈
- မြဝတီသတင်းစာတိုက်ရုံးခွဲ(ကျိုင်းတုံ)၊ လွိုင်မွေလမ်း၊ အမှတ်(၂)ရပ်ကွက်၊ ကျိုင်းတုံမြို့၊ ဖုန်း-၀၃၄-၇၃၆၀၁၊ ၀၉-၂၅၀၅၅၆၆၃၈
- Online ဖြင့်လည်း E-mail: mwddailynewspapergroup @ gmail.com သို့ ဆက်သွယ်ကြော်ငြာထည့်သွင်းနိုင်ပါသည်။




**ပျောက်ဆုံးကြောင်း**

ထွန်းမြင့်(ဘ)ဦးထွန်းအေး ၁၁/တကန(နိုင်)၀၈၆၆၉၀ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၆၆၇၇၁၅၂၅၈

**ပျောက်ဆုံးကြောင်း**

နီလာဝင်း(ဘ)ဦးဝင်းနိုင် ၁၂/တမန(နိုင်)၀၀၀၃၆၈ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MA 321782)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၇၉၃၈၃၁၃၀၉

**ပျောက်ဆုံးကြောင်း**

ဦးသိန်းထွန်း(ဘ)ဦးဘခင် ၉/ပမန(နိုင်)၁၀၄၄၆၀ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MA 121318)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၉၅၆၄၀၇၇၁၁

# အင်္ဂလန်ဘောလုံးအဖွဲ့ချုပ်က လစ်လပ်နေသည့် အင်္ဂလန်အသင်းနည်းပြရာထူးအတွက် နည်းပြတူချယ်လ်ကိုခန့်အပ်ရန် သဘောတူညီမှုရရှိ



လန်ဒန် အောက်တိုဘာ ၁၆

အင်္ဂလန်ဘောလုံးအဖွဲ့ချုပ် (အက်ဖ်အေ) က လစ်လပ်နေသည့် အင်္ဂလန်အသင်းနည်းပြရာထူး အတွက် ချယ်လ်ဆီးအသင်းနှင့် ဘိုင်ယန်မြူးနစ် အသင်းနည်းပြဟောင်းတူချယ်လ်ကို ခန့်အပ်ရန် သဘောတူညီမှုရရှိခဲ့ကြောင်း သိရသည်။

အသက် ၅၁ နှစ်အရွယ် နည်းပြတူချယ်လ်သည် ပရော်ဖက်ရှင်နယ်နည်းပြဘဝကို ၂၀၀၉ ခုနှစ်က မိန့်ဇ်အသင်းနှင့်စတင်ပြီးနောက် ဥရောပထိပ်တန်း အသင်းကြီးများဖြစ်သည့် ဒေါ့မွန်အသင်း၊ ပီအက်စ်ဂျီ အသင်း၊ ချယ်လ်ဆီးအသင်း၊ ဘိုင်ယန်မြူးနစ်အသင်း တို့ကို အဆင့်ဆင့်တာဝန်ယူကိုင်တွယ်ခဲ့ပြီး ၂၀၂၃-၂၀၂၄ ဘောလုံးရာသီအကုန်တွင် ဘိုင်ယန်မြူးနစ် အသင်းနှင့်လမ်းခွဲပြီးနောက် ကလပ်အသင်းလက်မဲ့ ဖြစ်နေသူဖြစ်သည်။

အင်္ဂလန်အသင်းနည်းပြဟောင်း ဆောက်ဂိတ်သည် အသင်းကို ၂၀၁၆ ခုနှစ်က စတင်တာဝန်ယူ ကိုင်တွယ်ခဲ့ကာ ပြီးခဲ့သည့်ဇူလိုင်လအတွင်း ကျင်းပခဲ့သည့် ယူရို ၂၀၂၄ ပြိုင်ပွဲအပြီးတွင် စာချုပ်ဖျက်သိမ်း၍ လမ်းခွဲပြီးနောက် အင်္ဂလန်အသင်း နည်းပြရာထူး လစ်လပ်နေရာမှ လက်ရှိတွင် နည်းပြသစ်အဖြစ် တူချယ်လ်ကိုခန့်အပ်ရန် သဘောတူညီမှုရရှိခဲ့ခြင်း ဖြစ်သည်။

အင်္ဂလန်ဘောလုံးအဖွဲ့ချုပ်က အင်္ဂလန်အသင်း နည်းပြသစ်အဖြစ် အစောပိုင်းက မန်စီးတီးအသင်း နှင့်အနာဂတ်မရေမရာဖြစ်နေသည့် နည်းပြဂွါဒီယိုလာ ကိုခန့်အပ်လိုသော်လည်း ဂွါဒီယိုလာကိုယ်တိုင်က အင်္ဂလန်အသင်းနည်းပြရာထူးကို စိတ်ဝင်စားမှုမရှိ သည့်အတွက် နည်းပြတူချယ်လ်ကိုသာ ခန့်အပ်ရန် သဘောတူညီမှုရရှိခဲ့ခြင်းဖြစ်သည်။

အစောပိုင်းက နည်းပြတူချယ်လ်သည် မန်ယူ အသင်း နည်းပြသစ်အဖြစ် ရေပန်းစားခဲ့သော်လည်း မန်ယူအသင်းက တရားဝင်ကမ်းလှမ်းမှုမပြုလုပ်ခဲ့ဘဲ ပြီးခဲ့သည့်ရက်ပိုင်းအတွင်း အင်္ဂလန်ဘောလုံးအဖွဲ့ချုပ် က အင်္ဂလန်အသင်းနည်းပြသစ်အဖြစ် တူချယ်လ်ကို ခန့်အပ်ရန် တရားဝင်ဆွေးနွေးမှုများ လုပ်ဆောင် ခဲ့ရာမှ လက်ရှိတွင် သဘောတူညီမှုရရှိခဲ့ခြင်းဖြစ် သည်။

အင်္ဂလန်အသင်းနည်းပြအဖြစ် နည်းပြတူချယ်လ် ကိုခန့်အပ်ရန် သဘောတူညီမှုရရှိပြီးနောက် ယာယီနည်းပြလီကာစလေအနေဖြင့် အသင်းနည်းပြ ရာထူးမှ နုတ်ထွက်ခဲ့ကြောင်း သိရသည်။

*Ref;Dailymail*

# ရီးယဲလ်မက်ဒရစ်အသင်းက ကွင်းလယ်ပိုင်းအတွက် ပီအက်စ်ဂျီအသင်းကစားသမား ဗီတင်ဟာကို ခေါ်ယူရန်စီစဉ်

မက်ဒရစ် အောက်တိုဘာ ၁၆

ရီးယဲလ်မက်ဒရစ်အသင်းက အသင်းနှင့် လမ်းခွဲခဲ့ သည့် ဝါရင့်ကွင်းလယ်ကစားသမား တိုနီခရူးစ်၏ နေရာ၌အစားထိုးရန်အတွက် ပီအက်စ်ဂျီအသင်းမှ ဗီတင်ဟာကို ခေါ်ယူရန်စီစဉ်နေကြောင်း သိရသည်။

ပြီးခဲ့သည့်ဘောလုံးရာသီအကုန်က တိုနီခရူးစ် အနေဖြင့် ရီးယဲလ်မက်ဒရစ်အသင်းနှင့်စာချုပ်သက် တမ်းကုန်ဆုံးကာ လမ်းခွဲပြီးနောက် လက်ရှိအချိန် ထိ ရီးယဲလ်မက်ဒရစ်အသင်းက တိုနီခရူးစ်နေရာ၌ အစားထိုးခေါ်ယူခြင်းမရှိဘဲ တိုက်စစ်ပိုင်းအတွက်သာ ကစားသမားခေါ်ယူခဲ့သည်။

သို့သော် ရီးယဲလ်မက်ဒရစ်အသင်းသည် ယခု ဘောလုံးရာသီအကုန်တွင် အသင်းမှ နောက်ထပ် ဝါရင့်ကွင်းလယ်ကစားသမားတစ်ဦးဖြစ်သည့် မိုဒရစ် နှင့်ပါ လမ်းခွဲဖွယ်ရှိနေသည့်အခြေအနေများကြောင့် လာမည့်နွေရာသီကစားသမားအပြောင်းအရွှေ့ကာလ တွင် ဗီတင်ဟာကို ခေါ်ယူလိုခြင်းဖြစ်သည်။

ရီးယဲလ်မက်ဒရစ်အသင်းသည် ပြီးခဲ့သည့်နွေရာသီ ကစားသမား အပြောင်းအရွှေ့ကာလကလည်း ပီအက်စ်ဂျီအသင်းမှ အမ်ဘတ်ပီကို အလွတ်ပြောင်း ရွှေ့ကြေးဖြင့်ခေါ်ယူခဲ့သကဲ့သို့ ဗီတင်ဟာကိုပါ ခေါ်ယူ ရန်စီစဉ်နေကြောင်း သိရသည်။

*Ref;Fabrizio Romano*

# မန်ယူအသင်းက ဂန္တဝင်နည်းပြဟောင်း ဖာဂူဆန်နှင့်ချုပ်ဆိုထားသည့် ကမ္ဘာလုံးဆိုင်ရာသံတမန်စာချုပ်နှင့် အသင်းဒါရိုက်တာအဖွဲ့ဝင်စာချုပ်တို့ကို ဖျက်သိမ်းရန်ဆုံးဖြတ်

မန်ချက်စတာ အောက်တိုဘာ ၁၆

မန်ယူအသင်းက ဂန္တဝင်နည်းပြဟောင်းတစ်ဦး ဖြစ်သည့် ဖာဂူဆန်နှင့် ချုပ်ဆိုထားသည့် ကမ္ဘာလုံး ဆိုင်ရာသံတမန်စာချုပ်နှင့် အသင်းဒါရိုက်တာအဖွဲ့ဝင် စာချုပ်တို့ကို ဖျက်သိမ်းရန်ဆုံးဖြတ်ခဲ့ကြောင်း သိရ သည်။

နည်းပြဟောင်း ဖာဂူဆန်သည် မန်ယူအသင်းကို နှစ်ပေါင်း ၂၀ ကျော်ကြာ တာဝန်ယူကိုင်တွယ်ခဲ့ပြီး အသင်းနှင့်အတူ ဆုဖလားများစွာဆွတ်ခူးနိုင်ခဲ့ကာ သမိုင်းမှတ်တမ်းကောင်းများစွာ ပိုင်ဆိုင်ပြီးနောက် ၂၀၁၃ ခုနှစ်က နည်းပြဘဝမှ အနားယူခဲ့ခြင်းဖြစ် သည်။

ဖာဂူဆန်သည် နည်းပြဘဝမှ အနားယူပြီးနောက် မန်ယူအသင်း၏ ကမ္ဘာလုံးဆိုင်ရာသံတမန်အဖြစ် လည်းကောင်း၊ အသင်းဒါရိုက်တာအဖွဲ့ဝင်အဖြစ် လည်းကောင်း တစ်နှစ်လျှင် စတာလင်ပေါင် ၂ ဒသမ ၁၆ သန်းဖြင့် တာဝန်ယူဆောင်ရွက်ခဲ့သူဖြစ်ပြီး လက်ရှိ တွင် မန်ယူအသင်းက အသင်းအသုံးစရိတ်ကို လျှော့ချ လိုသည့်အတွက် ဖာဂူဆန်နှင့် ချုပ်ဆိုထားသည့် စာချုပ်များဖျက်သိမ်းရန် ဆုံးဖြတ်ခဲ့ခြင်းဖြစ်သည် ဟု ထုတ်ပြန်ခဲ့သည်။

မန်ယူအသင်းဘုတ်အဖွဲ့ဝင်များနှင့် ဖာဂူဆန်တို့ တွေ့ဆုံပြီးနောက် ဖာဂူဆန်နှင့် သံတမန်စာချုပ်ကို ဖျက်သိမ်းရန် သဘောတူညီမှုရရှိခဲ့သော်လည်း ဖာဂူဆန်အနေဖြင့် အခကြေးငွေမယူဘဲ အသင်း ဒါရိုက်တာအဖြစ်ဆက်လက်လုပ်ဆောင်ရန် သဘော တူညီခဲ့သည်။

ဖာဂူဆန်သည် နည်းပြဘဝက မန်ယူအသင်းနှင့် အတူ ဆုဖလားများစွာဆွတ်ခူးပေးနိုင်ခဲ့သော်လည်း ဖာဂူဆန်ထွက်ခွာပြီးနောက် မန်ယူအသင်းအနေ ဖြင့် အောင်မြင်မှုများနှင့်ဝေးကွာလျက်ရှိကြောင်း သိရသည်။

*Ref;Goal.com*

# မန်စီးတီးအသင်းတွင် နည်းပြဂွါဒီယိုလာပြီးနောက် အဓိကတိုက်စစ်မှူးဟာလန်း၏အနာဂတ်မှာ မရေမရာဖြစ်နေ

မန်ချက်စတာ အောက်တိုဘာ ၁၆

မန်စီးတီးအသင်းတွင် နည်းပြဂွါဒီယိုလာပြီးနောက် အဓိက တိုက်စစ်မှူးတစ်ဦးဖြစ်သည့် ဟာလန်း၏ အနာဂတ်မှာမရေမရာဖြစ်နေပြီး ဘာစီလိုနာအသင်း သို့ ပြောင်းရွှေ့ကစားဖွယ်ရှိနေကြောင်း သိရသည်။

မန်စီးတီးအသင်းတွင် ရာထူးကြီးဘုတ်အဖွဲ့ဝင် တချို့ရာထူးမှနုတ်ထွက်ပြီးနောက် မန်စီးတီးအသင်း နည်းပြဂွါဒီယိုလာအနေဖြင့်လည်း အနာဂတ်မရေ မရာဖြစ်နေပြီး ယခုဘောလုံးရာသီအကုန်တွင် အသင်းနှင့် လမ်းခွဲဖွယ်ရှိနေသည်ဟု သတင်းများ ထွက်ပေါ်လျက်ရှိသည်။

မန်စီးတီးအသင်းမှ နည်းပြ ဂွါဒီယိုလာထွက်ခွာ ပါက ဟာလန်းကလည်း မန်စီးတီးအသင်းမှ ထွက်ခွာ ဖွယ်ရှိနေပြီး ဘာစီလိုနာအသင်းဥက္ကဋ္ဌ လာပေါ်တာ ကိုယ်တိုင်ကလည်း ဟာလန်းကိုခေါ်ယူနိုင်ရန် ဘာမဆို လုပ်ဆောင်မည်ဟုပြောကြားထားပြီးနောက် ဘာစီ လိုနာအသင်းသို့ပြောင်းရွှေ့ရန် သတင်းများ ကျယ် ကျယ်ပြန့်ပြန့်ထွက်ပေါ်လာခြင်းဖြစ်သည်။

ရီးယဲလ်မက်ဒရစ်အသင်းက ပြီးခဲ့သည့်နွေရာသီ ကစားသမားအပြောင်းအရွှေ့ကာလက အမ်ဘတ်ပီ ကို ခေါ်ယူပြီးနောက် ဘာစီလိုနာအသင်းကလည်း အမ်ဘတ်ပီ၏ ခေတ်ပြိုင်ကစားသမားတစ်ဦးဖြစ်သည့် ဟာလန်းကိုခေါ်ယူလိုနေပြီး ဟာလန်းကိုယ်တိုင်က လည်း အစောပိုင်းကတည်းက စပိန်လာလီဂါပြိုင်ပွဲ တွင်ကစားလိုသည့်အတွက် ဘာစီလိုနာအသင်းဘက် ကသာ ကမ်းလှမ်းလာပါက ပြောင်းရွှေ့ကစားဖွယ် ရှိကြောင်း သိရသည်။

*Ref;The Athletic*



# တပ်မတော်သူနာပြုနှင့်ဆေးဘက်ပညာတက္ကသိုလ်သင်တန်းသားများအလိုရှိသည်

၁။ လျှောက်ထားသူသည် အောက်ပါအရည်အချင်းများနှင့်ပြည့်စုံရမည်-

(က) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသား အိမ်ထောင်မရှိဖူးသူ(လူပျို)ဖြစ်ရမည်။

(ခ) ၂၀၂၅ ခုနှစ်၊ ဇန်နဝါရီလ (၁)ရက်နေ့တွင် အသက်(၁၇)နှစ်အောက် မငယ်ရ၊ (၂၀)နှစ်ထက်မကြီးရ။

(ဂ) ၂၀၂၄ ခုနှစ်တွင် ကျင်းပပြုလုပ်ခဲ့သော တက္ကသိုလ်ဝင်စာမေးပွဲတွင် သိပ္ပံဘာသာတွဲဖြင့် ဖြေဆိုအောင်မြင်သူဖြစ်ရမည်။

(ဃ) အနည်းဆုံးအရပ်(၅)ပေ(၃)လက်မ၊ ကိုယ်အလေးချိန်ပေါင်(၁၀၀)ထက်မနည်းရ၊ ပေါင်(၁၄၀)ထက်မကျော်ရ။

(င) မျက်မှန်တပ်ဆင်ထားသူ မဖြစ်စေရ။

၂။ လျှောက်လွှာများအား နီးစပ်ရာ တပ်/ဌာနချုပ်များတွင် အခမဲ့ထုတ်ယူ၍ဖြစ်စေ **Myawady Webportal (www.myawady.net.mm/nurse(male))**တွင် Download ရယူ၍ဖြစ်စေ အောက်ပါစာရွက်စာတမ်းများနှင့်အတူ ၁၆-၁၀-၂၀၂၄ ရက်နေ့မှစ၍ ၁၈-၁၁-၂၀၂၄ ရက်နေ့အတွင်း နီးစပ်ရာ တပ်/ဌာနချုပ်များသို့ လူကိုယ်တိုင်ဖြစ်စေ၊ စာတိုက်မှဖြစ်စေ ပေးပို့လျှောက်ထားရမည်-

(က) နိုင်ငံသားစိစစ်ရေးကတ်ပြား(မိတ္တူ)။

(ခ) တက္ကသိုလ်ဝင်စာမေးပွဲအောင်လက်မှတ်။

(ဂ) အကျင့်စာရိတ္တကောင်းမွန်ကြောင်း သက်ဆိုင်ရာ တိုင်းဒေသကြီး/ပြည်နယ်/မြို့နယ်ရဲတပ်ဖွဲ့စခန်းတစ်ခုခုမှ တင်ပြသည့်နေ့မတိုင်မီ တစ်လအတွင်းရရှိသည့် ထောက်ခံစာ(မူရင်း)။

(ဃ) တစ်လအတွင်းရိုက်ကူးထားသော ပတ်စ်ပို့အရွယ်ရောင်စုံဓာတ်ပုံ(၃)ပုံ။

(င) အိမ်ထောင်စုလူဦးရေစာရင်း(ပုံစံ-၆၆/၆)မိတ္တူ။

(စ) မိဘ/အုပ်ထိန်းသူ၏ သဘောတူညီကြောင်း ထောက်ခံချက်။

၃။ သင်တန်းဝင်ခွင့်အရည်အချင်းစစ်စာမေးပွဲအတွက် အင်္ဂလိပ်စာနှင့် ဇီဝဗေဒဘာသာတွဲတို့ကို တက္ကသိုလ်ဝင်စာမေးပွဲ သင်ရိုးညွှန်းတမ်းအတိုင်း အမှတ်(၃)စစ်ကြောရေးနှင့်တည်းခိုရေးစခန်း၊ နေပြည်တော်၌ ၁-၁၂-၂၀၂၄ ရက်နေ့တွင် ဖြေဆိုကြရမည်ဖြစ်ပါသည်။ **(မေးခွန်းနမူနာပုံစံများအား Myawady Webportal (www.myawady.net.mm/nurse(male))တွင် ဝင်ရောက်လေ့လာနိုင်သည်။)**

၄။ အရည်အချင်းစစ်စာမေးပွဲဖြေဆိုအောင်မြင်သူများသည် ၁၁-၁၂-၂၀၂၄ ရက်နေ့မှ ၁၇-၁၂-၂၀၂၄ ရက်နေ့အတွင်း တပ်မတော်ဗိုလ်ရွေးအဖွဲ့တွင် ဝင်ရောက်အစစ်ဆေးခံရမည်။ တပ်မတော်ဗိုလ်ရွေးအဖွဲ့မှ စစ်ဆေးအောင်မြင်သူများကို စစ်ဘက်ဆိုင်ရာဆေးစစ်ခြင်းများပြုလုပ်၍ ဆေးစစ်အောင်မြင်သူများကို သင်တန်းသားအဖြစ် အတည်ပြုရွေးချယ်မည်။

၅။ သင်တန်းကာလတွင် လစာအဖြစ် ပထမနှစ်(၁၆၈၀၀၀)ကျပ်၊ ဒုတိယနှစ်(၁၇၄၀၀၀)ကျပ်၊ တတိယနှစ်(၁၈၀၀၀၀)ကျပ်၊ စတုတ္ထနှစ် (၁၈၆၀၀၀)ကျပ် ရရှိမည်။

၆။ သင်တန်းအောင်မြင်ပြီးလျှင် မိမိတို့သင်ယူခဲ့သည့် ဘာသာရပ်အလိုက် အောက်ပါဘွဲ့များ အပ်နှင်းပေးမည်-

(က) သူနာပြုသိပ္ပံဘွဲ့ B.N.Sc(Bachelor of Nursing Science)

(ခ) ဆေးဝါးကျွမ်းကျင်မှုသိပ္ပံဘွဲ့ B.Pharm(Bachelor of Pharmacy)

(ဂ) ဆေးဘက်ဆိုင်ရာနည်းပညာဘွဲ့(ဆေးဘက်ဆိုင်ရာဓာတ်ခွဲနည်းပညာ)
B.Med.Tech(Medical Laboratory Technology)

(ဃ) ဆေးဘက်ဆိုင်ရာနည်းပညာဘွဲ့(ဆေးဘက်ဆိုင်ရာခန္ဓာသန်စွမ်းမှုနည်းပညာ)
B.Med.Tech(Physiotherapy)

(င) ဆေးဘက်ဆိုင်ရာနည်းပညာဘွဲ့(ဆေးဘက်ဆိုင်ရာဓာတ်မှန်နှင့်ပုံရိပ်ဖော်နည်းပညာ)
B.Med.Tech(Medical Imaging Technology)

(စ) ခြေတုလက်တုနှင့်အားပြုကိရိယာနည်းပညာသိပ္ပံဘွဲ့
B.Med.Tech(Prosthetics and Orthotics)

၇။ သင်တန်းပြီးမြောက်အောင်မြင်သောအခါ တပ်မတော်ဆေးဝန်ထမ်းတပ်ဖွဲ့တွင် သူနာပြု(Nurse)နှင့် ဆေးဘက်ကျွမ်းကျင်သူများအဖြစ် ခန့်အပ်ပေးမည်ဖြစ်ပြီး သတ်မှတ်အရည်အချင်းနှင့်ကိုက်ညီပါက မိမိတို့သင်ယူခဲ့သည့် ဘာသာရပ်အလိုက် မဟာသိပ္ပံဘွဲ့ (Master of Science) နှင့် ပါရဂူဘွဲ့(Ph.D)သင်တန်းများ တက်ရောက်ခွင့်ရရှိမည်။

၈။ တပ်မတော်ဆေးဝန်ထမ်းတပ်ဖွဲ့တွင် သူနာပြု(Nurse)/ဆေးဘက်ကျွမ်းကျင်သူ(တတိယတန်း) အမှုထမ်းသက်(၁)နှစ်၊ အထက်တန်းသူနာပြု/ဆေးဘက်ကျွမ်းကျင်သူ(ဒုတိယတန်း)အမှုထမ်းသက်(၂)နှစ်၊ စုစုပေါင်း ၃ နှစ် ပြည့်မြောက်ပြီး သက်ဆိုင်ရာတို့မှ ပြန်တမ်းဝင်အရာရှိအဖြစ် အဆင့်တိုးမြှင့်ပေးရန် ထောက်ခံတင်ပြလျှင် ဒုတိယဗိုလ်(အထက်တန်းသူနာပြု/ကျွမ်းကျင်သူ (ဒုတိယတန်း)) အဖြစ် စတင်ခန့်အပ်ပေးမည်။

မှတ်ချက်။ အသေးစိတ်သိရှိလိုပါက မိမိတို့လျှောက်လွှာထုတ်ယူခဲ့သည့် တပ်/ဌာနချုပ်များတွင် စုံစမ်းမေးမြန်းနိုင်သည်။

# တပ်မတော်သူနာပြုနှင့်ဆေးဘက်ပညာတက္ကသိုလ်သင်တန်းသူအမျိုးသမီးများအလိုရှိသည်

၁။ လျှောက်ထားသူသည် အောက်ပါအရည်အချင်းများနှင့်ပြည့်စုံရမည်-

(က) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသား အိမ်ထောင်မရှိဖူးသူ(အပျို)ဖြစ်ရမည်။

(ခ) ၂၀၂၅ ခုနှစ်၊ ဇန်နဝါရီလ (၁)ရက်နေ့တွင် အသက်(၁၇)နှစ်အောက် မငယ်ရ၊ (၂၀)နှစ်ထက်မကြီးရ။

(ဂ) ၂၀၂၄ ခုနှစ်တွင် ကျင်းပပြုလုပ်ခဲ့သော တက္ကသိုလ်ဝင်စာမေးပွဲတွင် သိပ္ပံဘာသာတွဲဖြင့် ဖြေဆိုအောင်မြင်သူဖြစ်ရမည်။

(ဃ) အနည်းဆုံးအရပ်(၅)ပေ(၃)လက်မ၊ ကိုယ်အလေးချိန်ပေါင်(၁၀၀)ထက်မနည်းရ၊ ပေါင်(၁၃၀)ထက်မကျော်ရ။ (အထက်ပါအတိုင်း ကိုယ်အလေးချိန်သတ်မှတ်ထားသော်လည်း အသက်ငယ်ရွယ်သူများဖြစ်သဖြင့် ကိုယ်အလေးချိန်အား ခြွင်းချက်အနေဖြင့် စဉ်းစားပါမည်။)

(င) မျက်မှန်တပ်ဆင်ထားသူ မဖြစ်စေရ။

၂။ လျှောက်လွှာများအား နီးစပ်ရာ တပ်/ဌာနချုပ်များတွင် အခမဲ့ထုတ်ယူ၍ဖြစ်စေ **Myawady Webportal** (www.myawady.net.mm/nurse(female))တွင် Download ရယူ၍ဖြစ်စေ အောက်ပါစာရွက်စာတမ်းများနှင့်အတူ ၁၆-၁၀-၂၀၂၄ ရက်နေ့မှစ၍ ၁၈-၁၁-၂၀၂၄ ရက်နေ့အတွင်း နီးစပ်ရာ တပ်/ဌာနချုပ်များသို့ လူကိုယ်တိုင်ဖြစ်စေ၊ စာတိုက်မှဖြစ်စေ ပေးပို့လျှောက်ထားရမည်-

(က) နိုင်ငံသားစိစစ်ရေးကတ်ပြား(မိတ္တူ)။

(ခ) တက္ကသိုလ်ဝင်စာမေးပွဲအောင်လက်မှတ်။

(ဂ) အကျင့်စာရိတ္တကောင်းမွန်ကြောင်း သက်ဆိုင်ရာ တိုင်းဒေသကြီး/ပြည်နယ်/မြို့နယ်ရဲတပ်ဖွဲ့စခန်းတစ်ခုခုမှ တင်ပြသည့်နေ့ မတိုင်မီ တစ်လအတွင်းရရှိသည့် ထောက်ခံစာ(မူရင်း)။

(ဃ) တစ်လအတွင်းရိုက်ကူးထားသော ပတ်စ်ပို့အရွယ်ရောင်စုံဓာတ်ပုံ(၃)ပုံ။

(င) အိမ်ထောင်စုလူဦးရေစာရင်း(ပုံစံ-၆၆/၆)မိတ္တူ။

(စ) မိဘ/အုပ်ထိန်းသူ၏ သဘောတူညီကြောင်း ထောက်ခံချက်။

၃။ သင်တန်းဝင်ခွင့်အရည်အချင်းစစ်စာမေးပွဲအတွက် အင်္ဂလိပ်စာနှင့် ဇီဝဗေဒဘာသာတွဲတို့ကို တက္ကသိုလ်ဝင်စာမေးပွဲ သင်ရိုးညွှန်းတမ်းအတိုင်း အမှတ်(၃)စစ်ကြောရေးနှင့်တည်းခိုရေးစခန်း၊ နေပြည်တော်၌ ၁-၁၂-၂၀၂၄ ရက်နေ့တွင် ဖြေဆိုကြရမည်ဖြစ်ပါသည်။ **(မေးခွန်းနမူနာပုံစံများအား Myawady Webportal (www.myawady. net.mm/nurse(female))တွင် ဝင်ရောက်လေ့လာနိုင်သည်။)**

၄။ အရည်အချင်းစစ်စာမေးပွဲဖြေဆိုအောင်မြင်သူများသည် ၁၁-၁၂-၂၀၂၄ ရက်နေ့မှ ၁၇-၁၂-၂၀၂၄ ရက်နေ့အတွင်း တပ်မတော်ဗိုလ်ရွေးအဖွဲ့တွင် ဝင်ရောက်အစစ်ဆေးခံရမည်။ တပ်မတော်ဗိုလ်ရွေးအဖွဲ့မှ စစ်ဆေးအောင်မြင်သူများကို စစ်ဘက်ဆိုင်ရာဆေးစစ်ခြင်းများပြုလုပ်၍ ဆေးစစ်အောင်မြင်သူများကို သင်တန်းသူအဖြစ်အတည်ပြုရွေးချယ်မည်။

၅။ သင်တန်းကာလတွင် လစာအဖြစ် ပထမနှစ်(၁၆၈၀၀၀)ကျပ်၊ ဒုတိယနှစ်(၁၇၄၀၀၀)ကျပ်၊ တတိယနှစ်(၁၈၀၀၀၀)ကျပ်၊ စတုတ္ထနှစ် (၁၈၆၀၀၀)ကျပ် ရရှိမည်။

၆။ သင်တန်းအောင်မြင်ပြီးလျှင် မိမိတို့သင်ယူခဲ့သည့် ဘာသာရပ်အလိုက် အောက်ပါဘွဲ့များ အပ်နှင်းပေးမည်-

(က) သူနာပြုသိပ္ပံဘွဲ့ B.N.Sc(Bachelor of Nursing Science)

(ခ) ဆေးဝါးကျွမ်းကျင်မှုသိပ္ပံဘွဲ့ B.Pharm(Bachelor of Pharmacy)

(ဂ) ဆေးဘက်ဆိုင်ရာနည်းပညာဘွဲ့(ဆေးဘက်ဆိုင်ရာဓာတ်ခွဲနည်းပညာ)
B.Med.Tech(Medical Laboratory Technology)

(ဃ) ဆေးဘက်ဆိုင်ရာနည်းပညာဘွဲ့(ဆေးဘက်ဆိုင်ရာခန္ဓာသန်စွမ်းမှုနည်းပညာ)
B.Med.Tech(Physiotherapy)

(င) ဆေးဘက်ဆိုင်ရာနည်းပညာဘွဲ့(ဆေးဘက်ဆိုင်ရာဓာတ်မှန်နှင့်ပုံရိပ်ဖော်နည်းပညာ)
B.Med.Tech(Medical Imaging Technology)

(စ) ခြေတုလက်တုနှင့်အားပြုကိရိယာနည်းပညာသိပ္ပံဘွဲ့
B.Med.Tech(Prosthetics and Orthotics)

၇။ သင်တန်းပြီးမြောက်အောင်မြင်သောအခါ တပ်မတော်ဆေးဝန်ထမ်းတပ်ဖွဲ့တွင် သူနာပြု(Nurse)နှင့် ဆေးဘက်ကျွမ်းကျင်သူများအဖြစ် ခန့်အပ်ပေးမည်ဖြစ်ပြီး သတ်မှတ်အရည်အချင်းနှင့်ကိုက်ညီပါက မိမိတို့သင်ယူခဲ့သည့် ဘာသာရပ်အလိုက် မဟာသိပ္ပံဘွဲ့ (Master of Science) နှင့် ပါရဂူဘွဲ့(Ph.D)သင်တန်းများ တက်ရောက်ခွင့်ရရှိမည်။

၈။ တပ်မတော်ဆေးဝန်ထမ်းတပ်ဖွဲ့တွင် သူနာပြု(Nurse)/ဆေးဘက်ကျွမ်းကျင်သူ(တတိယတန်း) အမှုထမ်းသက်(၁)နှစ်၊ အထက်တန်းသူနာပြု/ဆေးဘက်ကျွမ်းကျင်သူ(ဒုတိယတန်း)အမှုထမ်းသက်(၂)နှစ်၊ စုစုပေါင်း ၃ နှစ် ပြည့်မြောက်ပြီး သက်ဆိုင်ရာတို့မှ ပြန်တမ်းဝင်အရာရှိအဖြစ် အဆင့်တိုးမြှင့်ပေးရန် ထောက်ခံတင်ပြလျှင် ဒုတိယဗိုလ်(အထက်တန်းသူနာပြု/ကျွမ်းကျင်သူ (ဒုတိယတန်း))အဖြစ် စတင်ခန့်အပ်ပေးမည်။

မှတ်ချက်။ အသေးစိတ်သိရှိလိုပါက မိမိတို့လျှောက်လွှာထုတ်ယူခဲ့သည့် တပ်/ဌာနချုပ်များတွင် စုံစမ်းမေးမြန်းနိုင်သည်။


ဘေးကင်းစိတ်ချ လုံခြုံမှုရစေတာ
SIGMA
CABLE & WIRE
COPPER
99.99%
ပင်ရင်းအရောင်းဌာန - ဖုန်း - ၀၉ ၄၄၃၃၆၃၃၉၉၊ ၀၉ ၄၅၀၀၁၈၉၆၂
KHA YAE PIN MART - မင်္ဂလာဒုံ၊ ပြည်လမ်း၊ ရန်ကုန်မြို့၊ ဖုန်း - ၀၉ ၆၇၁၄၄၃၅၅၅
STARMART Nay Pyi Taw - ရန်ကုန် -မန္တလေး လမ်းဟောင်း၊ ရွာကောက်ရပ်၊ ပျဉ်းမနား။ ဖုန်း - ၀၉ ၆၈၅၁၁၉၀၇၇
STARMART MANDALAY Wholesale -၂၆လမ်းနှင့်၆၆လမ်းထောင့်၊ မန္တလေးမြို့၊ ဖုန်း - ၀၉ ၆၆၁၇၀၂၂၄၄
STARMART nine mile Showroom - (၉)မိုင်၊ ပြည်လမ်း၊ ရန်ကုန်မြို့၊ ဖုန်း - ၀၉ ၃၀၈၆၀၁၈၀
နိုင်ငံတကာ အဆင့်မီ ဒီဇိုင်းပုံစံဖြင့် သေသပ်လှပစွာ အထူးစီမံ ထုတ်လုပ်ထားပါသည်။


အရည်အသွေးမြင့်မား တာယာ မှာ
TRISTAR
TBB,TBR,PCR
တာယာအရွယ်အစားမျိုးစုံအပြင်
ဆိုင်ကယ်တာယာများကိုပါ
ထုတ်လုပ်ဖြန့်ဖြူး
ရောင်းချလျက်ရှိပါသည်။
THE BEST QUALITY TYRE
ပင်ရင်းအရောင်းဌာန -ဖုန်း - ၀၉ ၂၅၄၂၇၂၈၄၃၊ ၀၉ ၄၅၃၂၅၅၅၄၅
KHA YAE PIN MART-မင်္ဂလာဒုံ၊ ပြည်လမ်း၊ ရန်ကုန်မြို့၊ ဖုန်း - ၀၉ ၆၇၁၄၄၃၅၅၅
STARMART nine mile Showroom - (၉)မိုင်၊ ပြည်လမ်း၊ ရန်ကုန်မြို့၊ ဖုန်း - ၀၉ ၃၀၈၆၀၁၈၀
STARMART MANDALAY Wholesale-၂၆လမ်းနှင့်၆၆လမ်းထောင့်၊ မန္တလေးမြို့၊ ဖုန်း - ၀၉ ၆၆၁၇၀၂၂၄၄
STARMART Nay Pyi Taw-ရန်ကုန် -မန္တလေး လမ်းဟောင်း၊ ရွာကောက်ရပ်၊ ပျဉ်းမနား။ ဖုန်း - ၀၉ ၆၈၅၁၁၉၀၇၇


အောင်သစ္စာဦးအထွေထွေအာမခံကုမ္ပဏီလီမိတက်
"ဆုံးရှုံးမှုအန္တရာယ်ဘေး
မျှဝေခံစားပေးမှာ
အောင်သစ္စာဦး အာမခံပါ"
Hotline - 09-450450561, 09-450450562, 09-450450563
AUNG THITSA OO INSURANCE


Central Hotel
YANGON
ကျန်းမာရေးစံနှုန်းသတ်မှတ်ချက်များနှင့်အညီ
ပြီးပြည့်စုံသော ဝန်ဆောင်မှု . . .
အမှတ် (၃၅၃~၃၅၇)၊ ဗိုလ်ချုပ်အောင်ဆန်းလမ်း၊ ပန်းဘဲတန်းမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း - (၉၅-၁) ၈၂၄၁၀၀၁ ~ ၈၂၄၁၀၀၇

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက်(၉)ရပ်

**၁။ နိုင်ငံရေး**

(က) စစ်မှန်၍ စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့်ဖက်ဒရယ်စနစ်ကိုအခြေခံသည့်ပြည်ထောင်စုကိုတည်ဆောက်နိုင်ရေး။

(ခ) တစ်နိုင်ငံလုံးထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ်(NCA) ပါအတိုင်း အလေးထားလုပ်ဆောင်ရေး။

(ဂ) ပြည်သူလူထု၏ လူမှုစီးပွားဘဝလုံခြုံရေးအတွက် ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေးအပြည့်အဝရရှိစေရန် အလေးထားလုပ်ဆောင်ရေး။

**၂။ စီးပွားရေး**

(က) တိုင်းပြည်သာယာဝပြောရေးနှင့်စားရေရိက္ခာဖူလုံရေးတို့အတွက် တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့် အကျိုးဝင်သော စိုက်ပျိုးရေးနှင့်မွေးမြူရေးကို ခေတ်မီနည်းစနစ်များဖြင့် တိုးတက်အောင်ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။

(ခ) တိုးတက်ကောင်းမွန်လာသည့်စီးပွားရေးမောင်းနှင်အားကို မဏ္ဍိုင်ပြု၍ MSME စက်မှုလုပ်ငန်းများကို အားပေးဆောင်ရွက်ကာ ပို့ကုန်ကဏ္ဍမြှင့်တင်ရေး။

(ဂ) ပြည်တွင်းစားသုံးဆီဖူလုံရေးအတွက် ဆီထွက်သီးနှံစိုက်ပျိုးမှုကိုအားပေးမြှင့်တင်ပြီး ပန်းတိုင်ရည်မှန်းချက်အတိုင်း ထွက်ရှိအောင်ဆောင်ရွက်၍ နိုင်ငံအတွင်းဖူလုံမှုမှသည် ပြည်ပသို့တင်ပို့နိုင်သည်အထိ ကြိုးပမ်းဆောင်ရွက်ရေး။

**၃။ လူမှုရေး**

(က) တစ်နိုင်ငံလုံး အသိပညာ၊ အတတ်ပညာမြင့်မားတိုးတက်စေရေး၊ ကုန်ထုတ်လုပ်မှုအထောက်အကူပြုပညာရှင်များ ထွန်းကားလာစေရေးအတွက် လူတိုင်းလက်လှမ်းမီသည့် ဘက်စုံပညာရေးစနစ်ကိုအကောင်အထည်ဖော်ဆောင်ရေး။

(ခ) တစ်မျိုးသားလုံး သက်ရှည်ကျန်းမာကြံ့ခိုင်ရေးအတွက် ပြည်သူအားလုံးအကျိုးဝင်မည့် ကျန်းမာရေးကဏ္ဍနှင့် အားကစားကဏ္ဍမြှင့်တင်ဆောင်ရွက်ရေး။

(ဂ) နိုင်ငံ၏ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်များ၌ လူငယ်များအနေဖြင့် အဓိကစွမ်းအားစုအဖြစ်ပါဝင်နိုင်ရေး ဗလငါးတန်နှင့်ပြည့်စုံသောလူငယ်များဖြစ်စေရန် လူငယ်ကဏ္ဍကိုမြှင့်တင်ဆောင်ရွက်ရေး။

---


❖ **လူငယ်များအနေဖြင့် ဘဝတွင်အောင်မြင်တိုးတက်ရန်အတွက် စည်းကမ်းရှိရန်၊ ဥပဒေများကိုလေးစားလိုက်နာတတ်ရန်လည်းလို . . .**

❖ **နိုင်ငံတော်ကချမှတ်ထားသည့် စည်းကမ်းများ၊ ဥပဒေများကို လေးစားလိုက်နာမှသာ အပြစ်အနာအဆာကင်းပြီး တန်ဖိုးရှိသည့် နိုင်ငံသားကောင်းများအဖြစ် နိုင်ငံကိုအကျိုးပြုနိုင်မည်ဖြစ် . . .**

(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်၏ ၂၀၂၄ ခုနှစ်၊ ဇူလိုင်လ ၂၂ ရက်နေ့တွင် ပြုလုပ်သော ၂၀၂၄ ခုနှစ်၊ တက္ကသိုလ်ဝင်စာမေးပွဲတွင် ဘာသာစုံဂုဏ်ထူးဖြင့် ထူးချွန်စွာအောင်မြင်ခဲ့သည့် ကျောင်းသား၊ ကျောင်းသူများအား ဂုဏ်ပြုဆုချီးမြှင့်ပွဲအခမ်းအနားသို့ တက်ရောက်အမှာစကားပြောကြားမှုမှ ကောက်နုတ်ချက်)

---

## မုန်တိုင်းငယ်၏လက်ရှိအခြေအနေမှာ မြန်မာနိုင်ငံဘက်သို့ဦးတည်ရွေ့လျားမည့်အခြေအနေမရှိ




နေပြည်တော် အောက်တိုဘာ ၁၆

ယနေ့ညနေ ၅ နာရီခွဲအချိန် တိုင်းထွာချက်များအရ ဘင်္ဂလားပင်လယ်အော် အနောက်တောင်ပိုင်းနှင့် ယင်းနှင့်ဆက်စပ်လျက်ရှိသော ဘင်္ဂလားပင်လယ်အော် အနောက်အလယ်ပိုင်းတို့တွင်ဖြစ်ပေါ်နေသော မုန်တိုင်းငယ် (Depression)သည် အနောက်-အနောက်မြောက်ဘက်သို့ရွေ့လျားခဲ့ပြီး မြန်မာနိုင်ငံ ကိုကိုးကျွန်းမြို့(Coco Island)၏ အနောက်-အနောက်တောင်ဘက်ရေမိုင် ၆၃၀ မိုင်ခန့်၊ အိန္ဒိယနိုင်ငံ၊ ချင်းနိုင်မြို့(Chennai)၏ အရှေ့-အရှေ့တောင်ဘက် ရေမိုင် ၁၄၅ မိုင်ခန့်အကွာ ပင်လယ်ပြင်ကို ဗဟိုပြုနေပါသည်။

စာမျက်နှာ ၂၅ ကော်လံ ၄ ●

---

**ဆောင်းပါး**

သဘာဝသာယာ မင်္ဂလာရှိရာ သီတင်းကျွတ်ချိန်ခါ

စာ - ၁၀ သို့

---

## အများပြည်သူလူထု ခရီးသွားလာမှုအဆင်ပြေချောမွေ့စေရေးအတွက် မြန်မာ့မီးရထားက လူစီးရထားများ အချိန်မှန်ကန်ရေး၊ သွားလာမှုအဆင်ပြေစေရေး စီစဉ်ဆောင်ရွက်ပေးလျက်ရှိ




နေပြည်တော် အောက်တိုဘာ ၁၆

ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန မြန်မာ့မီးရထား အနေဖြင့် အများပြည်သူလူထု ရထားဖြင့် ခရီးသွားလာမှုအဆင်ပြေချောမွေ့စေရေးအတွက် အဓိကရထားလမ်းပိုင်းများဖြစ်သည့် ရန်ကုန်-မန္တလေးလမ်းပိုင်း၊ ရန်ကုန်-ပြည်လမ်းပိုင်း၊ ရန်ကုန်-မော်လမြိုင်လမ်းပိုင်းများနှင့် ရန်ကုန်မြို့ပတ်နှင့် ဆင်ခြေဖုံးလမ်းပိုင်းများတွင်သာမက အခြားလမ်းပိုင်းများဖြစ်သော ပုသိမ်-ဟင်္သာတ-ကြံခင်းလမ်းပိုင်း၊

စာမျက်နှာ ၁၆ ကော်လံ ၁ ❑

---

## အကြမ်းဖက်မှုပပျောက်ရေးအတွက် ပြည်သူသို့ အသိပေးနှိုးဆော်ချက်

၁။ ပြည်သူအတွက်ဟုသုံးနှုန်း၍ ရဟန်းသံဃာများ၊ ဆရာ၊ ဆရာမများအပါအဝင် နိုင်ငံ့ဝန်ထမ်းများနှင့် ပြည်သူကို သတ်ဖြတ်၊ လုယက်ခြင်းကို CRPH ၊ NUG ၊ PDF အမည်ခံအကြမ်းဖက်အုပ်စုများက ဥပဒေမဲ့ကျူးလွန်နေသည်။

၂။ ခြိမ်းခြောက်၊ လူသတ်၊ အဖျက်အမှောင့်လုပ်ရပ်များ လုပ်ဆောင်နေသည့် CRPH၊ NUG၊ PDF အကြမ်းဖက်သမားများကို အားပေးမှု၊ ထောက်ခံမှု၊ ကူညီထောက်ပံ့မှုမပြုခြင်းသည် ပြည်သူလူထု၏အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

၃။ ယင်းတို့၏ လက်နက်/ခဲယမ်းကိုင်တွယ်သယ်ဆောင်မှုနှင့် အကြမ်းဖက်သမားတို့၏သတင်းကို လျှို့ဝှက်ပေးပို့ခြင်းသည် အပြစ်မဲ့ပြည်သူများ၏အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

---

